
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး၊ အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ ...ာက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုး... စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်... ရေး

# ခေါပြည့်ရတနာ

# မိုးတစ်ညရဲ့အကြောင်း

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၁၅၀၈၁၂၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၁၂၄၀၂၀၈
ကွန်ပျူတာစာစီ ဒွန်း
ဒီဇိုင်း ကိုတင်အောင် (ရုပ်မြင်)
ထုတ်ဝေခြင်း ပထမအကြိမ်
၂၀၀၈ ခု၊ ဖေဖော်ဝါရီ
တန်ဖိုး (၁၀၀)ကျပ်
စာအုပ်ရေ (၅၀၀)အုပ်
ထုတ်ဝေသူ ဒေါ်စိန်လှလှသန်းရင်(၃၆၆၀)
စောပြည့်ဝန်းစာပေ၊ အမှတ်(၁)၊
(၂၂၇/၂၂၉)၊ ၁၅၁လမ်းနှင့်ကျိုက္ကဆံလမ်း၊
ဖျိုင်းရွာမရပ်ကွက်၊ ကျောက်မြောင်း၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်
အတွင်းပုံနှိပ်သူ ဒေါ်ခင်ခင်ဝင်း (ကလျာပုံနှိပ်တိုက်)(၀၂၆၇၀)
(၁၅၂) ကျွန်းချွေမြိုင်လမ်း၊
စုပေါင်းအိမ်ယာရပ်ကွက်၊
သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖြန့်ချိရေး စောပြည့်ဝန်းစာပေ၊ အမှတ်(၁)၊
(၂၂၇/၂၂၉)၊ ၁၅၁လမ်းနှင့်ကျိုက္ကဆံလမ်း၊
ဖျိုင်းရွာမရပ်ကွက်၊ ကျောက်မြောင်း၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
၀၁-၅၄၉၂၇၀

## (တစ်)

မှိုင်းအုံ့ညိုမည်းနေသော ကောင်းကင်မျက်နှာမှ နာကြည်းမှုဖြင့် မျက်ရည်မိုးတို့ ရွာသွန်းဖြိုးနေသည်က တအုန်းအုန်း။ အချိန်အားဖြင့် ခြောက်နာရီထိုးလုလုသာရှိမည်ဖြစ်သော်လည်း မိုးရေတို့နှင့် ညိုမည်းနေသောကောင်းကင်ကြောင့် လောကတစ်ခွင်ကား ဘာမျှ သဲကွဲစွာ မမြင်ရလောက်အောင်ရှိနေရချေ၏။

မိုးရေများဖြင့် လမ်းပေါ်မှ ကားဘီးသံကတရှဲရှဲ၊ ကားရေသုတ်တံလေးနှစ်ချောင်းသည်ပင်လည်း တအိအိဖြင့် မိုးရေများအား



www.burmeseclassic.com

www.burmeseclassic.com



မနိုင်ရကန်ရှိနေရ၏။

"ဒုက္ခပါပဲ၊ ဘာမှကိုမမြင်ရအောင် ဖြစ်နေပြီ. . ."

သက်ထားနွယ်သည် နှုတ်မှစိတ်ပျက်သံလေး ညည်းညူဆိုရင်း ကားရှေ့မီးနှစ်လုံးကိုဖွင့်၍ သတိကြီးစွာဖြင့် တဖြည်းဖြည်းပင် မောင်းနှင်နေရလေ၏။

ဌာနဆိုင်ရာ ရုံးကြီးတစ်ရုံးသို့ အရာရှိအဖြစ် ပြောင်းရွှေ့တာဝန်ယူဆောင်ရွက်ရတော့မည့် သက်ထားနွယ်သည် စနေ၊ တနင်္ဂနွေခံနေရ၍ အလုပ်မဝင်ရသေးခင်စပ်ကြား၌ ပြည်မြို့မှ အလည်ရောက်လာသော အချစ်ဆုံးသူငယ်ချင်း ဒေါက်တာခိုင်ခိုင်ဦးအား ပြန်လိုက်ပို့ရင်း မိမိလည်း အလည်အပတ်သွားရင်းဖြင့် တစ်ညအိပ်ခရီးဖြင့် ပြည်မြို့မှ ယခုပြန်လာခြင်းဖြစ်၏။

စောစောပိုင်းက တစ်ချိန်လုံးမောင်းလာခဲ့သည်မှာ စိတ်ကြည်နူးစရာဖြစ်ခဲ့ရသလောက် ယခုသော် မှောင်မည်းနေသော မိုးသားများနှင့် အုန်းအုန်းထရွာနေသော မိုးရေတို့ကြောင့် ကားမောင်းရသည်မှာ စိတ်ညစ်ညူး၍နေတော့၏။

"ဟင်း တော်သေးတာပေါ့၊ တိုက်ကြီးတော့လွန်လာပြီ၊ ရှေ့မှာ





မှော်ဘီရောက်ပြီး လွန်ရင်တော့ ကိစ္စမရှိတော့ပါဘူး. . ."

ခရီးသွားဖော်မပါ၍ မိမိတစ်ကိုယ်တည်းပင် သက်ထားနွယ်သည် တီးတိုးစကားဖြင့် အားပေးနေဖြစ်၏။

"တီး တီး တီး. . ."

မိမိကားလေးကို သတိကြီးစွာဖြင့် မှန်မှန်မောင်းနှင်နေဆဲ နောက်ဘက်မှ ကားဟွန်းတီးသံ၊ လမ်းတောင်းသံကို နွယ် သဲ့သဲ့ကြားလိုက်ရ၏။

ဒီကားကလည်း ဘာများ ဒီလောက်တောင် အရေးကြီးနေလဲမသိဘူး၊ ဒီလောက်မှောင်မည်းပြီး မိုးကြီးလေကြီးထဲမှာ ဘာဖြစ်လို့များ ကားကိုမြန်မြန်မောင်းချင်နေရလဲမသိဘူး. . .။

သက်ထားနွယ် စိတ်ထဲမှဆိုရင်း နောက်ကြည့်မှန်ဆီ တစ်ချက်ကြည့်သည်။ နောက်ဘက်မှကား၏ မီးထိုးထားသော မီးနှစ်လုံးကိုသာတွေ့ရသည်။ အဝေးကြီးကပင် ကားဟွန်းသံကိုလည်း တတီတီနှိပ်ဆဲရှိနေ၏။

သက်ထားနွယ်သည် စိတ်ထဲအသည်းယားသွားရသလိုရှိပြီး ထိုကားအား ဂရုမစိုက်တော့၊ တူရူသို့သာ ဂရုစိုက်ကြည့်ရင်း မိမိ



www.burmeseclassic.com

www.burmeseclassic.com



ကားကိုသာ ဆက်မောင်းသည်။ တစ်နေရာအရောက်မတော့ မိုးရေချိုးရင်း ဆော့ကစားဟန်ရှိသော ကလေးငယ်တစ်ယောက်နှင့် ခွေးတစ်ကောင်အား သက်ထားနွယ် တွေ့လိုက်ရ၏။

"တီး တီး. . ."

အနောက်မှလည်း စောစောက ဟွန်းတီးလာသောကားသည် သက်ထားနွယ်ကားအား ကျော်တက်ရန် အသင့်ရှိနေပြီဖြစ်သည်။ သက်ထားနွယ်သည် ရှေ့မှဘာမှနားမလည်သော ကလေးနှင့်ခွေး အန္တရာယ်ကိုစိုးရိမ်စွာဖြင့် မှန်းဆတွက်ချက်ကာ ကားအရှိန်ကို မသိမသာလျှော့ချဆဲ ကလေးနှင့်ခွေးသည် ကားလမ်းတစ်ဘက်သို့အပြေး နောက်မှကားသည်ကျော်အတက်. . .

"ဒိုး. . ."

"ကျွီး. . ."

"ကျွီး. .၊ အား ဒိုင်း. . ."

စက္ကန့်အနည်းငယ်အတွင်း သက်ထားနွယ်ကား ဘာဖြစ်၍ ဖြစ်သွားမှန်းမသိလိုက်တော့သည်က အမှန်ပါပင်တည်း။

"ဒေါက်. .ဒေါက်. .ဒေါက်. . ."





"ဒေါက်. .ဒေါက်. . .ဒေါက်. . ."

မိနစ် နာရီတွေမည်မျှအထိ ကြာသွားသည်မသိပါ။ နားထဲအသိထဲ တဒေါက်ဒေါက်ခေါက်သံမျိုး ကြားမိရာမှ သက်ထားနွယ်သည် အနည်းငယ်လှုးလွန့်လာ၏။

"ဟော ဟော အထဲမှာ လှုပ်လာပြီ၊ သတိရလာပြီ"

"တောက်လျှောက် ကားတွေတိုက်ပြီး သူ့ဟာသူသတိလစ်သွားတာနေမှာပေါ့. . ."

"ဟုတ်မယ်၊ မိုးရေတွေနဲ့ကလည်း စလစ်ဖြစ်နိုင်တယ်လေ"

စကားသံတွေကိုပါ သက်ထားနွယ် ကြားလိုက်ရသည်။ သက်ထားနွယ်သည် မူးနောက်ဝေဟုန် ထုံထိုင်းနေသလိုဖြစ်သော မိမိ၏ ဦးခေါင်းအား အတန်ထိန်းပြီး မျက်ဝန်းအစုံအား ညင်သာစွာဖွင့် ကြည့်ရန် ကြိုးစားသည်။

တတွတ်တွတ်နှင့် တီးတိုးစကားသံတွေကိုမူ နားထဲ၌ မသဲမကွဲဆက်ကြားနေဆဲရှိ၏။ အသံဗလံတွေမှာ လူတစ်ယောက် နှစ်ယောက်ထက်မနည်းသော အသံတွေဟုလည်း ခန့်မှန်းမိ၏။

"ဒေါက်. .ဒေါက်. .ဒေါက်. . ."



www.burmeseclassic.com

www.burmeseclassic.com



မိမိနှင့်အနီးကပ်ဆုံး၌ တဒေါက်ဒေါက်ဖြင့် ခေါက်သံကို ကြားရပြန်သည်။ သက်ထားနွယ်သည် မှုံမှိုက်ထုံဝေနေသော မိမိ ဦးခေါင်းဆီ လက်ကလေးတစ်ဖက်ဖြင့် စမ်းကိုင်ဖြစ်ရင်းမှ. . .

“အား ကျွက် ကျွတ်. . .”

ညည်းတွားရင်းမှ သက်ထားနွယ်သည် မိမိမျက်ဝန်းလေးထဲ၌ ဘာမှန်းမသိသော အက္ခရာတစ်လုံးနှင့် ဂဏာန်းလေးတွေကို ထင်ထင်ရှားရှား မြင်တွေ့မိရသလိုရှိ၍ မိမိ၏နာကျင်မှုပင် ပျောက်ကွယ်သွားသလို ရှိသွားရချေ၏။

“ဒေါက်. .ဒေါက်. .အမျိုးသမီး. .ခင်ဗျားသတိရပြီ မဟုတ်လား. . .”

မိမိအနား၌ ထပ်၍ခေါက်သံနှင့်အတူ စကားသံကိုပါ ကြားလိုက်ရ၍ သက်ထားနွယ်သည် မျက်ဝန်းအစုံအား ဖျတ်ခနဲဖွင့်ကြည့်လိုက်သည်မတော့ ကားများမှထိုးထားကြသော မီးရောင်များကြားမှ အက္ခရာတစ်ခုနှင့် ဂဏာန်းများအား ဒုတိယမ္ပိ သက်ထားနွယ်မျက်ဝန်းလေးဝယ် ထင်ရှားစွာတွေ့မြင်မိလိုက်ရပြန်ပါ၏။

သို့သော် သက်ထားနွယ်သည် ထိုသဘောတရားများအား





ဘာမျှနားမလည်မိသည်ကအမှန်ပါ။

လက်ရှိ မိမိအခြေအနေနှင့်အဖြစ်အား မိမိသိရှိနေရသည်က မိမိပတ်ဝန်းကျင်တွင် လူတွေအများကြီးနှင့် မီးတွေထိုးထားသည့် လေးငါးခြောက်စီးထက်မနည်းသော ကားတွေကို သက်ထားနွယ် တွေ့မြင်နေရချေ၏။

“ကားမှန်ချပါဦး. . .”

မိမိကားမှန်ဆီလက်ညှိုးထိုးပြီး လူတစ်ယောက်၏စကားသံအား သက်ထားနွယ် သဲ့သဲ့ကြားရသည်။

သက်ထားနွယ်သည် ဘာတွေဘယ်လိုဖြစ်နေမှန်းမသိ၍ အားလုံးကို ငေးကြောင်၍ ကြည့်နေဖြစ်၏။

ထိုအထဲမှ မျက်လုံးထဲတွင်လည်း အက္ခရာတစ်ခုနှင့် ဂဏာန်းတွေကို တစ်ချက်တစ်ချက် မြင်ယောင်နေမိ၏။

သက်ထားနွယ်သည် ကားမှန်ကိုဖွင့်ပေးရင်း မိမိအားကြည့်နေသော လူတွေဆီပြန်ကြည့်မိသည်။ ခုမှ သက်ထားနွယ်သည် မိမိအား ကြည့်နေသော လူတွေဆီ သတိထားကြည့်မိမှ ရှုပ်ထွေးနေသော ဦးခေါင်းထဲမှအသိသည် အနည်းငယ်တုန်လှုပ်သွားဟန်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



မှန်သည်။ အဘယ်ကြောင့်ဆိုသော် မိမိအား ကြည့်သော လူများကား အခြားမဟုတ်၊ မော်တော်ပီကယ်အရာရှိများနှင့် ရဲတပ်ဖွဲ့ဝင်များ ဖြစ်နေရသောကြောင့်ပါတည်း။

"အမျိုးသမီး..ခင်ဗျားနာမည် ဘယ်လိုခေါ်လဲ. . ."

"ရှင် ကျွန်မနာမည်. . ."

မော်တော်ပီကယ်အရာရှိ၏ မေးခွန်းအတွက် သက်ထားနွယ်သည် နားမလည်သလို၊ အံ့သြနေသလိုပြန်မေးဖြစ်သည်။ မော်တော်ပီကယ်နှင့် ရဲအရာရှိသည် သက်ထားနွယ်၏မျက်နှာလေးသည် စူးစိုက်ကြည့်နေလိုက်ကြသည်။

သက်ထားနွယ်သည်လည်း ထိုအရာရှိများအား ပြန်လည်ငေးကြည့်ရင်းမှ မိမိ၏နဖူးစပ်ကလေးတွင် စစ်ခနဲခံစားလိုက်ရသော နာကျင်မှုအတွက် ဆံနွယ်လေးများရှိသော နဖူးကလေးနားဆီ လက်ကလေးဖြင့် ကိုင်စမ်းကြည့်လိုက်သည်မတော့. . .

"အို. . ."

သွေးတွေကိုမြင်၍ သက်ထားနွယ် တုန်လှုပ်ချောက်ချားသွားဟန်လေးကို တွေ့လိုက်ကြရသည်။ သက်ထားနွယ်သည် သွေးတွေကို





ကြည့်၊ လူတွေဆီကြည့်နှင့် မိမိအခြေအနေ ဘာဖြစ်၍ဖြစ်မှန်းမသိရှိနေ၏။

"ကျွန်တော့်ကိုလိုင်စင်နဲ့ ဝိတက်လေးတစ်ချက်ပြပါဦး"

လိုင်စင်နဲ့ဝိတက်ပြန်ရန် မော်တော်ပီကယ်အရာရှိ တောင်းကြည့်သည်တွင် သက်ထားနွယ် ယူထုတ်ပြသည်။

"ဒေါ်သက်ထားနွယ်. . ."

"ရှင်. . ."

လိုင်စင်နှင့်ဝိတက်ကိုကြည့်ပြီး အရာရှိခေါ်လိုက်သည်တွင် သက်ထားနွယ် ထူးသည်။

ရဲအရာရှိနှစ်ယောက်မှာ သက်ထားနွယ် အသွင်လေးဆီကြည့်ရင်း ကိုယ်စီ အကဲခတ်နေကြဟန်ရှိ၏။

"ကျွန်မ ဘာဖြစ်လို့လဲ. . ."

"ဗျာ. . ."

သက်ထားနွယ်အမေးတွင် အရာရှိနှစ်ယောက်မှာ မျက်ခုံးအစုံမြင့်တက်သွားပြီး အံ့သြစွာ ဗျာမိသွားကြရ၏။

ပြီးမှ မော်တော်ပီကယ်အရာရှိသည် သက်ထားနွယ်ထံ စူးစိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင်း. . .

"ဒေါ်သက်ထားနွယ် ကားတိုက်မှုဖြစ်တယ်လေ၊ ရွာထဲက ကလေးတစ်ယောက် ဆုံးသွားတယ်၊ ကလေးကိုတိုက်ပြီး အရှိန်မထိန်းနိုင်ဘဲ ခင်ဗျားကားက လမ်းဘေးထိုးကျပြီး ဒီဓာတ်တိုင်နဲ့ ခုလိုဝင်တိုက်နေတာပဲ. . ."

"ရှင်. . ."

မော်တော်ပီကယ်အရာရှိ၏ စကားများအား အံ့သြစွာနားထောင်ရင်း သက်ထားနွယ်နှုတ်မှ ရှင်ခနဲထိတ်လန့်စွာ ထွက်ပေါ်ဖြစ်၏။

မော်တော်ပီကယ်စကားများနှင့်အညီ မိမိအခြေအနေအား မိမိပြန်လည်ဆန်းစစ်လျှင် အမှန်ပင် မော်တော်ပီကယ်အရာရှိပြောသော စကားနှင့်အညီရှိနေရသည်မဟုတ်ပါလား။

"ကျွန်မ ကလေးတစ်ယောက်ကို တိုက်သတ်လိုက်တယ်ဟုတ်လား. . ."

"ဟုတ်တယ်၊ ကလေးအလောင်းက ဟိုဘက်ကိုလွင့်စဉ်သွားတယ်. . ."





"အို. .မြတ်စွာဘုရား. . ."

အသားများဆတ်ဆတ်တုန်သည်အထိ သက်ထားနွယ်သည် ထိခိုက်ချောက်ချားသွားရရှာ၏။ မော်တော်ပီကယ်အရာရှိမှာ သက်ထားနွယ်၏ ဖြူဆုပ်သွားသော မျက်နှာလေးဆီကြည့်ပြီး စကားဆက်ဆိုသည်။

"ခင်ဗျားကား ဓာတ်တိုင်နဲ့အဆောင့်မှာ ခင်ဗျားခေါင်းနဲ့ စတီယာတိုင်နဲ့ဆောင့်မိလို့ ခင်ဗျားသတိလစ်သွားတာ၊ ကျွန်တော်တို့ အတန်ကြာသည်အထိ စောင့်နေရတယ်၊ အခုခင်ဗျားကို တာဝန်ရှိသူတွေက တာဝန်အရဆောင်ရွက်ရတော့မှာပါ၊ ခင်ဗျား ဘာပြောချင်သေးလဲ. . ."

"ကျွန်မဘာပြောရဦးမလဲ၊ ကျွန်မမှာအပြစ်ရှိနေတာ ထင်ရှားနေတာပဲ၊ ဒါပေမယ့်. . ."

"ဒါပေမယ့် ဘာဖြစ်လဲ. . ."

"ကျွန်မကိုယ်ကျွန်မ အံ့သြနေတာပဲ၊ ကျွန်မ ဒီပြစ်မှုကို မကျူးလွန်ဘူးလို့ပဲ ကျွန်မကိုယ်ကျွန်မထင်တယ်. . ."

"အေးလေ၊ ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ၊ လောလောဆယ်တော့



www.burmeseclassic.com

www.burmeseclassic.com



အမှုကိုခင်ဗျားရင်ဆိုင်ရတော့မယ်၊ အမှုက ဖွင့်ပြီးသားဖြစ်နေပြီ"

"ဒါပေါ့လေ. . ."

သက်ထားနွယ်နှုတ်မှ အားလျော့စွာပင်ဆိုဖြစ်သည်။ သည့်နောက်မတော့ ထိုညက မှော်ဘီပိုင်ရဲစခန်း၌ပင် သက်ထားနွယ်သည် တာဝန်ရှိသူများ၏ ဆောင်ရွက်ချက်အရနေခဲ့ရရှာပါလေသတည်း။

♡ ♡ ♡



(နှစ်)

လှုပ်ရှားမှုက ခံ့ခံ့ညားညားနှင့် လေးလေးနက်နက်ရှိလှ၏။ ထည်ဝါခမ်းနားလွန်းသည်ဟုလည်း ဆိုကမမှား။ သူ ထိုင်နေသော ဆုံလည်ဆိုဖာကုလားထိုင်နှင့် သူ့ရှေ့တွင်ရှိသော အဝါရောင်ပေါ်လစ်တင်ထားသည့် ကျွန်းစားပွဲကြီးကပင် ကြီးကျယ်ခမ်းနားလွန်း၏။ သူသည် လုပ်စရာရှိသော စာရွက်စာတမ်းများအား စစ်ဆေးပြီးနောက် လက်မှတ်တွေကို တစ်ခုချင်းထိုးသည်။

ပျိုမျစ်၍ သန့်ပြန့်သော သူ့လက်ချောင်းများသည် ဂုဏ်ကျက်သရေရှိသောတာဝန်နှင့် အလုပ်များအား နေ့စဉ်ဆောင်ရွက်နေသည်ပါ။ သူ့အသွင်နှင့် သူ့လှုပ်ရှားမှု၊ သူ့ဟန်ပန်ကိုကြည့်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



အားဖြင့် သူသည် ကြီးမြတ်သောအသိုင်းအဝိုင်းနှင့် ကိုယ်တိုင်၌လည်း ကြီးမြင့်သော ဂုဏ်အရှိန်အဝါများရှိနေကြောင်း ထင်ရှားသိသာလှပါ၏။

မှန်သည်။ သူ၏အသိုင်းအဝိုင်းမျိုးရိုးကြီးကား ခေတ်အဆက်ဆက်မှ ကြွယ်ဝချမ်းသာခြင်းနှင့် ကြီးမားမြင့်မြတ်သော ရာထူးရာခံများသာ ပိုင်ဆိုင်ကာ ခံစားစံမြန်းခဲ့သည့် ကြီးမားကျယ်ပြန့်သော ဂုဏ်အရှိန်ရောင်ဝါတို့ တောက်ပသော မျိုးရိုးကြီးရယ်ပါတည်း။

ယခုလက်ရှိ သူကိုယ်တိုင်ကပင်လည်း အရှေ့ပါအရာရောက်ဆုံးသော ရုံးကြီးတစ်ရုံး၌ ထိပ်တန်းအရာရှိကြီးတစ်ဦး။ အသက်အားဖြင့် သုံးဆယ်ကျော်ခန့်သာရှိဦးမည်ဖြစ်သော်လည်း သူ့ပညာ သူ့အရည်အချင်းကဖြင့် ကြီးမြင့်လွန်း၏။ စည်းစနစ်ကြီးလွန်းသော မျိုးရိုးမှဆင်းသက်လာသည့် သူသည်လည်း စည်းကမ်းဥပဒေနှင့် တာဝန်များအား မှန်ကန်တိကျလေးနက်စွာ သူဆောင်ရွက်တတ်၏။

တာဝန်နှင့်လူမှုရေးပိုင်းကိုလည်း ခွဲခြားနားလည်တတ်သူပါ။ ဖြောင့်မတ်သော တည်ကြည်သော တည်ငြိမ်သော မွန်ရည်သော သူ့စိတ်ဓာတ်နှင့် သူ့လုပ်ဆောင်မှုတွေကြောင့်လည်း သူ့လက်အောက်





ရှိ ရုံးကြီးတစ်ရုံးလုံးမှ လူများနှင့် အသိမိတ်ဆွေအပေါင်းအသင်းများသည် သူ့အား အထူးပင် ချစ်ခင်လေးစားကြ၏။

သူသည် အသေးအဖွဲ အလုပ်ကလေးကပင်အစ ဂရုစိုက်အလေးအနက်ထားတတ်သူပါ။ ယခုလည်း သူသည် မအားလပ်သည့်ကြားမှ မလုပ်ဖြစ်သေးသည့် အလုပ်တစ်ခုအတွက်၊ ခေါင်းထဲထည့်ထားသည့် အလုပ်တစ်ခုအတွက် ဖုန်းဆက်ရန် ဖုန်းနံပါတ်ကလေးများအား နှိပ်ခေါ်လိုက်၏။

"ဟဲလို သူငယ်ချင်း. .ကိုယ်ပါ မိုးထက်မြင့်. . ."

သူခေါ်လိုက်သော တစ်ဘက်မှဖုန်းအား ကိုင်သံကြား၍ သူငယ်ချင်း၏တစ်ဘက်မှအသံကိုကြားသည်တွင် မိုးထက်မြင့်သည် သူ၏ထည်ဝါသောစတိုင်အတိုင်း တည်ကြည်မွန်ရည်သော အပြုံးဖြင့် ဆိုလိုက်ခြင်းပါ။

"ဘယ်လိုလဲ သူငယ်ချင်း၊ မင်းသွားတဲ့ခရီး အဆင်ပြေခဲ့ရဲ့လား၊ မင်းရဲ့အလုပ်ကိစ္စတွေရော၊ မင်းအလုပ်ကလည်း မလွယ်ဘူးနော်။ ကိုယ့်ထက်တောင်မှ ခရီးတွေထွက်နေရသေးတော့တယ်၊ အပွန်းပွန်း ရပါတယ်ကွာ၊ ခရီးထွက်တိုင်း ဒါဖြစ်တတ်ပါတယ်၊ အစ္စ



www.burmeseclassic.com

www.burmeseclassic.com



မရှိပါဘူး၊ ကိုယ်အားလုံးလုပ်ပြီးပါပြီ။ ပြောနေရမယ့်သူတွေလည်း မဟုတ်ပါဘူးဗျာ. . ."

"အဟွန်း ဟွန်း၊ မင်းအားတဲ့နေ့ လာခဲ့ဦးလေကွာ၊ ဟို တလောကလို အားလပ်ရက်ကလေးမှာ ကိုယ်တို့အနားယူရင်း အချိန်တွေဖြုန်းချင်သေးတယ်. . ."

"အေးဗျာ၊ ကိုယ်တို့ကို အချိန်တိုင်းမှာ အလုပ်တွေကပဲ ကြီးစိုးနေတော့တာပဲနော်၊ ဒါကြောင့် တစ်ခါတစ်ရံ ကလေးဘဝကို ပြန်တမ်းတမိတယ် သူငယ်ချင်းရေ. . ."

"အဟွန်း ဟွန်း ဟုတ်ပါ့ဗျာ၊ အိမ်ထောင်စောစောမပြုမိခဲ့လို့ ခုချိန်မှာ ကိုယ်တို့တွေမိန်းမရဖို့ မလွယ်တော့ဘူးထင်ပါရဲ့၊ အိမ်ထောင်ပြုဖို့အကြောင်း ကိုယ်ဖြင့် စဉ်းစားဖို့အချိန်တောင် မရတော့ဘူး ဖြစ်နေတယ်. . ."

"အင်း ဟုတ်တယ် သူငယ်ချင်းရ၊ ကိုယ်တို့အနားမှာ အမျိုးသမီးချောတွေကတော့ အရွယ်မျိုးစုံကိုရှိတာပဲ၊ ဒါပေမယ့် မင်းခုနက ပြောသလိုပဲ ကြီးတော့လည်း ကြီးလို့ဖြစ်ပါ့မလား၊ ငယ်တော့လည်း ငယ်လို့ဖြစ်ပါ့မလား၊ ရွယ်တူကျပြန်တော့လည်း ရွယ်တူမို့ဖြစ်ပါ့





မလား၊ ဟိုဟာဖြစ်ပါ့မလား၊ ဒီဟာဖြစ်ပါ့မလားနဲ့၊ မလားတွေကြီးထပ်ပြီး ဘာမှကိုအလုပ်မဖြစ်တော့ဘူးဗျို့၊ အဟွန်း အဟွန်း. . ."

စကားဆိုရင်း ဖုန်းထဲတွင် သူငယ်ချင်းနှစ်ယောက် ရယ်လိုက်ကြသည်မှာ လွတ်လွတ်လပ်လပ်နှင့် အိမ်ထောင်ပြုမပြုအကြောင်းတွေပါ ပျော်စေပျက်စေအဖြစ် ဆွေးနွေးပြောဖြစ်ကြသည်။

"ကိုယ်တော့ လောလောဆယ် အလုပ်တွေပိုရှုပ်နေတယ်၊ ကိုယ့်ရဲ့လက်အောက်က ညွှန်မှူးတစ်ယောက် အပြောင်းအရွှေ့ရှိတယ်လေ၊ အဲစားမရောက်သေးလို့ အလုပ်တွေအားလုံး ကိုယ်ပဲလုပ်နေရတာ. . ."

"× × × × ×"

"ဟာ မင်းကတော့ ရှာရှာဖွေဖွေမေးပြီ၊ အမျိုးသမီးလား အမျိုးသားလား ဘယ်ရုံးကပြောင်းလာမယ်မှန်း ကိုယ်ဘယ်သိပါ့မလဲ၊ ကိုယ့်အတွက် အရေးကြီးတာက အဲဒီညွှန်မှူးမြန်မြန်ရောက်လာဖို့ပဲ"

"ကဲ ကဲ သူငယ်ချင်းရေ၊ ကိုယ်ဖုန်းဆက်တာနဲ့ပဲ မင်းရဲ့ တန်ဖိုးမဖြတ်နိုင်တဲ့အချိန်တွေ ဆုံးရှုံးကုန်ပြီကွာ၊ မင်းကားပို့တဲ့နေ့က ကိုယ်လည်းခရီးထွက်နေလို့ မင်းနဲ့မတွေ့လိုက်ရဘူးဖြစ်သွားတာ



www.burmeseclassic.com

www.burmeseclassic.com



"မင်းရဲ့ကားကိုလည်း မင်းခရီးထွက်နေတဲ့အချိန်ကပဲ ကိုယ်ပြင်ဆင်ပြီး ကိုယ့်တပည့်တစ်ယောက်နဲ့ ပြန်ပို့ထားခိုင်းပါတယ်၊ ကိုယ်က မင်းခရီးထွက်တာလည်း အဆင်ပြေရဲ့လား၊ မင်းအလုပ်ကိစ္စတွေလည်း အဆင်ပြေရဲ့လားဆိုတာသိချင်လို့ လှမ်းဆက်လိုက်တာပါဗျာ. . ."

"ကိုယ်လည်း သဘက်ခါဆိုရင် ခရီးတစ်ခုထပ်ထွက်ရဦးမယ်၊ ကဲ ကဲ သူငယ်ချင်းရေ ဒါပဲကွာ၊ အားရင်တော့ တွေ့ကြသေးတာပေါ့၊ ဒါပဲနော် ကိုယ်ဖုန်းချလိုက်တော့မယ်. . ."

စကားအဆုံး မိုးထက်မြင့်ကား လက်ထဲမှဖုန်းလေးကို ပေါ့ပါးစွာချလိုက်ပါတော့သတည်း။ ထို့နောက် သူသည် လက်မှနာရီဆီတစ်ချက်ကြည့်ပြီး ထိုင်ရာမှထလိုက်သည်။ အစည်းအဝေးတစ်ခုသွားရန် အချိန်ရောက်ပြီမို့ ကုလားထိုင်နောက်တွင် ချိတ်ထားသော အဖြူရောင်တိုက်ပုံအင်္ကျီကိုယူကာ သူ ရုံးခန်းကြီးထဲမှ လှမ်းထွက်သွားလိုက်ပါတော့သတည်း။

♡ ♡ ♡



(သုံး)

"ဦးအောင်မျိုးဟိန်း၊ ဗဟိုတရားရုံးချုပ်ရှေ့နေတဲ့၊ ဒါပေမယ့် ခဏလေးရပ်နေဦး မောင်မိုး. . ."

ခင်ပွန်းသည်စကားအတွက် ဒေါ်အေးနွယ်သည် ဆိတ်ဆိတ်နှင့်ပင် ခင်ပွန်းသည်အား ကြည့်နေဖြစ်ရသည်။ ညွှန်လိုက်သည့် လိပ်စာအရဆိုလျှင် မုန်ချေပြီမို့ ဦးကြည်စိုးနှင့် ဒေါ်အေးနွယ်တို့ ဇနီးမောင်နှံသည် ရှေ့နေကြီးဦးအောင်မျိုးဟိန်းနှင့်တွေ့ရန်သာ ရှိတော့၏။

တရားမျှတသော အမှုတွေကိုမှ လက်ခံသော အမှုလိုက်ရာတွင် ထက်မြက်၍ အလွန်တော်ကြောင်း၊ နာမည်အလွန်ကြီးကြောင်း၊



www.burmeseclassic.com

www.burmeseclassic.com



စသည်ဖြင့် ရင်းနှီးသောမိတ်ဆွေများ၏ ညွှန်ကြားပံ့ပိုးကူညီပေးချက်အရ ဦးကြည်စိုးနှင့် ဒေါ်အေးနွယ်တို့ဇနီးမောင်နှံသည် ရှေ့နေကြီးဦးအောင်မျိုးဟိန်းထံသို့ ရောက်ရှိလာကြရခြင်းပါတည်း။

"ကဲ မောင်မိုးရေ့ .ခြံထဲမောင်းတော့ကွယ် . ."

"ဟုတ်ကဲ့ ဆရာကြီး . ."

ဦးကြည်စိုးအမိန့်အရပင် ဒရိုင်ဘာမောင်မိုးသည် ရှေ့နေကြီး ဦးအောင်မျိုးဟိန်းခြံထဲသို့ မောင်းဝင်ခဲ့လေ၏။ ကားသည် ဦးအောင်မျိုးဟိန်း၏ပေါ်တီကိုအောက်၌ ညင်သာစွာရပ်သွားပြီးဖြစ်၏။ အိမ်ရှေ့တွင် တစ်ဦးတစ်ယောက်ကိုမျှမတွေ့ရ၍ လူခေါ်ဘဲလ်အား ဦးကြည်စိုး နှိပ်လိုက်သည်။ မရှေးမနှောင်းပင် အလုပ်သမားတစ်ဦးဖြစ်ဟန်တူသော လူရွယ်တစ်ဦး ထွက်လာ၏။

"ဘာကိစ္စများလဲ ခင်ဗျာ၊ ဆရာနဲ့တွေ့ချင်လို့လား၊ ဒေါ်လေးနဲ့တွေ့ချင်လို့လားခင်ဗျာ. . ."

အိမ်တံခါးကိုဖွင့်ပေးရင်း လူရွယ်ကဆိုလာလေ၍. . .

"ဆရာကြီးဦးအောင်မျိုးဟိန်းနဲ့ တွေ့ချင်လို့ပါ မောင်ရင်၊ ဆရာရှိရဲ့လား. . ."





"သြော် ဟုတ်ကဲ့ခင်ဗျာ၊ ဆရာစောစောကပဲ ပြန်ရောက်ပါတယ်၊ ရှိပါတယ် အိမ်ထဲကြွပါခင်ဗျာ. . ."

လူရွယ်၏ လိုက်လံစွာဖိတ်ခေါ်မှုကြောင့် ဧည့်ခန်းထဲသို့ ဦးကြည်စိုးနှင့်ဒေါ်အေးနွယ်တို့ ရောက်ခဲ့၏။

"ထိုင်ပါ ခင်ဗျာ၊ ကျွန်တော် ဆရာ့ကို သွားအကြောင်းကြားပေးပါ့မယ်. . ."

လူရွယ်ဆိုရင်း အိမ်ထဲသို့ဝင်ရောက်သွားသည်။ လူရွယ်အိမ်ထဲဝင်သွားဆဲ ဧည့်ခန်းထဲမှ အဆင်အပြင်တွေဆီ ဒေါ်အေးနွယ်သည် မသိမသာလိုက်ကြည့်ရင်းမှ ရှေ့နေကြီးနှင့် ဆွေးနွေးရမည့်စကားအတွက် ရင်အလေးကြီးလေးသွားရ၏။ ရှေ့နေကြီးအိမ်သို့ ရောက်တော့ဖြင့်ရောက်လာရပြီဖြစ်သော်လည်း ဆွေးနွေးရမည့် ကိစ္စမှာ ခက်ခဲနေရသည် မဟုတ်ပါလား။

"ဟင်း. . ."

ဒေါ်အေးနွယ်တစ်ယောက် ရင်လေးစွာ စဉ်းစားဆဲပင်ခင်ပွန်းသည်ထံမှ သက်မဇော်ကြီးချသံအား ဒေါ်အေးနွယ်ကြားမိရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အဖေကြီး စိတ်လှုပ်ရှားနေလား . ."

"ဟင်း . ."

ဦးကြည်စိုးမှာ သက်မသာချသည်။

"ခုကိစ္စကို ကျွန်မတို့ဘယ်လိုစပြောရမယ်တောင် မသိဘူး"

"ဟင်း ပြောရမှာပေါ့ကွာ၊ ကိုယ်သိသလောက် ကိုယ့်တက်က အဖြစ်အပျက်ကိုလည်းပြောပြီး ရှေ့နေကြီးရဲ့မေးခွန်းတွေကိုလည်း ဖြေရမှာပေါ့ . ."

"အဟမ်း . ."

ဇနီးမောင်နှံနှစ်ဦး စကားတွေတီးတိုးဆိုဆဲ ချောင်းဟန့်သံ သာသာလေးတစ်ချက်ကြောင့် ပြိုင်တူလှည့်ကြည့်မိလိုက်ကြသည်။ ထိုအခါ အသက်အားဖြင့် သုံးဆယ်ခန့်ပင်ရှိဦးမည်ဖြစ်သော ရွှေကိုင်းကာပ် ပါဝါမျက်မှန်နှင့် အရပ်မြင့်၍ ကျစ်လစ်သောကိုယ်ဟန်ရှိပြီး အသားလတ်၍ ယောကျ်ားပီသစွာချောမောသည့် လူရွယ်အား တွေ့လိုက်ရလေသော် ဦးကြည်စိုးနှင့် ဒေါ်အေးနွယ်တို့သည် အံ့သြဟန် ဇဝေဇဝါဟန်တို့ဖြင့် ရှိသွားကြရ[illegible]၏။

သည်လိုမျိုး အတွေ့အကြုံအား ကြိမ်ဖန်များစွာကြုံရပြီးဖြစ်





သည့် အောင်မျိုးဟိန်းသည် စိတ်ထဲမှပင် တစ်ချက်မျှပြုံးပြီးမှ . .

"ကျွန်တော် အောင်မျိုးဟိန်းပါခင်ဗျာ၊ ဦးတို့မှာ ဘာကိစ္စရှိလဲမသိဘူး . ."

"ဪ ဆရာ၊ ဟုတ်ကဲ့ ဦးတို့အနေနဲ့ ဆရာနဲ့တိုင်ပင်ဆွေးနွေးစရာရှိပါတယ်၊ ဦးအနေနဲ့ ရှေ့နေကြီးဟာ ဦးတို့အရွယ်လို့ထင်နေတာ၊ ဦးတို့ကိုခွင့်လွှတ်ပါကွယ် . ."

"ကိစ္စမရှိပါဘူးခင်ဗျာ၊ ဒီလိုက ကျွန်တော်ဖြစ်နေကျပါ၊ ကဲ ဦးတို့ကိစ္စပြောပြပါဦး . ."

ရည်မွန်ချောမွေ့သော အပြုံးမျက်နှာဖြင့် အောင်မျိုးဟိန်းဆိုရင်း ဦးကြည်စိုးနှင့် ဒေါ်အေးနွယ်တို့ရှေ့ရှိ ဆိုဖာတွင် ဝင်ထိုင်လာ၏။

"ဟင်း ဦးတို့အနေနဲ့လည်း ပြောရခက်ခက်ပဲကွယ်၊ ဘယ်က ဘယ်လိုစပြောရမှန်းတောင် မသိဘူး . ."

"ဘယ်လိုကိစ္စမျိုးလဲ ဦး . ."

"ကားတိုက်မှုပါ . ."

"လူသေလား . ."



www.burmeseclassic.com

www.burmeseclassic.com



“သေသွားတယ်၊ ခုနစ်နှစ်၊ ရှစ်နှစ်အရွယ် ကလေးတစ်ယောက်. . .”

“ဘယ်မှာဖြစ်တာလဲ ဦး. . .”

“တိုက်ကြီးအလွန်၊ မှော်ဘီနဲ့တိုက်ကြီးကြားဆိုပါတော့၊ နေရာအတိအကျတော့ ဦးတို့လည်း မသိပါဘူး၊ မိုးကလည်းချုပ်၊ မိုးတွေကလည်း တအားရွာပြီး မှောင်နေတာပဲ. . .”

“ဦးအနေနဲ့ ကားတိုက်မိမိချင်း ဘယ်လိုလုပ်လိုက်လဲ. .”

“ဦး မဟုတ်ပါဘူး၊ ဦးရဲ့သမီးပါ၊ လွန်ခဲ့တဲ့တစ်ပတ် စနေနေ့ကပဲ ဖြစ်သွားတာပါ၊ ပြည်မြို့ကနေ ဦးရဲ့သမီးပြန်လာတယ်၊ အပြန်မှာဖြစ်တာ. . .”

“စနေနေ့ကဆိုတော့ ဆယ့်ခုနစ်ရက်နေ့ပေါ့. . .”

“ဟုတ်ပါတယ်. . .”

ပြက္ခဒိန်ဆီတစ်ချက်လှမ်းကြည့်ပြီး စိတ်ကူးတစ်ချက်ဖြင့် ခပ်ဆိုင်းဆိုင်း အောင်မျိုးဟိန်းဆိုတော့ ဦးကြည်စိုးသည် ခေါင်းတစ်ချက်ဆတ်ကာ ဆို၏။

“ဖြစ်တဲ့နေရာက တိုက်ကြီးနဲ့မှော်ဘီကြားဟုတ်လား. . .”





“ဟုတ်ပါတယ်. . .”

“သေချာလား. . .”

“နေရာအတိအကျ ဦးတို့မသိပေမယ့် အဲဒီကတာဝန်ရှိသူတွေပြောပြလို့ သေချာပါတယ်. . .”

အောင်မျိုးဟိန်းသည် ဦးကြည်စိုးထံကြည့်နေပြီးကာမှ အကြည့်ကိုလွှဲကာ အလေးအနက်တွေဟန်တစ်ချက် ရှိ၏။ ပြီးမှ...

“ဦးသမီးကရော. . .”

“သမီးက အဲဒီညတွင်းချင်းပဲ အချုပ်ထဲမှာနေရတယ်. .”

“အာမခံ မရဘူးလား. . .”

“အလေးအနက်ထုတ်ပြန်ထားတဲ့ ဥပဒေအရ အာမခံမရပါဘူး. . .”

“အင်း ဟုတ်ပါတယ်၊ ဒါနဲ့ ဦးသမီးက အဖြစ်အပျက်တွေကို ဘာတွေပြောပြလဲ. . .”

“ဦးတို့မှာ ခက်နေတာ အဲဒါပါပဲကွယ်၊ ဦးသမီးဟာ ဒီကိစ္စနဲ့ပတ်သက်ပြီး ဘာမှမေးလို့မရဘူး၊ ဘာမှမပြောဘူး၊ သမီးဟာ တော်တော့်ကို ထိတ်လန့်တုန်လှုပ်သွားတယ်ထင်တယ်. . .”



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှကိုမေးမရဘူးလား . ."

"ဟုတ်တယ်၊ သမီးဟာ သူ့ကိုယ်သူလည်း ဇဝေဇဝါဖြစ်နေသလားပဲ၊ ဦးတို့လည်းမခန့်မှန်းတတ်အောင်ပဲ. . ."

ဦးကြည်စိုး၏စကားများအားနားထောင်ရင်း အောင်မျိုးဟိန်း၏ မျက်နှာချောချောသည်က လွန်စွာတည်ငြိမ်လေးနက်နေ၏။ မှန်သည်။ သူ့အသွင်သည် အခင်းဖြစ်ပုံအား အလေးအနက်စဉ်းစားနေသည်ပါ။

"ဆရာ့ကို ဦးလေးတို့ သိပ်အားနာတယ်ကွယ်၊ ဦးလေးတို့အနေနဲ့ ဘာမှဃဂဏနမပြောနိုင်တော့ ဆရာ့အနေနဲ့ အခက်အခဲရှိမှာပဲ. . ."

"ကိစ္စမရှိပါဘူး ဦး၊ ကျွန်တော် ဦးသမီးနဲ့သွားတွေ့မယ်၊ အခင်းဖြစ်တဲ့နေရာကိုလည်း သွားကြည့်မယ်၊ တာဝန်ရှိသူတွေနဲ့လည်း သွားတွေ့ပါဦးမယ်. . ."

"ဦးသမီးက တုံဏှိဘာဝေလိုဖြစ်ပြီး ဆရာမေးသမျှ ဘာမှပြန်မဖြေရင်ဒုက္ခ၊ ဒီတော့ဘယ်လိုလုပ်မလဲ. . ."

"လုပ်စရာနည်းလမ်းတွေက အများကြီးရှိပါတယ် ဦးရယ်၊





ဒါက ကျွန်တော့်အပိုင်းပါ၊ ဦးရဲ့သမီးဟာ လောလောဆယ် ထိတ်လန့်ချောက်ချားနေလို့သာဖြစ်မှာ. . ."

"ဦးတို့အနေနဲ့ကတော့ သမီးကိုကြည့်ပြီး စိတ်ဓာတ်ကျနေတယ်၊ သမီးဟာ ရှော့တစ်ခုခုများဖြစ်သွားပြီလားထင်စရာပဲ. . ."

"ဦးသမီးက လုံးဝစကားမပြောဘူးလား . ."

"ပြောတာကတော့ နည်းနည်းပြောတယ်၊ ဒါပေမယ့် သူကိုယ်တိုင်တောင် ဘာမှမသိသလိုပဲ၊ သူဖြစ်နေပုံက သိသလိုလို၊ မသိသလိုလိုနဲ့ ဘာမှမရေရာဘူး၊ တစ်မျိုးပါပဲ. ."

"ကောင်းပြီလေ၊ ကျွန်တော်သွားတွေ့မယ်၊ လိုအပ်ရင် ဆရာဝန်တွေနဲ့ပြရမှာပေါ့၊ ကဲ ဦးသမီးရဲ့ နာမည်ပြောပြပါဦးခင်ဗျာ. ."

"သက်ထားနွယ်ပါ. . ."

"အလုပ်အကိုင်က . . ."

"လက်ထောက်အရာရှိပါ. . ."

"အင်း ဥပဒေဆိုတာကတော့ အယုတ် အလတ် အမြတ် မရွေးဘူးခင်ဗျာ၊ အပြစ်ရှိရိုးမှန်ရင်တော့ ဥပဒေကို အလွဲသုံးစားလုပ်လို့မရပါဘူး ခင်ဗျာ. . ."



www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါတယ် ဆရာ၊ ကျွန်တော်တို့လည်း နားလည်ပါတယ်၊ လက်ခံပါတယ်၊ သမီးကတော့ တစ်ချက်ပြောတယ်. . ."

"ဘာပြောလဲ. . ."

"သူ အပြစ်မရှိဘူးတဲ့. . ."

အောင်မျိုးဟိန်း၏ လေးနက်သော မျက်ဝန်းအကြည့်တို့သည် ဦးကြည်စိုးထံ၌ တစ်ချက်တည်သွားရပြန်ချေ၏။ အောင်မျိုးဟိန်း၏ စိတ်သည်လည်း အတွေးတိုကဖြင့် ပျံ့လွင့်သွားရပြန်သည်။ ပြီးမှ သူသည် ကိုယ်တွင်းသို့ စိတ်ကိုအခြေချသလိုရှိပြီး. . .

"သူ အပြစ်မရှိဘူးလို့ပြောတယ်လား. . ."

"ဟုတ်တယ်၊ အဲဒီတစ်ခွန်း သူ ပြောတယ်. . ."

"နောက်ကော ဘာပြောသေးလဲ. . ."

"ဘာမှထပ်မပြောတော့ဘူး၊ သမီးက သူ အပြစ်မရှိဘူးလို့ ပြောတဲ့စကားကြောင့် ဦးလည်း ဆရာ့ကိုရှာပြီး ဆရာ့ဆီရောက်ခဲ့တာပါ၊ ဘာကြောင့်လဲဆိုတော့ ဦးရဲ့သမီးကို ဦးယုံကြည်လို့ပါပဲ"

"ကောင်းပြီ၊ ဒါဆိုကောင်းပြီ၊ ကျွန်တော် သူနဲ့သွားတွေ့လိုက်ပါ့မယ်၊ ဦးတို့စိတ်ချပါ၊ အခုဥပဒေဟာ မြန်မြန်နဲ့မှန်မှန်





ဆောင်ရွက်နေကြပါတယ်၊ ကျွန်တော်လည်း ကြိုးစားပါ့မယ်. . ."

"ဦးတို့လည်း ဆရာ့ကိုယုံကြည်အားကိုးပါတယ်၊ ဒါဖြင့် ဦးတို့ပြန်ပါဦးမယ်. . ."

"ကောင်းပါပြီ ခင်ဗျာ. . ."

ဆိုရင်း အားလုံးနေရာမှ ထဖြစ်ကြသည်။ အောင်မျိုးဟိန်းသည် ဦးကြည်စိုးတို့ဇနီးမောင်နှံအား ဆင်ဝင်အောက်သို့ လိုက်ပို့ပေး၏။

"သွားပါဦးမယ် ဆရာ. . ."

"ကောင်းပါပြီ ဒေါ်ဒေါ်. . ."

ပြန်ခါနီး ကားထွက်ခါနီးမှ အောင်မျိုးဟိန်းအား ဒေါ်အေးနွယ် နှုတ်ဆက်ဖြစ်သည်။ ဦးကြည်စိုးတို့ကားလေး ခြံထဲမှညင်သာစွာ မောင်းထွက်သွားသည်အထိ သူသည် မျက်စိတစ်ဆုံး ငေးမော၍ ကြည့်ကျန်ရစ်၏။

အောင်မျိုးဟိန်း၏ခေါင်းထဲမတော့ ဦးကြည်စိုးပြောသွားသော စကားများအား ပြန်လည်ကြားယောင်ကာ အတွေးတို့သည် သူ့ဦးနှောက်ထဲ၌ လေးနက်သော စိတ်ကူးအတွေးတို့ဖြင့် အောင်မျိုးဟိန်း



www.burmeseclassic.com

www.burmeseclassic.com



သည် ရေသံကြားရာဆီသို့ လှမ်းကြည့်လိုက်သည်။ ခပ်လှမ်းလှမ်းမှ တပည့်ဖြစ်သူ မောင်သောင်းသည် ကားရေဆေးနေသည်ကို သူတွေ့ရ၏။

သူသည် ဘာရယ်မဟုတ် ကားရေဆေးနေသော တပည့်ဖြစ်သူ မောင်သောင်းကိုလှမ်းကြည့်နေဆဲမှ သူခေါင်းထဲတွင်ကားအမှုတစ်ခု၏ ကွင်းဆက်အပိုင်းအစတို့သည် အလေးအနက်ဖြင့် စီကာ ရီကာရှိတော့၏။

မှန်သည်။ အောင်မျိုးဟိန်း၏ခေါင်းထဲတွင် ဦးကြည်စိုး၏ စကားများအရ အမှုတစ်ခု၏ကွင်းဆက်အပိုင်းအစများအား လေးနက်စွာ စိစစ်တွေးတောနေရလေသည်တကား။ ။

♡ ♡ ♡



(လေး)

အောင်မျိုးဟိန်း မောင်းနှင်လာသော ကားလေးသည် မော်တီရဲစခန်းရှေ့၌ ညင်သာစွာရပ်သွားလေ၏။ ကားရပ်သည်နှင့်ပင် ကားပေါ်မှဆင်းကာ ရဲစခန်းထဲဝင်ခဲ့ပြီး စခန်းမှူးနှင့် သူ တွေ့ဆုံခဲ့သည်။

"ဆရာ..ကျွန်တော် ဒေါ်သက်ထားနွယ်ရဲ့ရှေ့နေ အောင်မျိုးဟိန်းပါ ခင်ဗျာ၊ ဒေါ်သက်ထားနွယ်နဲ့ ကျွန်တော်တွေ့ပြီး စကားပြောပါရစေ. . ."

"ဪ ရပါတယ်၊ မောင်ထူးရေ..ဒီဧည့်သည်ကို ဒေါ်သက်ထားနွယ်နဲ့ပေးတွေ့လိုက်ပါကွာ. . ."

"ဟုတ်ကဲ့ ဆရာ . ."

စခန်းမှူး၏ခွင့်ပြုချက်အရ အောင်မျိုးဟိန်းသည် စခန်းမှူး



www.burmeseclassic.com

www.burmeseclassic.com



တပည့်လေးနောက်မှ လိုက်ပါခဲ့၏။ အောင်မျိုးဟိန်းအဖို့ မိမိ၏အမူ သည်ကိုပင် မတွေ့ဖူးသေး၍ ရဲဘောလေးကိုသာ အားကိုး၍ လိုက်ပါခဲ့၏။

အချုပ်ခန်းတစ်ခုရှေ့အရောက်၌ ရဲဘော်လေးရပ်လိုက်သည်တွင် သူပါရပ်လိုက်သည်။ ထိုအခါမှ သူ့အကြည့်သည် အချုပ်ခန်းထဲမှ အမျိုးသမီးအား သတိထားကြည့်ဖြစ်သွားရသည်။

တည်ငြိမ်ရင့်ကျက်မှုနှင့် လွန်စွာမှ လှပချောမောသော မိန်းမချောတစ်ယောက်၊ ဖျော့တော့ခန့်အမြင်၌ပင် သူမ၏ရုပ်ရည်အဆင်းသည် ထင်ပေါ်မှုရှိကာ ဆွဲဆောင်မှုများ အပြည့်အဝရှိနေသည်ကို သူ သတိထားမှတ်ချက်ချဖြစ်ရသည်။

သူမသည် သူမ၏အတွေးထဲ၌ပင် သူမနစ်မျောနေသည်လား မဆိုနိုင်ပါ။ အချုပ်ခန်းရှေ့၌ ခြေသံများကြား၍ လူများရပ်လာသည်ကိုပင် သူမသည် တစ်ချက်မျှမော့မကြည့်၊ အသိအမှတ်မပြုဘဲ ရှိနေရလေသည် မဟုတ်ပါလား။

"ဒေါ်သက်ထားနွယ်. . ."

ရဲသားလေး၏ခေါ်သံကြားမှပင် သူမသည် ညင်သာစွာ





မော့ကြည့်လာသည်ကို အောင်မျိုးဟိန်း တွေ့ရ၏။ သူမအသွင်သည် စိတ်ဓာတ်ကျနေသည်ပဲလား၊ စိတ်ပျက်နေသည်ပဲလား၊ စိတ်ထိခိုက်နေသည်ပဲလား မဆိုနိုင်ပါ။ သူမကြည့်ရသည်မှာ တစ်ခုမှုစိတ်မပါသလို အေးတိအေးစက်ဖြင့် ကိုယ်နှင့်စိတ် ကင်းကွာနေဟန်ရှိ၏။

"ဒေါ်သက်ထားနွယ်ရဲ့ ဧည့်သည်ပါလာတယ်၊ ခဏထွက်ပြီး စကားပြောပါဦး. . ."

ရဲသားလေးဆိုသည်တွင် သက်ထားနွယ်အကြည့်သည် အောင်မျိုးဟိန်းထံ ရောက်လာသည်။ တစ်ဆက်တည်းလည်း သက်ထားနွယ် ထိုင်နေရာမှလှမ်း၏။

"ကျွန်တော်အောင်မျိုးဟိန်းပါ၊ ဒေါ်သက်ထားနွယ်အတွက် ဒေါ်သက်ထားနွယ်ရဲ့မိဘများငှားထားတဲ့ ရှေ့နေပါ. . ."

မိမိရှေ့ရပ်ကာ မိမိအားမော့ကြည့်နေသော မိန်းမချောအား ကြည့်ကာ အောင်မျိုးဟိန်းဆိုသည်။

"ကျွန်တော်တို့ ဟိုခုံတွေမှာ သွားစကားပြောကြရအောင်နော်. . ."

သူဆိုသည်တွင် နွယ်သည် ဆိတ်ဆိတ်ပင်လိုက်ပါသွား၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုခုံများတွင် မျက်နှာချင်းဆိုင် ထိုင်ဖြစ်ကြသည်။ အောင်မျိုးဟိန်းသည် သူမ၏ရွှေစင်ပန်းပုရုပ်ကလေးတစ်မျှရှိသည့် မျက်နှာဖူးဖူးလေးနှင့် မှေးမှိန်နေဟန်ရှိသော မျက်ဝန်းပြာကြီးတွေဆီ အသက်ရှူမှားမတတ် ကြည့်ဖြစ်ရပြီးကာမှ. . .

"ဒေါ်သက်ထားနွယ်အနေနဲ့ ကျွန်တော့်ကို ဘာတွေများ ပြောပြနိုင်မလဲမသိဘူး. . ."

"ကျွန်မအနေနဲ့ ဘာမှတိတိပပမပြောပြနိုင်သေးဘူး ထင်တယ်. . ."

"ဒီလိုလည်းမဟုတ်သေးဘူးလေ၊ ဒေါ်သက်ထားနွယ် ဖြစ်ပျက်ခဲ့တာတွေကို စဉ်းစားပြီးပြောကြည့်ပါလား. . ."

"ဟင်း ကျွန်မ ဘယ်လိုမှ ရေရေရာရာ စဉ်းစားလို့မရဘူး၊ ကျွန်မမှာပဲအပြစ်ရှိတယ်ထင်ပါတယ်. . ."

"ဟင်း. . ."

နွယ့်စကားများကို နားထောင်ရင်း အောင်မျိုးဟိန်းသည် ရင်ထဲမှ မသိမသာသက်မမောအား ချဖြစ်ရချေ၏။ သူမအား ဆက်မေးရန်စကားကိုလည်း သူမအသွင်လေးကိုပင်ကြည့်ဆဲ သူ





ခေတ္တဆိုင်းငံ့ထားဖြစ်ရလေသည်။

သူမအသွင်သည် တစ်ခုခုကို အလေးအနက်ရှိကာ စဉ်းစားနေဟန်ရှိသည်ဟု အောင်မျိုးဟိန်း တွေးထင်နေမိသည်။ သူအကဲခတ်ကြည့်နေဆဲပင် နွယ်သည် ခေါင်းလေးမသိမသာယမ်းနေသည်ကို သူတွေ့ရ၏။

"ဒေါ်သက်ထားနွယ်. .တကယ်ပဲကားနဲ့တိုက်မိသလား. ."

"ဒါကို ကျွန်မဘယ်လိုပြောရလဲ၊ ကျွန်မသတိရတဲ့အချိန်မှာ ကျွန်မကားဟာ ဓာတ်တိုင်နဲ့တိုက်မိနေတာပဲသိတယ်၊ ကလေးကို တိုက်ပြီး အရှိန်မထိန်းနိုင်ပဲ ဘေးကဓာတ်တိုင်ကို ဝင်တိုက်တယ်ဆိုတဲ့ လူအများရဲ့မှတ်ချက်နဲ့ ကျွန်မ အခု အချုပ်ထဲပဲ ရောက်နေပြီမဟုတ်လား. . .

ကျွန်မက ဘာကိုစောဒကတက်လို့ရမလဲ၊ ကျွန်မကိုယ်ကျွန်မလည်း ဘာမှရေရေရာရာမပြောနိုင်တော့ ကျွန်မအပြစ်ရှိပြီပေါ့"

နွယ့်စကားများအတွက် အောင်မျိုးဟိန်းသည် ခေါင်းတစ်ချက်ညိတ်လိုက်ပြီး. . .

"အမှုတစ်ခုစဖြစ်ရင်တော့ ဒီလိုပဲပေါ့ဗျာ၊ ဒါပေမယ့် အမှုမှန်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်အောင်တော့ ကျွန်တော်တို့က လေ့လာရဦးမယ်မဟုတ်လား"

"ဒီထက်တော့ ကျွန်မ ဘာမှမပြောတတ်တော့ဘူး. ."

"ကောင်းပြီလေ၊ ရုံးချိန်းက သန်ဘက်ခါရှိမယ်၊ ကျွန်တော်နည်း ကျွန်တော့်ဟန်နဲ့ အခင်းဖြစ်တဲ့အနေအထားကို လေ့လာပါဦးမယ်. . ."

"ဟုတ်ကဲ့. . ."

"ပြီးတော့ ရုံးတော်မှာ ဒေါ်သက်ထားနွယ်ကိုကြည့်ရတာ တစ်မျိုးဖြစ်နေလို့ ဆရာဝန်နဲ့စစ်ဆေးဖို့အတွက် အာမခံရဖို့ ကျွန်တော်ကြိုးစားပါဦးမယ်. . ."

"ကျေးဇူးတင်ပါတယ်၊ ကျွန်မကိုယ်ကျွန်မတော့ ဘာဖြစ်လို့ဖြစ်မှန်းတောင် မသိတော့ပါဘူး. . ."

"ကျွန်တော်တို့ရှေ့နေတွေအတွက် ကိုယ့်အမှုသည်မှာ တစ်စုံတစ်ရာဖြစ်နေခဲ့မယ်ဆိုရင် အမှုလိုက်ရ ကျွန်တော်တို့မှာ နစ်နာပါတယ်၊ ဒါကြောင့် အမှုမှန်ဖြစ်ရေးအတွက် အဖက်ဖက်က ကျွန်တော်ကြိုးစားရမယ်၊ ကဲ ဒေါ်သက်ထားနွယ်. .ခုတော့ ဒီမှာပဲနေလိုက်ပါဦးနော်၊ သန်ဘက်ခါရုံးချိန်းကျတော့ ကျွန်တော်တို့ပြန်တွေ့တာပေါ့"





"ဟုတ်ကဲ့. . ."

စကားအဆုံး သူတို့ထိုင်ရာမှထဖြစ်သည်။ သူတို့ထသည်ကို မြင်သည်တွင် ရဲသားလေးသည် နွယ့်အနီးလှမ်းခဲ့ကာ နွယ့်အား အချုပ်ခန်းထဲသို့ တာဝန်အရပြန်သွင်းလိုက်လေ၏။ အောင်မျိုးဟိန်းသည် စိတ်မကောင်းခြင်းများစွာဖြင့် နွယ့်ထံကြည့်ဖြစ်နေဆဲ၊ နွယ်၏အားငယ်သော အားကိုးတကြီးရှိတော့ မျက်ဝန်းပြာတွေနှင့် ဆုံဆည်းရ၏။

ဘယ်တုန်းကမှ မလှုပ်ရှားခဲ့ဖူးသောရင်သည် ထူးခြားစွာလှုပ်ရှားတတ်ခဲ့သည်မို့ အောင်မျိုးဟိန်းသည် မိမိကိုယ်တိုင်ပင် မိမိ အံ့သြဖြစ်ရ၏။ အမှုသည်တိုင်းအပေါ် ထားတတ်ခဲ့သည့် စေတနာများကြား ယခုကဲ့သို့ မိမိစိတ်ထဲ ထူးခြားချက် အံ့သြစိတ်များနှင့် ကျန်ရှိနေသော တာဝန်များအတွက် အောင်မျိုးဟိန်းသည် ထက်သန်သော လုံ့ဆော်မှုများဖြင့် အချုပ်ခန်းရှေ့မှ လှမ်းထွက်ခဲ့လိုက်ပါတော့၏။

"စခန်းမှူးကြီးနဲ့ ကျွန်တော် ကျေးဇူးပြုပြီး စကားပြောချင်ပါတယ်၊ အချိန်ရမယ်ဆိုရင်ပါခင်ဗျာ. . ."



www.burmeseclassic.com

www.burmeseclassic.com



စခန်းမှူးကြီးရှေ့ပြန်အရောက် သူတောင်းဆိုသော စကား အတွက် စခန်းမှူးကြီးသည် အမှုတွဲများကြည့်နေရာမှ သူ့ထံမော့ ကြည့်လာရင်းမှ. . .

"သြော် ရပါတယ်ခင်ဗျာ၊ အပန်းမကြီးပါဘူး၊ ပြောနိုင်ပါ တယ်၊ ထိုင်ပါ. . ."

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ဆရာ၊ ကြည့်ရတာ ကျွန်တော့်အမှုသည်ဟာ အကြောက်လွန်ပြီး ထိတ်လန့်တုန်လှုပ်လွန် ရာက အနည်းငယ်ရှေ့ဖြစ်သွားဟန်တူပါတယ် ခင်ဗျာ၊ စကားပြော ရတာ လိုရာသိပ်မရောက်ခဲ့ပါဘူး. . ."

"သြော်. . ."

"ကျွန်တော်သိချင်တာက အခင်းဖြစ်တဲ့နေရာကို ဆရာတို့ ရောက်သွားတဲ့အချိန်က အနေအထားလေးပါ. . ."

"ဒါ ကျွန်တော်တို့ ဓာတ်ပုံတွေနဲ့အားလုံးမှတ်တမ်းတင် ထားပါတယ်. . ."

"ဒီဓာတ်ပုံတွေ ကျွန်တော်ကြည့်ခွင့်ရှိမလားမသိဘူး၊ ဖြစ်နိုင် ရင်ပါ. . ."





"ရပါတယ်၊ ကြည့်နိုင်ပါတယ်. . ."

ဆိုရင်း စခန်းမှူးသည် အံဆွဲထဲမှ စက္ကူထုပ်တစ်ထုပ်ကို ထုတ်ပေးလိုက်သည်။ အောင်မျိုးဟိန်းသည် ဓာတ်ပုံထုပ်ဆီတစ်ချက် ကြည့်ပြီးမှ စိတ်ကူးတစ်ချက်ပေါ်လာရ၍. . .

"ဆရာ့မှာ ဖလင်ရှိရင်ပေးနိုင်မလား၊ ကျွန်တော်ကူးလိုက် မယ်၊ ဒါမှကျွန်တော့်အတွက်လည်း လိုအပ်တဲ့အခါ ကြည့်နိုင်အောင် ပါ. . ."

"ရပါတယ်၊ ရှိတယ် ယူသွားပါ. . ."

အံဆွဲထဲမှ နောက်ထပ်စက္ကူထုပ်တစ်ထုပ်ကို စခန်းမှူး ထုတ် ပေးသည်။ အောင်မျိုးဟိန်းသည် နက်ကတစ်ထည့်ထားသော စက္ကူ အိတ်လေးအား တိုက်ပုံအင်္ကျီအတွင်းအိတ်တွင်း ထည့်ထားလိုက် ရင်းက. . .

"အခင်းဖြစ်တဲ့နေရာက ဘယ်နေရာလောက်များလဲ ဆရာ"

"တိုက်ကြီးအလွန် မော်ဘီနဲ့ကြားနေရလောက်မှာ ရှိမယ်၊ ဒီနေရာက အိမ်ခြေမရှိဘူးလေ၊ လယ်တဲလေးတစ်လုံးစ နှစ်လုံးစ လောက်ပဲရှိတယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်တဲ့အချိန်က. . ."

"ဖြစ်တဲ့အချိန်ကတော့ ငါးနာရီနဲ့ခြောက်နာရီကြားလို့ ယူဆရတာပဲ၊ ဒါပေမယ့် မိုးတွေကတအားမှောင်ပြီး ရွာနေတယ်၊ ဒါကြောင့် အမြင်တွေမသဲမကွဲဖြစ်ပြီး လယ်တဲက မိုးရေခံချိုးတဲ့ကလေးကို တိုက်မိတာဖြစ်မှာပေါ့. . ."

စခန်းမှူး၏စကားများအား အောင်မျိုးဟိန်းသည် နားထောင်ရင်းက သူ့ရင်ထဲ၌ မရှင်းမလင်းများဖြစ်၍လာသယောင်ရှိ၏။ ဖြစ်နိုင်မဖြစ်နိုင်သည်ကို သူစဉ်းစားသည်။ စဉ်းစားရင်းမှ သူ ခေါင်းကို ယမ်းမိသလိုနှင့် သူ့အသွင်သည် လေးနက်လွန်းဟန်ဖြင့် တည်ငိုက်ငိုက်ကြီးပင်လည်း ရှိတော့၏။ အတန်ကြာသော်မှ သူသည် သူ့အတွေးများအား ရပ်သိမ်းလိုက်ပြီး. . .

"ဓာတ်တိုင်ကျိုးသွားလား ဆရာ. . ."

"ကျိုးတော့မကျိုးဘူး၊ ပြိုလုလုယိုင်သွားတယ်၊ ခင်ဗျားသွားကြည့်မယ်ဆိုရင် ဓာတ်တိုင်ယိုင်နေရတာကို တွေ့မှာပါ၊ ဓာတ်တိုင်နဲ့ ခပ်လှမ်းလှမ်းမှာတော့ လယ်တဲလေးတစ်လုံး ရှိတယ်. . ."

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ဆရာ၊ ကျွန်တော့်ကို





ခွင့်ပြုပါဦးခင်ဗျာ. . ."

"ကောင်းပါပြီ. . ."

စခန်းမှူးကိုနှုတ်ဆက်ကာ အောင်မျိုးဟိန်း ပြန်ထွက်ခဲ့လေသည်။ မော်တော်ကီရဲစခန်းမှအထွက် အချုပ်ခန်းတွင်ကျန်ရစ်ခဲ့သော သက်ထားနွယ်အသွင်လေးအား မြင်ယောင်ကာ သူ့ရင်ထဲ နှောက်ဆံတင်းဖြစ်၏။

ထိုသည်ကပင် သံယောဇဉ်လေလား၊ အချစ်ဆိုသည်လားရင်ဝယ်ဖိုလှိုက်စွာ ဖြစ်တည်ခံစားမိရချေ၏။ လှုပ်ရှားသောရင်ဖြင့်ပင် သူ ကားကိုမောင်းထွက်ခဲ့၏။

သန်ဘက်ခါ သက်ထားနွယ်ရဲ့ ပထမဆုံးရုံးချိန်းပဲ၊ သူ့အတွက် လျှောက်လဲချက်တွေ ငါလုပ်ရဦးမယ်။ အို ငါတစ်ချက်မှားသွားတယ်၊ မော်တော်ကီရဲစခန်းမှာရှိတဲ့ သက်ထားနွယ်ရဲ့တိုက်ထားတဲ့ကားကို ငါမကြည့်ဖြစ်ခဲ့ဘူး. . .

အေးလေ၊ နောက်မှသွားကြည့်လဲရပါတယ်၊ အင်း စခန်းမှူးပြောပြတဲ့ စကားအသွားအလာအရဆိုရင်. . .။

"ဟင်း . . ."



www.burmeseclassic.com

www.burmeseclassic.com



အောင်မျိုးဟိန်းကား ရန်ကုန်ဘက်ဆီ အတွေးတို့ဖြင့် ကားကို မနှေးမမြန်မောင်းနှင်လာဆဲ နောက်ဆုံးသော် သူသည် အတွေးစများအား သိမ်းဆည်းကာ သက်မမောကြီးအား ဇဝေဇဝါရှုပ်ထွေးသောစိတ်တို့ဖြင့် လေးလံစွာချမိလိုက်ရပါလေသတည်း။

♡ ♡ ♡



(၀၊း)

"ကရင်း ရင်း ရင်း. . ."

နေ့တစ္စဝလုပ်ငန်းကြီးများနှင့် သက်ဆိုင်သောစာရွက်စာတမ်းများအား လက်မှတ်ရေးထိုးရန်အတွက် မိုးထက်မြင့်သည် သေချာစွာကြည့်ရှုစစ်ဆေးနေဆဲ ဖုန်းမြည်သံကြောင့် ဖုန်းလေးအား လှမ်းယူနားထောင်လိုက်ရပြန်သည်။

"ဟုတ်ကဲ့ အမိန့်ရှိပါခင်ဗျာ၊ ကျွန်တော် မိုးထက်မြင့်ပါ"

"ဒေါ်မိုးစန္ဒာနဲ့စကားပြောချင်လို့ပါရှင်. . ."

"ခင်ဗျာ. . ."

တစ်ဖက်မှစကားသံကြောင့် မိုးထက်မြင့်သည် ချက်ချင်းနားလည်လိုက်သော်လည်း တစ်ဆက်တည်း အံ့သြစိတ်ဖြင့် ပြန်မေးဖြစ်လိုက်ခြင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



"မိုးစန္ဒာပါ. . ."

"ခင်ဗျားဖုန်းမှားနေပါတယ်၊ ခင်ဗျားပြောတဲ့ အမျိုးသမီး ဒီမှာမရှိပါဘူး၊ အခုက ရုံးကိုရောက်နေပါတယ်. . ."

"အို ဟုတ်လား၊ ဆောရီးနော်. . ."

တောင်းပန်သံလေးဖြင့် တစ်ဖက်မှဖုန်းချသွားသည်။ အလုပ်များရသည့်ကြားထဲ ဖုန်းတွေ အနှောင့်အယှက်တွေကလည်း တွေ့ရသည်။ ပြောင်းလာမည့် လက်ထောက်အရာရှိကလည်း ရောက်မလာသေး၍ မိုးထက်မြင့်မှာ နှစ်ယောက်စာအလုပ်တွေကို ပိုလုပ်နေရ၏။

သည်ကြားထဲ အစည်းအဝေးတွေကလည်း ခုတလော ဆက်၍နေသည်။ နှစ်ယောက်စာအလုပ်တွေနှင့် အစည်းအဝေးတွေနှင့် စိတ်ပန်းလူပန်းဖြစ်နေသော မိုးထက်မြင့်မှာ ကြာလာတော့ လက်ထောက်အရာရှိအပေါ် တစ်ချီတစ်ချီ စိတ်တို၍လာတော့၏။

"တာဝန်နဲ့ဝတ္တရားကို မလေးမစားဗျာ၊ ဘာများဖြစ်နေလို့ ဒီလောက်ကြာနေမှန်းမသိဘူး၊ လင်မှု သားမှုတွေနဲ့ အလုပ်ရှုပ်နေရင်လည်း အလုပ်ကထွက်လိုက်ပါတော့. . .

တောက်. .အသိတရားကိုမရှိဘူး၊ အထက်အရာရှိ သဘော





ကောင်းတယ်လို့ သတင်းများကြားထားလို့ အချိန်ဆွဲနေတာလား မသိဘူး၊ ဟွန်း. . ."

လက်မှတ်တွေထိုးရင်း လက်ထောက်အရာရှိအပေါ် သူ စိတ်တိုနေမိသည်။

"ကရင်း ရင်း ရင်း. . ."

"ဟာ ဒီဖုန်းကလည်း လာပြန်ပြီ. . ."

စိတ်တိုတိုနှင့် မိုးထက်မြင့် ဖုန်းကို တော်တော်နှင့်မကိုင်၊ အလုပ်တွေကိုသာ ဆက်လုပ်နေတော့သည်။

"ကရင်း ရင်း ရင်း. . ."

ဖုန်းမြည်သံကလည်း အမြင်ကတ်လောက်အောင် မြည်နေလေ၍ နောက်ဆုံးသော် မိုးထက်မြင့်သည် ဖုန်းကို ဆတ်ခနဲလှမ်းယူနားထောင်လိုက်ရပါတော့၏။

"ဟုတ်ကဲ့ အမိန့်ရှိပါ၊ (× × × )ရုံးကပါ. . ."

"အမလေး ဦးမိုးထက်မြင့်ရယ်၊ ရှင့်ဆီဆက်တာပဲရှင်၊ သိပါသတဲ့၊ ဘယ်ရုံးကပါလို့ ပြောနေစရာမလိုပါဘူး. . ."

တစ်ဘက်မှ အမျိုးသမီးတစ်ဦး၏ အသံကြောင့် မိုးထက်



www.burmeseclassic.com

www.burmeseclassic.com



မြင့်စိတ်ညစ်သွားသည်။ မျက်နှာချောချောမှာလည်း တစ်ဖက်မှ အမျိုးသမီး၏အသံအား မည်သူမည်ဝါရယ် ဖမ်းမရ၍ လေးနက်စွာ စဉ်းစားနေရဟန်မျိုး ရှိနေချေ၏။

"ဟုတ်ကဲ့ အခုပြောနေတာ ဘယ်သူလဲမသိဘူးခင်ဗျာ"

နောက်ဆုံး မိုးထက်မြင့်သည် အားနာနာနှင့်ပင် မေးချလိုက်ရတော့သည်။

"ဒါပေါ့လေ၊ မျိုးမမတို့က ပမွှားလေးဆိုတော့ ဦးမိုးထက်မြင့်အဖို့ ဘယ်အမှတ်ထားပါ့မလဲနော်. . ."

"ဟာ မဟုတ်တာဗျာ၊ ကျွန်တော်သိပါပြီ၊ ရုတ်တရက် ကျွန်တော် အသံမမှတ်မိလို့ပါ၊ စိတ်မရှိပါနဲ့ခင်ဗျာ. . ."

"အို မျိုးမမတို့ကလည်း စိတ်မရှိရပါဘူးတဲ့ရှင်. . ."

"အွန်. .ဟို ဘာကိစ္စများရှိလဲမသိဘူး. . ."

တစ်ဘက်မှ အမျိုးသမီးသမီး၏ အီစီကလီစကားသံအား သူ စိတ်ညစ်လာသည်။ မျိုးမမကိုလည်း သူမှတ်မိလိုက်သည်။ သူမသည်လည်း ရုံးကြီးတစ်ရုံးမှ အရာရှိကြီးတစ်ယောက်၏ တစ်ဦးတည်းသောသမီးရယ်လေ။ သူမတို့အိမ်တွင် မျိုးမမ၏မွေးနေ့ပွဲ





ကျင်းပရာမှ စတင်သိကျွမ်းခဲ့ရခြင်းဖြစ်၏။

"ဦးမိုးထက်မြင့်ကလည်း မျိုးကို ခုထိစိမ်းတုန်းပဲ၊ မျိုးကတော့ တရင်းတနှီး ထမင်းလာစားဖို့ခေါ်မလို့ဟာ. . ."

"သြော် မျိုးမမရဲ့စေတနာကို ကျွန်တော်နားလည်ပါတယ်၊ ဒါပေမယ့် ကျွန်တော်မအားဘူးခင်ဗျာ၊ တော်ကြာ အစည်းအဝေးသွားရတော့မှာ. . ."

"ကြည့် လုပ်ပြန်ပြီ၊ မျိုးခေါ်တိုင်း တစ်ခါမှမလာဘူး၊ ဘာလဲ မျိုးကိုယ်တိုင် ရုံးမှာလာမခေါ်လို့လား. . ."

"အာ မဟုတ်ပါဘူးဗျာ၊ ကျွန်တော် တကယ်မအားတာပါ၊ ပြီးတော့ ကျွန်တော့်လက်ထောက်ကလည်း ရောက်မလာသေးတော့ ပိုဆိုးတာပေါ့. . ."

"ဒါဖြင့် ဘယ်တော့အားမှာလဲ. . ."

"မပြောတတ်သေးဘူးခင်ဗျာ. . ."

"ဒါဆိုလည်း ပြီးရော. . ."

စကားအဆုံး တစ်ဘက်မှ ဖုန်းလေးကို ညင်သာစွာ ချသွားသည်။ မိုးထက်မြင့်သည် နှုတ်ခမ်းဖွဖွစေကာ စိတ်ရှုပ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုအမျိုးသမီးလဲ မသိဘူး၊ ငါ့များ သူ့အဆက်များ မှတ်လားမသိ၊ တော်တော်စိတ်ပျက်ဖို့ကောင်းတဲ့ အမျိုးသမီး၊ ဘာမှန်းလဲ မသိဘူး၊ အလကားနေ ဖုန်းဆက်နေတော့တာပဲ၊ နေရင်း ထိုင်ရင်း ထမင်းကလည်း ခေါ်ခေါ်ကျွေးနိုင်လွန်းတယ်၊ စိတ်ညစ် တယ်၊ မအားရတဲ့ကြားထဲ. . .

ဟိုအရာရှိမကလည်း ရောက်ကိုမလာနိုင်တော့ဘူး၊ ရုံးတက် တဲ့နေ့မှ ခပ်တည်တည်နဲ့ အော်ပစ်လိုက်ဦးမယ်. . ."

အလုပ်လုပ်ဆဲ အနှောင့်အယှက်ဖြစ်သွားရသည်မို့ စိတ်တွေ က တောက်လျှောက်တိုသွားရသည်။ သူ့ အလုပ်လုပ်၍အရှိန်ကောင်း နေဆဲ သတိရ၍ နာရီဆီကြည့်မိတော့ ဆယ့်တစ်နာရီထိုးနေပြီဖြစ်၏။

တစ်နေ့ရာတွင် အစည်းအဝေးလည်းရှိသေးသည်မို့ နေ့ လယ်စာစားမည့်အချိန်နှင့် စိတ်အနားပေးမည့်အချိန်ကိုတွက်ကာ မိုးထက်မြင့်သည် လက်ကျန်အလုပ်လေးတွေကို ဖျားလိုက်ပြီး နေ့ လည်စာစားရန်အတွက် ရုံးခန်းထဲမှ ထွက်သွားလိုက်ပါတော့သတည်း။

♡ ♡ ♡



(ခြောက်)

တရားလို၊ တရားခံ နှစ်ဖက်ရှေ့နေတို့၏ ပြောဆို တင်သွင်း ချေပနေသောစကားများအား သက်ထားနွယ်သည် ကြားတစ်ချက်၊ မကြားတစ်ချက်ရယ်ရှိ၏။ နွယ့်အကြည့်များသည် မိမိ၏ရှေ့နေဖြစ် သော အောင်မျိုးဟိန်း၏ တရားသူကြီးအား ပြောဆိုနေသော ဟန်ပန် အသွင်နှင့်. . .

တရားသူကြီး၏ လေးနက်တည်ငြိမ်စွာ နားထောင်နေသော ဟန်ပန်အသွင်တို့အား ငေးဝေစွာကြည့်နေသည်ဟု အမြင်တွင် ရှိသော် ငြား တကယ်တမ်းမူ နွယ်ကား နွယ့်အမြင်တွင် တရားသူကြီးကို လည်း မမြင်၊ မိမိရှေ့နေ အောင်မျိုးဟိန်းကိုလည်းမမြင်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှနားမလည်နိုင်သော နွယ့်စိတ်အာရုံဝယ် မြင်တွေ့နေရသည်က အက္ခရာတစ်ခုနှင့် ဂဏန်းလုံးတွေသာဖြစ်၏။ ထား၏ မျက်ဝန်းအစုံသည် မှေးလိုက်၊ မှိန်လိုက်၊ လှပသော မျက်ခုံးလေးအစုံသည်လည်း တစ်ချီတစ်ချိန် အတွန့်ကလေးများ ဖြစ်ပေါ်လာလိုက်ဖြင့် တစ်စုံတစ်ရာသောအကြောင်းအား ဖျစ်ညှစ်တွေးတောနေဟန်အသွင်လေးအား ရှေ့နေအောင်မျိုးဟိန်းသည် တရားသူကြီးထံ လျှောက်လဲချက်ပေးနေဆဲမှ သတိထားတွေ့မြင်မိရလေ၏။

နောက်ဆုံးသော် နွယ်သည် မျက်ဝန်းလေးအစုံမှိတ်ကာ နားထင်လေးဆီ လက်ချောင်းကလေးများနှင့် ဖိထောက်ရင်းမှ စိတ်ကို လျှော့ပစ်လိုက်ဟန်ရှိ၏။

"ဒေါက် ဒေါက်. . .၊ အမှုကို ဆယ့်ငါးရက် ကြာသပတေးနေ့ ဆယ်နာရီမှာ ပြန်လည်ကြားနာပါမယ်. . ."

သက်ထားနွယ်ကား တရားသူကြီး၏ ရုံးချိန်းစကားကိုပင် မကြားလိုက်ဟန်ပါ။ မှန်သည်။ နွယ်သည် ဦးနှောက်ထဲ ရှုပ်ထွေးသွားသလို၊ စိတ်ပင်ပန်းသွားသလို၊ အားအင်ကုန်ခန်းသွားသကဲ့သို့ အသွင်လေးသည် နုံးချိစွာရှိနေရချေ၏။





တရားသူကြီး ထွက်သွားသည်ကိုလည်း နွယ်မသိလိုက်၊ အခန်းထဲမှ လူတွေထွက်သွားသည်ကိုလည်း နွယ် သတိမထားမိလိုက်။

"နွယ်. . ."

"ဟင် ရှင်. . ."

နွယ်၏နောက်ကျိရှုပ်ထွေးနေသော အသွင်လေးဆီကြည့်ရင်း အောင်မျိုးဟိန်း၏ ရင်းနှီးစွာခေါ်လာသော ခေါ်သံကို ကြားမိမှပင် နွယ်သည် မိမိကိုယ်တွင်းသို့ အသိဝင်လာသူနှယ် မျက်တောင်ရှည်ကြီးများတဖျတ်ဖျတ်ခတ်ကာ အောင်မျိုးဟိန်းထံ မော့ကြည့်လာရင်းမှ ပတ်ဝန်းကျင်ကိုပါ သတိထားဖြစ်သလိုထူးဖြစ်လာရလေ၏။

"အခု ဒုတိယပတ်ရုံးချိန်းပြီးသွားပြီ နွယ်၊ ပထမပတ်က ကိုယ့်ရဲ့လျှောက်လဲချက်ကို တရားသူကြီးခွင့်ပြုလိုက်တာ နွယ့်ကို အာမခံပေးတယ်လေ. . ."

"ဟုတ်လား၊ ကျေးဇူးတင်ပါတယ်ရှင်. . ."

"ကဲ လာ နွယ်၊ ဒီရုံးထဲမှာ နွယ် စိတ်ကျဉ်းကျပ်နေမှာပဲ၊ နွယ့်ကိုအနားယူဖို့ ကိုယ်အိမ်ပြန်ပို့ရင်း စကားပြောသွားကြတာပေါ့



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့. . ."

စကားများဆိုရင်း ရုံးခန်းထဲမှ သူတို့ထွက်ခဲ့ကြသည်။ ပထမ ရုံးချိန်းနှင့် ဒုတိယရုံးချိန်းရက်များ၏ အတိုင်းအတာကြား၌ တစ်ယောက်နှင့်တစ်ယောက် သူတို့ ပို၍ရင်းနှီးသွားဖြစ်ကြသည်က အမှန်ပါ။ တွေ့စဦးက စိမ်းသယောင်ရှိသော်လည်း အမှုကိစ္စအတွက် တစ်ယောက်နှင့်တစ်ယောက် တွေ့ဆုံသွားလာ ပြောဆိုရဖန်များလာသည်မို့ နွယ်နှင့် အောင်မျိုးဟိန်းသည် တစ်ဦးကိုတစ်ဦး လေးစားသမှုနှင့် ခင်မင်ရင်းနှီးလာကြသည်က ပို၍မှန်၏။

ကားရပ်ထားရာဆီသို့ရောက်သည်တွင် အောင်မျိုးဟိန်းသည် ကားတံခါးအား နွယ့်အတွက် အရေးတယူဖွင့်ပေးသည်။ ထို့နောက် အောင်မျိုးဟိန်းသည် တရားရုံးကြီးရှေ့မှ ကားကိုဖြည်းညင်းစွာ မောင်းနှင်ထွက်ခွာခဲ့၏။

"ကိုအောင်ရယ်. နွယ့်အမှုက ဘယ်တော့ပြီးပြတ်မလဲ မသိဘူးနော်. . ."

"မကြာပါဘူး နွယ်၊ အခုအသစ်ပြုပြင်ပြဋ္ဌာန်းထားတဲ့အတိုင်း ဥပဒေကို အမှန်ဆုံးနဲ့ အမြန်ဆုံး ဆောင်ရွက်နေကြပါတယ်. ."





"နွယ်ကတော့ နွယ့်မှာအပြစ်ရှိတယ်ဆိုရင်လည်း အမြန်ဆုံးပဲ အပြစ်ဒဏ်ကို ခံယူလိုက်ချင်ပါပြီလေ. . ."

"ကိုယ် အမှန်တရားဖြစ်ဖို့ ကြိုးစားနေပါတယ် နွယ်၊ နောက်ထပ်ရုံးချိန်းနှစ်ချီလောက်ဆိုရင်တော့ အမှုပြတ်မှာပါ. . ."

အောင်မျိုးဟိန်းစကားအတွက် နွယ်သည် စိတ်နောက်ကျိရှုပ်ထွေးစွာဖြင့် ငြိမ်သက်စွာပင် နားထောင်နေဖြစ်၏။

"ဒါနဲ့ နွယ့်ကိုကြည့်ရတာ တစ်ခုခုကိုစဉ်းစားပြီး စဉ်းစားမရအောင် စိတ်ရှုပ်ထွေးနေသလိုပဲ၊ နွယ် ဘာကိုစဉ်းစားပြီး တွေးမရဖြစ်နေလဲဟင်. . ."

"ဟုတ်တယ် ကိုအောင်၊ ကိုအောင်ပြောတာမှန်တယ်၊ ဒါပေမယ့် ကိုအောင့်အမေးကို နွယ်ဖြေဖို့အတွက်တော့ ခက်တယ်"

"ဘာဖြစ်လို့လဲ နွယ်. . ."

"ဘာဖြစ်လို့လဲဆိုတော့ ဘာမှမရေရာ မသေချာလို့ပါ၊ မရေရာ မသေချာတဲ့စကားကိုလည်း နွယ် မပြောချင်ဘူးလေ၊ ပြီးတော့ နွယ်ကပြောလိုက်ပါပြီတဲ့၊ နွယ့်ကြောင့် တစ်ဦးတစ်ယောက်ကို သွားပြီး ထိခိုက်မိမှာစိုးတယ်၊ သေချာလို့ကတော့ အကြောင်းမဟုတ်ဘူးပေါ့



www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်ရယ်. . ."

"ဟုတ်ပါတယ်လေ၊ နွယ်ပြောတာ ကိုယ်လက်ခံပါတယ်၊ ဒါနဲ့ နွယ် ဦးနှောက်နဲ့အာရုံကြော ဆရာဝန်ဆီ သွားပြတော့ ဘာထူးခြားလဲဟင်. . ."

"ဘာမှမထူးခြားပါဘူး၊ နွယ် အတိတ်လည်းမမေ့ဘူး၊ နွယ့်အနေနဲ့ သိပ်ပြီးထိတ်လန့်တုန်လှုပ်သွားလို့ သတိနည်းနည်းချွတ်ချော်တာလောက်ပဲရှိမှာပါလို့ ဆရာဝန်ကပြောတယ်. . ."

"တော်သေးတာပေါ့ နွယ်ရယ်၊ နွယ် စိတ်မပူပါနဲ့၊ ကိုယ် ဒီအမှုကို အမှန်ဆုံးနဲ့အမြန်ဆုံးဖြစ်စေဖို့ အထူးပဲကြိုးစားဆောင်ရွက်ပါ့မယ်. . ."

"ကျေးဇူးတင်ပါတယ် ကိုအောင်. . ."

"ရပါတယ်ဗျာ၊ ကိုယ်စိတ်ကူးထားတာရှိတယ်. . ."

"ဘာလဲ ကိုအောင်. . ."

"နွယ် ကားတိုက်မှုဖြစ်တဲ့နေရာကို တစ်နေ့သွားကြည့်မလားလို့. . ."

"ဒါဆို နွယ်ကော လိုက်လို့မရဘူးလား. . ."





"နွယ်လိုက်ချင်ရင်လိုက်လေ၊ အပြန်ကျရင် မော်ဘီရဲစခန်းကိုပါဝင်ပြီး နွယ့်ကားကို ကိုယ်ဝင်ကြည့်ဦးမယ်၊ ဓာတ်ပုံတွေလည်း ကိုယ့်ဆီမှာရှိပါတယ်၊ ဓာတ်ပုံက အနေအထားနဲ့ အပြင်က အနေအထားတွေကို ကိုယ်လေ့လာချင်လို့ပါ၊ ကိုယ်ထင်ပါတယ်၊ နွယ့်အမှုဟာ ရှေ့တစ်ပတ်ဆိုရင်ပြီးမယ်ဆိုတာ ကိုယ်ယုံကြည်တယ်. ."

"တကယ်လား ကိုအောင်. . ."

"ကိုယ့်ရဲ့လက်ရှိလေ့လာချက်တွေအရတော့ အတတ်ပြောရဲပါတယ်. . ."

"ဝမ်းသာလိုက်တာ ကိုအောင်ရယ်၊ ကိုအောင့်ကို နွယ်သိပ်လေးစားတယ်၊ အမှုတစ်ခုကို ကိုအောင်က အပင်ပန်းခံပြီး လက်တွေ့ကျကျလေ့လာစူးစမ်းလို့လည်း အမှုတွေမှာ အနိုင်ရပြီး အောင်မြင်တာပေါ့နော်. . ."

"အဟွန်း ဒါကတော့ နွယ်ရယ်၊ ကိုယ်ချစ်တဲ့ ကိုယ့်အလုပ်အတွက် ကိုယ့်ရဲ့ကြိုးပမ်းဆောင်ရွက်မှုပဲလေ. . ."

"မှန်ပါတယ်၊ ဒါပေမယ့် ဘာပဲဖြစ်ဖြစ်ပါ ကိုအောင်ရယ်၊ ခုခေတ်မှာတော့ သမာသမတ်ရှိတဲ့သူဆိုတာ သိပ်ရှားပါးနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အံ့ဟွန်း ကိုယ့်ကိုချိုးမွမ်းနေတာ ကျေးဇူးတင်ပါတယ် နွယ်"

"ကြည့် ကိုအောင်ကလေ နွယ်က အမှန်ပြောတဲ့ဟာ. ."

စကားများဆိုရင်း နွယ်၏တည်ငြိမ်သောစကားလုံးလေးများတွင် အောင်မျိုးဟိန်းသည် အဖြစ်ထူးစွာရှိနေရသည်က အမှန်ပါ။ နွယ်သည်လည်း ထိုမျှထက်မြက်၍ တည်ငြိမ်ရင့်ကျက်ချောမောသော အောင်မျိုးဟိန်း၏အသွင်အား တလေးတစားဖြင့် တရင်းတနှီးကြီး ရှိဖြစ်ရပါသတည်း။

မှန်သည်။ နွယ်နှင့်ကိုအောင်တို့ကား နေနှင့်လ၊ ရွှေနှင့်မြ ပမာ အသက်ချင်းမတိမ်းမယိမ်း ခေတ်ပညာတတ်များဖြစ်၍ အရွယ်ချင်းမျှကာ လိုက်ဖက်ညီခြင်းဖြင့် တစ်ဦးကတစ်ဦးအပေါ် ရင်ခုန်နွေးထွေးစရာပါ။

သို့ဖြင့် နွယ်သည် မည်သို့ရှိသည်မသိသော်ငြား၊ အောင်မျိုးဟိန်း၏ရင်ထဲမတော့ လက်ရှိက မိမိ၏အမှုသည်အဖြစ် အနေအထားတွင် ရှိသည်မို့ မိမိ၏ရင်ခုန်သံအား မောပန်းခက်ခဲခြင်းများစွာဖြင့် ထိန်းချုပ်ထားရလေသည်တကား။

♡ ♡ ♡



(ခုနစ်)

"သမီး. .သမီးရဲ့ကျန်းမာရေးလည်း ကောင်းနေတာပဲ၊ သမီး အလုပ်ဝင်ရင်ကောင်းမယ်ထင်တယ်. . ."

ညစာစားပြီး၍ သက်ထားနွယ်တစ်ယောက် ဝတ်နေရာသို့ စုံစိုက်ကြည့်ကာ ငေးတွေနေဆဲ ဖခင်ဖြစ်သူ၏စကားသံကြောင့် မိခင်ဖြစ်သူက သမီးချောထံလှမ်း၍ကြည့်သည်။

သက်ထားနွယ်သည်က လေးနက်သော သူမအတွေးတွေနှင့်မို့ ဖခင်ဖြစ်သူစကားသံအား မကြားလိုက်မိသလိုပါ။ တစ်စုံတစ်ရာကို တွေးတောကာ မြင်ယောင်နေပုံမျိုးရှိသည့် သမီးချော၏အသွင်ကို ကြည့်ရင်း မိခင်ဒေါ်အေးနွယ်သည် သမီးအနီးချဉ်းကပ်ထိုင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရင်းမှ. . .

"သမီး. . ."

"ဟင်. . ."

ပခုံးထက်ကိုင်လာသော မိခင်၏ လက်တစ်ဖက်အတွေ့ကြောင့် နွယ်သည် လန့်ဖြန့်သွားသလိုရှိကာ သတိဝင်လာ၏။ မိခင်ကိုကြောင်ငေးကာ နွယ် ကြည့်နေမိသည်။

"သမီး. . ."

"ခြော် မေမေ. . ."

နွယ့်ပုခုံးလေးဆီ ဖျစ်ညှပ်ကိုင်ကာ ဒေါ်အေးနွယ်ထပ်ခေါ်လေမှ သက်ထားနွယ်သည် မျက်တောင်ကော့ရှည်ကြီးများအား တဖျပ်ဖျတ်ခတ်ကာ မိခင်ကိုငေးကြည့်ဆဲဆိုသည်။

"သမီး ဘာစဉ်းစားနေလဲ. . ."

ဇနီးသည်၏အမေးအဘွက် ဦးကြည်စိုးသည်လည်း သမီးချောအသွင်အား စိတ်ဝင်တစား စူးစမ်းစွာငေး၍ကြည့်နေဖြစ်လေ၏။

"ဟင်း. . ."

နွယ်သည် သက်မမောကိုချကာ ခေါင်းကိုယမ်းသည်။ ပြီး





အတွေးဖြင့် မပြယ့်တပြယ်ရှိသော မျက်ဝန်းတို့ဖြင့် မိခင်နှင့်ဖခင်ထံပြန်ကြည့်ရင်းမှ. . .

"ဘာတွေမှန်းလဲမသိပါဘူး မေမေရယ်၊ ဘာမှတော့ ဟုတ်မယ်မထင်ပါဘူး. . ."

"ဘာပြောနေတာလဲ သမီး. . ."

နားမရှင်း၍ ဖခင်ဖြစ်သူ ဦးကြည်စိုး ဝင်ရောက်မေးသည်။

"ဘာမှမဟုတ်ပါဘူး ဖေဖေ. . ."

ခေါင်းကိုညင်ညင်ခါရင်း နွယ် ဆိုသည်။ ထိုသို့ငြင်းဆိုဆဲမှပင်လည်း နွယ့်မျက်ဝန်းအစုံဝယ် စူးရှသောအလင်းရောင်ထဲ၌ အက္ခရာနှင့် ဂဏန်းနံပါတ်တွေကို မြင်နေမိရချေ၏။

"သမီး. . ."

"ရှင်. . ."

အနီးမှ မိခင်ခေါ်သံကြောင့် မိခင်ထံကြည့်လာရင်း နွယ်ထူးသည်။ ဒေါ်အေးနွယ်သည် ချစ်သမီး၏အသွင်ကို အားမလိုအားမရဟန်နှင့်ဖြင့်ဖြစ်နေမိသကဲ့သို့ ဖခင်ဖြစ်သူသည်လည်း ဇဝေဇဝါ အားမရဟန်ဖြင့် စူးစိုက်ကြည့်နေဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"သမီးဖေဖေကပြောနေတယ်. . ."

"ရှင် ဖေဖေ ဘာပြောလဲဟင်၊ နွယ် မကြားလိုက်ဘူး. ."

မိခင်ဆိုလေမှ ဖခင်အား လေးစားအားနာခက်ခဲဟန်ဖြင့် နွယ် ဆိုသည်။

"သမီးဖေဖေက သမီးကိုအလုပ်ဝင်စေချင်ပြီ. . ."

"ဟုတ်တယ် သမီး၊ သမီးကို ဖေဖေ အလုပ်ဝင်စေချင်ပြီ၊ တော်ကြာ သမီးအထက်အရာရှိက စိတ်ဆိုးနေပါဦးမယ်၊ အခုတောင် လွန်လှပြီ. . ."

"ဟုတ်ကဲ့ ဖေဖေပြောတာမှန်ပါတယ်၊ နွယ်လည်း အလုပ်ဝင်ချင်ပါပြီ ဖေဖေ၊ ဒါပေမယ့် နွယ့်ကိစ္စတွေက မပြီးသေးဘူး၊ ရှေ့တစ်ပတ်မှစီရင်ချက်ချမယ်လို့ပြောတယ်. . ."

"အင်း မောင်အောင်မျိုးဟိန်းကိုယ်တိုင်လည်း မေမေတို့ကို လာပြောပါတယ်၊ ဒီသူငယ်လည်းတော်တော် တော်တာပဲ၊ ဒါကြောင့် လည်း ရှေ့နေလောကမှာ နာမည်ကြီးတာပေါ့လေ. . ."

"ဟုတ်တယ် မေမေ၊ ကိုအောင်ရဲ့ထက်မြက်တဲ့ ဉာဏ်ရည်နဲ့ လုပ်ဆောင်ချက်တွေဟာ သူနဲ့အတူသွားလာကြည့်မှ ပိုသိရ





တယ်. . ."

"ဒီသူငယ်ကိုတွေ့စကတည်းက ဖေဖေလည်း သိလိုက်ပါတယ်၊ မှန်ကန်မှုတိကျပြတ်သွားမှုနဲ့ အင်မတန်မှ ထက်မြက်မယ့်သူဆိုတာ သူ့ကိုတွေ့ကတည်းက ဖေဖေမှတ်ချက်ချခဲ့တယ်. ."

ရှေ့နေအောင်မျိုးဟိန်းအား ကိုယ်စီမြင်ယောင်ကာ မိသားစုချီးမွမ်းပြောဆိုနေမိကြသည်။

"အင်း မေမေတော့ ဒီသူငယ်ကို တကယ်ပဲချီးကျူးတယ်၊ အရုပ်အမောင်းနဲ့ ရုပ်ရည်ဆိုလည်း ဆိုဖွယ်မရှိဘူး၊ ရုပ်ရှင်မင်းသားတွေတောင် ရှုံးရတယ်၊ မေမေ့မျက်လုံးထဲတော့ ရွှေကိုင်းမျက်မှန်နဲ့ ပိုပြီးတော့တောင်မှ ယောကျာ်းပီသပြီး တည်ငြိမ်ရင့်ကျက်မှုနဲ့ ချော့မွေ့နေသေးတယ်လို့ ထင်သေးတယ်. . ."

အောင်မျိုးဟိန်းအပေါ်၌ မိခင်ကြီး၏ ချီးမွမ်းစကားအတွက် နွယ်သည် နားထောင်ရင်း ပြုံးနေဖြစ်၏။

"ကဲ သားအမိတွေ စောစောကစကားတောင် ပြတ်သွားပြီ၊ သမီးအလုပ်ကိစ္စပြောနေရာက မောင်အောင်မျိုးဟိန်းအကြောင်း ရောက်သွားတယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း. . ."

ဖခင်ကြီးဝင်ဆိုမှ သားအမိနှစ်ဦး စကားစပြတ်ကာ နွယ်သည် ပြုံးရင်း ဖခင်ထံကြည့်ဖြစ်၏။ ဦးကြည်ဝိုးသည် တစ်ချက်မျှစဉ်းစား သလို ရှိပြီးမှ. . .

"သမီး. . ."

"ရှင် ဖေဖေ. . ."

"သမီးအလုပ်မဝင်သေးတောင်မှ အရာရှိနဲ့သွားတွေ့ဖို့လိုမယ် လို့ ဖေဖေအကြံပေးချင်တယ်. . ."

"ဟုတ်တယ် သမီး၊ မေမေလည်း ဒီလိုပဲစိတ်ကူးမိတယ်"

"ဟုတ်ကဲ့ ဖေဖေ၊ နွယ်လည်း ဒီလိုပဲစိတ်ကူးမိပါတယ်၊ ဖေဖေပြောသလို နွယ် အရာရှိနဲ့သွားတွေ့ထားလိုက်ပါမယ် ဖေဖေ"

"အေး အေး. .ဒါမှ ရုံးကအရာရှိအတွက်လည်း ကောင်းတာ ပေါ့ သမီးရယ်. . ."

"ကဲ သမီး. .ကိုးနာရီခွဲတော့မယ်၊ သမီးဆေးသောက်ပြီး အနားယူရမယ်. . ."

"ဟုတ်ကဲ့ မေမေ. . ."





မိခင်ကြီးဆိုတော့ နွယ်သည် နေရာမှထထွက်ခဲ့လိုက်၏။ အိပ်ခန်းဆီသို့ လှမ်းတက်သွားသော သမီးချောဆီ မိဘနှစ်ပါးစလုံး လှမ်းကြည့်နေဆဲမှ ဒေါ်အေးနွယ်သည် ခင်ပွန်းသည်ထံကြည့်လာ ရင်း. . .

"သမီးမှာ ဘာမှမထိခိုက်ဘူးသာဆိုတယ်၊ ဘာဖြစ်လို့ ဆေး က သောက်နေရတာလဲ ဖေကြီးရဲ့. . ."

"မထိခိုက်ဘူးဆိုတာက ကြီးကြီးမားမား မထိခိုက်ဘူးလို့ ဆရာဝန်ကပြောတာပါ၊ ဒါပေမယ့် သမီးဟာ လူသေရလောက်အောင် ကားတိုက်မှုဖြစ်ခဲ့တာကြောင့် သမီးဟာ သိပ်ကိုချောက်ချားသွားပုံ ရတယ်လို့ ဆရာဝန်က ယူဆတယ်လေ၊ ရုတ်တရက် သမီးဟာ ဘာမှတောင်သတိမရပါဘူး၊ နောက်မှ တဖြည်းဖြည်း အားလုံးသိလာ တာမဟုတ်လား. . ."

"အင်း. . ."

ခင်ပွန်းသည်ဆိုတော့ ဒေါ်အေးနွယ်သည် အစောပိုင်းက သမီးအဖြစ်ကို ပြန်လည်မြင်ယောင်ကာ ခေါင်းညိတ်ထောက်ခံမိသည်။

"ဘာပဲပြောပြော သမီးမှာ ထိတ်လန့်ချောက်ချားမှုကြောင့်



www.burmeseclassic.com

www.burmeseclassic.com



သတိချွတ်ချွတ်မှုတစ်ခုခုရှိမယ်လို့ ဆရာဝန်က အထင်ရှိလို့ ဆေးသောက်ခိုင်းတာဖြစ်မှာပေါ့. . ."

"အင်း ဟုတ်မှာပါလေ၊ ဒါပေမယ့် သမီးကြည့်ရတာ သူ့ကိုယ်သူအားလုံးသိနေပေမယ့် အင်း. .တစ်မျိုးတော့တစ်မျိုးပါပဲ"

"ကဲ ကဲ အမေကြီးရယ်၊ သိပ်လည်း စဉ်းစားမနေပါနဲ့၊ ဘုရားရှိခိုး ပုတီးစိပ်ကြရအောင်ပါ၊ ဘာပဲပြောပြော တရားကို နတ်စောင့်တယ်၊ သူတော်ကောင်းကို နတ်မပါတယ်. . ."

ဆိုရင်း ခင်ပွန်းသည်တစ်ယောက် ဘုရားခန်းထဲဝင်သွားသည်တွင် ဒေါ်အေးနွယ်သည်လည်း လက်ခံယုံကြည်စွာဖြင့် ခင်ပွန်းသည်နောက်မှ ဘုရားခန်းဆီသို့ လိုက်ပါဝင်ရောက်သွားလေ၏။

♡ ♡ ♡



(ရှစ်)

မိဘများ၏ အကြံဉာဏ်ပေးချက် အပါအဝင် မိမိ၏ကိုယ်ပိုင် ဆုံးဖြတ်ချက်ဖြင့် သက်ထားနွယ်သည် အထက်အရာရှိနှင့်တွေ့ဆုံရန်အတွက် ရုံးသို့ရောက်ခဲ့၏။

မိမိသည် (× ×)ရုံးမှ လက်ထောက် အရာရှိတစ်ဦးဖြစ်သော်လည်း ရုတ်တရက် မည်သူကမျှ အကြောင်းမသိ၊ ပြိုင်စံရှား၍ လွန်စွာမှ နုနယ်ပျိုမျစ်လှပလွန်းသော ရွှေရုပ်လွှာလေးအဖြစ်နှင့်သာ လူတွေအမြင်၌ တအံ့တသြကြီး ရှိနေကြသည်မှလွဲ၍ မိမိ၏အထက်အရာရှိနှင့်တွေ့ရန်မှာမူ လွယ်ကူလှခြင်း မရှိပါလေ။

လူတွေအမြင်၌ သည်နေ့မှ ထူးဆန်းစွာရောက်လာသော



www.burmeseclassic.com

www.burmeseclassic.com



အလှရွှေနတ်သမီးလေးတစ်ပါးနှင့် မိမိရုံးမှ အရာရှိကြီးနှင့် မည်သို့များ ပတ်သက်ဆက်နွှယ်နေပါလိမ့်ဟူသော အဖြေထွက်နေဟန် မျက်လုံးတွေကိုသာ နွယ်သည် မခံချမခံသာ မြင်တွေ့ရ၏။

သို့သော်လည်း နွယ်သည် ထိုမျက်လုံးများအား ဂရုမစိုက်ပါ။ နောက်ဆုံး နွယ်သည် မိမိ၏အထက်အရာရှိ ဦးမိုးထက်မြင့်နှင့် တွေ့ဆုံရန်အတွက် ဦးမိုးထက်မြင့် ရုံးခန်းရှေ့သို့ရောက်ခဲ့ရပါတော့၏။

"အစ်မ. .ဆရာနဲ့တွေ့မလို့လား ခင်ဗျာ. . ."

အရာရှိဦးမိုးထက်မြင့် ရုံးခန်းရှေ့၌ စောင့်သော ဝန်ထမ်းလေးမှာ နွယ့်အလှနှင့် နွယ့်အသွင်အား အံ့သြလွန်းသော အကြည့်တွေနှင့် ကြည့်လာရင်းက မဝံ့မရဲဆိုလာလေ၏. . .

"ဟုတ်တယ်၊ ကျွန်မလည်း ဝန်ထမ်းပါပဲ၊ ရှင်တို့ဆရာနဲ့ ကိစ္စရှိလို့လာတွေ့တာပါ. . ."

"ဒါဆို ကျွန်တော် ဆရာ့ကို ဝင်ပြောပြလိုက်ပါဦးမယ်၊ ဆရာ အလုပ်များမများ ကြည့်ပါဦးမယ်. . ."

"ကောင်းပြီလေ. . ."

"ကျေးဇူးပြုပြီး အစ်မနာမည်လေး တစ်ဆိတ်ပြောပါ ခင်ဗျာ"





"သက်ထားနွယ်ပါ. . ."

"ဟုတ်ကဲ့. . ."

အရာရှိရုံးခန်းထဲသို့ အလုပ်သမားလေးဝင်ရောက်သွားသည်တွင် နွယ်သည် သက်မမောလေးအား ချကျန်ရစ်ရပြန်၏။ အပြင်၌ နွယ်သည် အရာရှိနှင့်တွေ့ရန် စောင့်နေဆဲ ရုံးခန်းတွင်းရှိ မိုးထက်မြင့်နှင့် အလုပ်သမားလေးတို့နှစ်ယောက်မှာကား. . .

"ဆရာ. . ."

"ဟင်. . ."

"ဆရာ့ကိုတွေ့ချင်လို့တဲ့ခင်ဗျာ. . ."

"ဘယ်သူလဲ. . ."

"ဟို ပြောမပြတတ်အောင် လှပနုနယ်ချောမွေ့လွန်းတဲ့ အမျိုးသမီးတစ်ယောက်ပါပဲ ဆရာ. . ."

"မင်းနှယ်ကွာ၊ ပြောပုံကလည်း ရှည်လျားလိုက်တာ၊ နာမည်မမေးခဲ့ဘူးလား. . ."

"မေးခဲ့ပါတယ် ဆရာ၊ ဟို သက်. .သက်ထားနွယ်တဲ့"

"သက်ထားနွယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



အမည်ကို နှုတ်မှရေရွတ်မိခြင်းနှင့်အတူ မိုးထက်မြင့် ခေါင်းထဲသို့ အသိတစ်ခုသည် တစ်ဆက်တည်း ထိုးဖောက်ဝင်ရောက်လာ၏။ ထိုအမည်ကို သူချက်ချင်းသိလိုက်သည်။ သူ နေ့စဉ် မကျေမနပ်ဖြစ်နေရသည်မှာ ထိုအမည်နှင့် ထိုအမည်ပိုင်ရှင်ကိုပင် မဟုတ်ပါလား။ မိုးထက်မြင့်သည် မကျေမနပ်ဖြင့် သွားတို့စေ့ကာ တွေးဖြစ်သွားရခြင်းပါ။

“ကောင်းပြီ၊ အထဲလွှတ်လိုက်ပါ. . .”

“ဟုတ်ကဲ့ ဆရာ. . .”

ဆိုရင်း အလုပ်သမားလေးမှာ သူ့ရှေ့မှပြန်ထွက်သွားလိုက်သည်။

“ဟွန်း ဒီအမျိုးသမီး နားလည်မှုတော်တော်ကင်းမဲ့တယ်၊ တော်တော်အခွင့်အရေးယူတယ်၊ မသိဘူးလား. .ဒီလိုရုံးကြီးမှာ ပေါ့ဆလို့မရဘူးဆိုတာ. . .

ဟွန်း. .အရာရှိသဘောကောင်းတယ်လို့ သတင်းကြားမိလို့ ဒီလိုအခွင့်အရေးယူတာကိုတော့ သည်းမခံနိုင်ဘူး၊ ဒီမှာကဖြင့် တစ်ယောက်တည်း၊ လူကိုနားရတယ်ကိုမရှိအောင် ချာချာလည်နေပြီ၊





ဟွန်း သိမယ်၊ ဒီအမျိုးသမီးတော့လား ကောင်းကောင်းကြမ်းပစ်လိုက်မယ်.၊

တွေ့ပစေဦး၊ မှတ်လောက်သားလောက်အောင်ကို ငါပြောပစ်. . .”

“ဆရာ. . .”

“ဟင် ဗျာ. . .”

သက်ထားနွယ်ကိုတွေ့လျှင် မကျေမနပ်စိတ်တွေနှင့် ပင်ပန်းသမျှတွေစုပြုကာ ပြောဆိုပစ်လိုက်မည်ဟု အရာရှိကြီးသက်တင်အောင်တစ်ယောက် စားပွဲပေါ်မှ လက်မှတ်ထိုးပြီးသော ဖိုင်တွဲကို သိမ်းဆည်းကာ ရင်ထဲကျိတ်ကျိတ်တေးမှတ်နေဆဲခိုက်. . .

ခြေသံဖွဖွလေးနှင့်အတူ စောင်းခတ်သံအလား နားစည်ထဲသို့ စီးဝင်လာသော ချိုလွင်သာယာသည့်ခေါ်သံလေးအား ကြားမိသည်နှင့် သူ့ခေါင်းသည် ဆတ်ခနဲမော့၍သွားကာ လှမ်းကြည့်မိစဉ်မတော့ စောစောက အားဖြည့်ထားသော မကျေမနပ်ဖြစ်ရလွန်းသည့် သူ့အရှိန်များသည် တစ်ရစ်ရစ်တောင်မဟုတ်၊ ထိုး၍ကျဆင်းသွားရကာ. . .



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာသွင်ပြင်နှင့် မျက်ဝန်းများ၌ အရိပ်များသည် ဖြတ်ကာ၍သွားရင်း သူ့နှုတ်မှလည်း 'ဗျာ'သည်နောက်ဆက်တွဲအဖြစ် ထွက်ပေါ်သွားရလေ၏။

သူ၏ 'ဗျာ'သည် အံ့ဩခြင်းများနှင့် မယုံကြည်နိုင်ခြင်းနှင့် မမျှော်လင့်ခြင်းများနှင့်ရယ်။ နူးညံ့သိမ်မွေ့နေရလေသည် မဟုတ်ပါတကား။

မှန်သည်။ အရာရှိကြီး ဦးမိုးထက်မြင့်အနေဖြင့် မိန်းမချော မိန်းမလှများအား မမြင်ဖူး၍မဟုတ်၊ မြောက်မြားစွာမြင်ဖူး၏။ သို့သော် ထိုသို့သောကောင်းခြင်းအဖြာဖြာနှင့် စံမီနိုင်သော ရင်ဝယ် ဘငြိမ့်ငြိမ့်စွဲငြိစေရသည့် အလှမျိုးကိုမူ သူ မမြင်ဖူးခဲ့။

"ဘုရား ဘုရား . .ငါဘယ်လိုဖြစ်သွားပါလိမ့်. . ."

အလှအပတရား၌ သူ မှင်တက်နစ်မျောနေဆဲ နွယ်သည် မသိဟန်ဆောင်ရင်းကပင် အနေခက်စွာ ထပ်၍အသံပြုခေါ်ဖြစ်ရ၏။

"သြော် ဗျာ ထိုင်ပါ. . ."

"ကျေးဇူးတင်ပါတယ် ဆရာ. . ."

မျက်နှာချင်းဆိုင် သူတို့ထိုင်ဖြစ်ကြသည်တွင် တစ်ယောက်ကို





တစ်ယောက် ပို၍အနီးကပ်ကြည့်ဖြစ်ရသကဲ့သို့ ရှိရပြန်၏။ မိမိအပေါ်၌ အမျိုးသားများ၏ လွန်စွာချီးမွမ်းနှစ်ခြိုက်မြတ်နိုးစွာ ရှိတတ်ကြသည့် အကြည့်မျက်ဝန်းများအား နွယ်သည် နေ့တဓူဝခံနေရသူရယ်ပါ။

သို့သော် ဘာကြောင့်မှန်း နွယ် မဆိုတတ်တော့ပါ။ ယခင် အမျိုးသားများ၏အကြည့်များသည် နွယ့်အတွက် မည်သို့မျှထူးခြားခြင်း မရှိခဲ့သော်ငြားလည်း ယခု မိမိရှေ့၌ရှိသော မိမိ၏အထက်အရာရှိဖြစ်သူ ထိုအမျိုးသား၏အကြည့်မျက်ဝန်းတွင်မတော့ နွယ့်ရင်သည် သိမ့်သိမ့်ကလေး လှုပ်ရှားသွားရသည့် အဖြစ်အား နွယ်သည် ဝန်ခံရပေတော့မည်ဖြစ်၏။

မိမိအထက်အရာရှိ၏အသွင်သည် ချောနူ၍ လူကြီး လူကောင်းဆန်နေရသည့်ကြားထဲပင် သူ၏ နွယ့်အား မြင်တွေ့ရ၍ ထူးခြားမှုများကမူ မဖုံးကွယ်နိုင်အောင် ဖြစ်နေရသည် မဟုတ်ပါတကား။

"ဆရာ. . ."

"ပြော ခင်ဗျာ. . ."

တစ်ယောက်ကိုတစ်ယောက် ငေးကြည့်နေမိကြရာမှ ... ထူး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လိုက်ကြသည်။ သူတို့စကားသံများသည် ကိုယ်စီ ယိမ်းထိမ်းသိမ်းသိမ်း ရှိနေကြသည်ပါ။

"ဆရာ့ကို နွယ် တောင်းပန်ပါရစေရှင့်. . ."

"ဟို. . ."

"နွယ် နားလည်ပါတယ် ဆရာ၊ တကယ်ဆိုရင် အခုအချိန်တွေဟာ နွယ် အလုပ်ဝင်ရတော့မယ့်အချိန်တွေပါ၊ နွယ်လည်းပဲ ကိုယ့်ရုံးရဲ့ စည်းကမ်းနဲ့ ကိုယ့်အလုပ်ရဲ့တန်ဖိုးကို နားလည်ပါတယ် ဆရာ၊ ဒါပေမယ့် နွယ့်မှာ မမျှော်လင့်ဘဲ ပြဿနာတစ်ခု ဖြစ်သွားပါတယ်. . .

ဒါကြောင့် အဲဒီပြဿနာကို နွယ် ရင်ဆိုင်နေရတယ် ဆရာ၊ ဒါပေမယ့် ဒီလကုန်ရင်တော့ ဒီကိစ္စတွေအားလုံး ပြီးပြတ်ပါပြီ ဆရာ၊ နောက်ပြီး မမျှော်လင့်ဘဲ ဝင်ရောက်လာတဲ့ ပြဿနာနဲ့အတူ နွယ့်ရဲ့ ကျန်းမာရေးအခြေအနေကိုလည်း ဆရာဝန်က စောင့်ကြည့်စေချင်တယ်ဆိုလို့ နွယ် မလုပ်မဝင်ဖြစ်တာပါ

အလုပ်အဝင်ဖြစ်ပေမယ့် ဆရာ့ဆီ အကြောင်းကြားသင့်တာကိုလည်း နွယ် နားလည်ပါတယ်၊ ဒါပေမယ့် အဲဒီအချိန်က





နွယ် အားလုံးကိုမေ့လျော့နေသလိုပါပဲရှင်၊ ဒါကြောင့် အခုမှ နွယ် ဆရာ့ကိုလာတွေ့ပြီး တောင်းပန်တာပါ၊ ဆရာမကျေနပ်တာရှိရင်လည်း နွယ့်ကိုပြောပါ ဆရာ. . ."

နွယ် စကားတွေကို ဖြည်းဖြည်းချင်းဆိုသည်။ နွယ့်စကားသံသည် ငြိမ်း၍သာယာလွန်းသော စမ်းရေစီးသံအလားရှိတော့၏။

မိုးထက်မြင့်သည် တစ်ချီတစ်ချီ မျက်မှောင်လေးတွန့်ပြီး တစ်ချီတစ်ချီလည်း တွေငေးသွားဟန်နှင့်ရှိသော နွယ့်အသွင်လေးအား ငေးကြည့်ရင်းကပင် စကားမဆိုဖြစ်ပါ။

တစ်ချက်တော့ဖြင့် မိုးထက်မြင့် စဉ်းစားမိသည်။ ထိုမျှ ကျက်နေအောင်လှပသည့် မိန်းမချောသည် ဘယ်နေရာကများ ကျန်းမာရေးမကောင်းဖြစ်နေရသနည်းဟု။

မေး၍ကလည်း မသင့်တော်သလိုထင်ရ၍ မိုးထက်မြင့် ငေးဖြစ်တော့ပါ။

"ဆရာက ရုံးတက်ပါဆိုလည်း နွယ် တက်ရမှာ. . ."

နောက်ဆုံးအဖြစ်ကို ညင်သာစွာပြောလာသည့် နွယ့်စကားသံ စကား သူသည် ကောင်းကွာသတိသားရလေမှ သူ့အသွင် တည်ငြိမ်



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်ကြားမှ သူသည် အားနာသွားဟန် ပျာသွားဟန်နှင့်ရှိရင်း. .

"အား ရပါတယ်၊ ကိုယ့်အနေနဲ့ အလုပ်တွေတော့ အရမ်းများနေပါတယ်၊ ဒါပေမယ့် ဒေါ်သက်ထားနွယ် တစ်ရက်နေ့ အလုပ်ဝင်မယ်ဆိုရင် ကိုယ်ကျေနပ်ပါပြီ. . ."

"ကျေးဇူးတင်ပါတယ် ဆရာ၊ တစ်ရက်နေ့ကိုတော့ နွယ်သေချာအလုပ်ဝင်နိုင်ပါပြီ၊ ဆရာ့ကို နွယ် ဘယ်လိုကျေးဇူးတင်မှန်းတောင် မသိတော့ပါဘူးရှင်၊ နွယ် အခွင့်အရေးယူတာ မဟုတ်ပါဘူး၊ နွယ် တကယ်ပဲပြဿနာနဲ့ ရင်ဆိုင်နေရဆဲအချိန်ဖြစ်နေလို့ပါ. ."

နွယ့်စကားများနားထောင်ရင်း မိုးထက်မြင့်သည် ရင်ခုန်ဖွ နွယ့်အား ငေးကြည့်နေဖြစ်၏။

ကာဝေမလေးကျနေတာပဲ၊ အစောပိုင်းက ငါ သူ့ကို မကျေ မနပ်ဖြစ်နေတာတွေ သူ သိနေသလိုပဲ အဟွန်း. . .။

နွယ့်ကိုငေးရင်း နွယ့်စကားတွေ နားထောင်ရင်းက မိုးထက် မြင့် တစ်ချက်ခပ်ရှိန်းရှိန်း တွေးဖြစ်ရခြင်းပါ။

"ကိစ္စမရှိပါဘူးဗျာ၊ ရပ့ါတယ်၊ တစ်ဘက်သားရဲ့ အခက် အခဲကို ကိုယ်နားလည်ပေးရမှာပေါ့၊ ပြီးတော့ ကိုယ်တို့က ဝန်ထမ်း





အချင်းချင်းပဲလေ၊ အလုပ်မောင်နှမတွေပဲဗျာ ရပါတယ်. . ."

မိုးထက်မြင့်တစ်ယောက် စောစောက မာန်ချီထားသော စိတ်ကူးတွေ ဘယ်ရောက်ကုန်သည်မသိတော့ပါ။

ချောမောသော သူ့အသွင်မှ တည်ငြိမ်ခံ့ညားခြင်းနှင့် အဆင်ပြေသော စကားများကိုသာ သူပြောဖြစ်ရချေ၏။

"ကျေးဇူးတင်ပါတယ် ဆရာ၊ ဆရာ့ကို နွယ် လေးစားပါတယ်၊ နွယ့်ကို ပြန်ခွင့်ပြုပါဦးရှင်. . ."

"ကောင်းပါပြီ. ."

သူ့ကိုနှုတ်ဆက်ပြီး သက်ထားနွယ်ဟူသည့် သူ့ရဲ့ လက်ထောက်ညွှန်ကြားရေးမှူး မိန်းမချောကား ထွက်သွားပါချေပြီ။

စာဖွဲ့လို့မမှီကဲ့အလှ၊ ကဗျာဆန်တဲ့အလှ၊ နုနုးဆန်ကဲ့အလှ ဆိုတာ သူ့ကိုပြောတာပဲဖြစ်မယ်၊ ငါ ဒီလိုမျိုး နဖူးကနေ ခြေဖျားလေး အထိ ပြစ်မျိုးမဲ့မလင်တဲ့ အဖိုးတန်အလှမျိုး ငါတစ်သက်တာမှာ ဒီတစ်ခါပဲ မြင်ဖူးသေးတယ်. . .

သူ့အလှက ငါ့ရင်ထဲကို တစိမ့်စိမ့်စီးဝင်စွဲနှစ်စေပါလားနော်၊ ဟုတ်တယ်၊ ခုမှ ငါတကယ်ရင်ခုန်မိပြီ၊ ခုမှ ငါ တကယ်အလှကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့ပြီ၊ ငါ့ကိုယ်ငါဝန်ခံတယ်၊ သူ့အလှကို ငါတန်ဖိုးထား မြတ်နိုး စွဲလမ်းမိပါပြီ. . .။

ရင်ဍွတီးတိုးစကားများနှင့်အတူ မိုးထက်မြင့်ကား မှင်တက်စွာ တွေဝေရဆဲရှိပါသတည်း။

♡ ♡ ♡



## (ကိုး)

"သန်ဘက်ခါဆိုရင် နွယ့်ရဲ့ရုံးချိန်းပဲနော် ကိုအောင်"

တစ်လမ်းလုံး ထင်သလောက် စကားတွေမဆိုဖြစ်ခဲ့ကြ၊ မော်ဘီလမ်းခွဲသို့ရောက်မှပင် အတွေးတို့ဖြင့်ရှိနေဟန်တူသော သက်ထားနွယ်သည် ရုတ်တရက် ချိုသာသော စကားသံလေးဖြင့် ဆိုလာလေမှ. . .

ကားလေးအား ဂရုတစိုက် မောင်းနှင်လာရာမှ တစ်ချီတစ်ချီ အတွေးဝယ် ပျံ့လွင့်မိသော အောင်မျိုးဟိန်းသည် မိမိနံဘေးမှ နွယ့်ထံသို့ လေးနက်စွာ တစ်ချက်ကြည့်ဖြစ်ရပြီးမှ. . .

"ဟုတ်တယ် နွယ်၊ သန်ဘက်ခါဆိုရင် စတုတ္ထပတ်၊ နော



www.burmeseclassic.com

www.burmeseclassic.com



ဘိုးရုံးချိန်းပါပဲ၊ နွယ် စိတ်လှုပ်ရှားနေလား"

"ဘယ်နှယ့်ပြောပါလိမ့် ကိုအောင်ရယ်၊ ဒီအဖြစ်အပျက်ဟာ နွယ့်ဘဝအတွက် အချောက်ချားရဆုံး အဖြစ်အပျက်ပါ. ."

"နွယ့်ခေါင်းထဲမှာ ကြည်လင်မှုရှိရဲ့လား. . ."

အောင်မျိုးဟိန်း၏အမေးအတွက် နွယ်သည် ဖြည်းဖြည်း သာသာပင် ခေါင်းလေးကိုယမ်း၏။

"နွယ့်ကိုကြည့်ရတာတော့ နွယ် ဒီလိုမမြင်ဘူး. . ."

"ဘယ်လိုမြင်လဲ ကိုအောင်. . ."

"နွယ့်မျက်နှာလေးနဲ့ မျက်ဝန်းတွေမှာ ပေါ်နေတယ်"

"ဘာအရိပ်တွေလဲဟင်. . ."

"နွယ့်အာရုံထဲမှာ တစ်ခုခုရှိနေသလို အရိပ်မျိုးလေ. . ."

အောင်မျိုးဟိန်းအဆိုတွင် နွယ်သည် မျက်မှောင်လှုလှုအား သာသာလေးတွန့်ကာ ခေါင်းလေးကိုသာ ယမ်းနေဖြစ်၏။ ပြီးမှ..

"မဖြစ်နိုင်ပါဘူး. . ."

"ဘာမဖြစ်နိုင်တာလဲ နွယ်. . ."

"ဘာမှမဟုတ်ပါဘူး ကိုအောင်၊ နွယ် ဘာမှမဖြစ်ဘူးလို့





ပြောချင်တာပါ. . ."

နွယ်ဆိုတော့ နောက်ဆုံး အောင်မျိုးဟိန်းသည် ခေါင်း သာသာညိတ်နေလိုက်တော့၏။ သူ စကားစတွေပြတ်သွားသည်။ ကိုယ်စီအတွေးဖြင့် ပြန်လည်ကာ ရှိသလိုရှိကြ၏။

နောက်ဆုံး အောင်မျိုးဟိန်းမောင်းလာသော ကားလေးသည် မော်ဘီရဲစခန်းထဲသို့ ရောက်ရှိလာခဲ့လေ၏။ ရဲစခန်းထဲသို့ရောက် သည်တွင် ဦးစွာစခန်းမှူးနှင့်တွေ့ဆုံသည်။ စခန်းမှူးထံမှ အခင်းဖြစ် သော ကားကိုကြည့်ခွင့်တောင်းပြီး စခန်းမှူးရုံးခန်းထဲမှ ထွက်ခဲ့၏။

အခင်းဖြစ်သော ကားထားသည့်နေရာသို့ ရောက်သည် တွင် အောင်မျိုးဟိန်းသည် ကားကိုသေချာစွာကြည့်ရှုစစ်ဆေးသည်။ ကားကို ကြည့်ဆဲမှ လေးနက်သောအတွေးဖြင့်လည်း အောင်မျိုးဟိန်း သည် မှတ်ချက်ချဟန်ရှိ၏။

နောက်ဆုံးပေါ်နံပါတ်နှင့် ကားလေး၏အရှေ့ဘက်ခေါင်းပိုင်း တစ်ခုလုံးသည် ဓာတ်မီးတိုင်ဖြင့်ဆောင့်ထား၍ ရစရာမရှိအောင် မီးသီး တို့ကွဲကာ တွန့်ကြေနေရသည်မဟုတ်ပါလား။

သက်ထားနွယ်သည် မိမိကားနှင့် မိမိကားလေးအား အထူး



www.burmeseclassic.com

www.burmeseclassic.com



ပင် ဂရုတစိုက် စစ်ဆေးကြည့်ရှုနေသော ရှေ့နေအောင်မျိုးဟိန်းအား တစ်လှည့်စီသာ ကြည့်နေဖြစ်၏။

"ကိုအောင် ဘာတွေစဉ်းစားနေလဲ. . ."

လေးနက်သောအတွေးတို့ဖြင့်ရှိခဲ မေးလာသော နွယ့် စကားသံကြောင့်. . .

"ဖြစ်နိုင်ရာကိုပေါ့ နွယ်၊ ကဲ လာ အခင်းဖြစ်တဲ့နေရာဆီ ကိုယ်တို့ ရှေ့ဆက်သွားကြည့်ရအောင်. . ."

စကားအဆုံး၌ သူတို့နှစ်ဦး အတူလှမ်းထွက်ခဲ့လိုက်ကြ၏။ အောင်မျိုးဟိန်းမောင်းသော ကားလေးသည် မော်ဘီရဲစခန်းအတွင်းမှ မောင်းထွက်ခဲ့သည်။ ကားမောင်းလာစဉ် အခိုက်အတန့်၌ ဆိတ်ငြိမ်ခြင်းသည် သူတို့နှစ်ဦးကြား ကြီးစိုးနေ၏။

အောင်မျိုးဟိန်းသည် တူရူ၌ကြည့်ကာ ကားကိုမောင်းဆဲမှ သူ့စိတ်ကူးများထဲ၌ မှတ်ချက်များနှင့်အတူ သူ၏ထူထဲသော မျက်ခုံးကြီးနှစ်ဖက်သည် စဉ်းစားရလွန်း၍ အတွန့်ကြီးတွန့်လျက်ပင် ရှိနေရချေ၏။

နွယ်သည်လည်း မျက်ဝန်းအစုံ မှိတ်လိုက် ဖွင့်လိုက်၊





လက်ချောင်းကလေးများဖြင့် နားထင်များဆီဆောက်၊ မျက်ကြောလေးများဆီနှိပ်လိုက်ဖြင့် စိတ်သည်ပင် ဂနာမငြိမ်သလို လှုပ်လှုပ်ရှားရှား ဖြစ်နေရချေ၏။

"ဟား. . ."

နောက်ဆုံး နွယ်သည် တစ်ကိုယ်တည်း မွန်းကျပ် မောဟိုက် ရှုပ်ထွေးနောက်ကျိလာသလိုရှိ၍ နှုတ်ခမ်းလေးဟ၍ အသက်ကိုဝဝ ရှူရှိုက်ဖြစ်သွားရလေ၏။

နွယ့်အသံရှည်ပြင်းပြင်းလေးကြားမှပင် အောင်မျိုးဟိန်းသည် စိတ်ကူးတို့ဖြတ်ကာ နွယ့်ဘက်ဖျတ်ခနဲတစ်ချက်ကြည့်ဖြစ်ရင်းမှ. . .

"နွယ် ဘာဖြစ်တာလဲ. . ."

"မဖြစ်ပါဘူး ကိုအောင်. . ."

"နွယ် မှန်မှန်ဖြေပါ၊ နွယ့်ရင်ထဲမှာ ဘာခံစားမှုရှိနေလဲ"

"မရှိပါဘူး. . ."

"ဒါဖြင့် နွယ် ဘာစဉ်းစားနေလဲ. . ."

"ကိုအောင်ရော. . ."

"ကိုယ်က အမှုအတွက် ဆီလျော်တဲ့ အကြောင်းအရာမှန်တွေ



www.burmeseclassic.com

www.burmeseclassic.com



ကို ဆက်စပ်စဉ်းစားနေရတာပေါ့ နွယ်ရယ်၊ ဒါမှလည်း ရုံးတော်မှာ ကိုယ်ဟာအချက်အချာကျကျနဲ့ ပြောဆိုနိုင်မယ်မဟုတ်လား"

"ဟုတ်ပါတယ်လေ၊ ကိုအောင်လျှောက်ထားတဲ့ စကားတွေကို ရုံးတော်ကလည်း အများကြီးစဉ်းစားထားပေးပါတယ်. ."

"ကိုယ့်အနေနဲ့ မှန်ကန်တာပဲဖြစ်စေချင်တယ်လေ၊ ရုံးတော်မှာ ကိုယ်ပြောခဲ့တဲ့ စကားတွေဟာ ရှေ့နေမို့ ကြမ်းပိုးကိုလိပ်ဖြစ်အောင် ပြောခဲ့တဲ့ စကားမျိုးတွေမဟုတ်ပါဘူး၊ သက်သေသာကေ အထောက်အထားနဲ့ဖြစ်နိုင်တာတွေကိုပဲ ကိုယ် တင်ပြလျှောက်ထားတာပါ"

"ကိုအောင့်ကို နွယ် တကယ်လေးစားတယ်၊ ဒါကြောင့်လည်း ကိုအောင့်ရဲ့အောင်မြင်မှုတွေဟာ အထွဋ်အထိပ်မှာရှိနေတာပါ"

"ကျေးဇူးတင်ပါတယ်ဗျာ. . ."

အပြုံးဖြင့် အောင်မျိုးဟိန်း ဆိုသည်။ နုနယ်ချောမော လှပလွန်းသည့် သူတို့အပြုံးလေးများသည် စက္ကန့်လေးများကြာကြာ ဆုံစည်းသွားကြ၏။ သူတို့ကိုယ်စီ အကြည့်များလွဲသွားချိန်တွင် စကားသံများသည် ပြန်လည်တိတ်ဆိတ်သွားသည်။

တိတ်ဆိတ်ဆဲ တစ်အောင့်ခန့်ကြာသည်နှင့် အောင်မျိုးဟိန်း





မောင်းနှင်လာသော ကားလေးသည် အခင်းဖြစ်သောနေရာ ဓာတ်တိုင်ဆီသို့ရောက်ရှိလာ၏။ လမ်းဘေးတစ်နေရာတွင် ကားကိုထိုးရပ်ကာ ကားပေါ်မှသူတို့ဆင်းလိုက်ကြသည်။

အောင်မျိုးဟိန်းသည် ဓာတ်တိုင်ဆီလှမ်းကြည့်ပြီးနောက် ဟိုင်းဝေးလမ်းမကြီးထက် စက္ကန့်ကြာကြာ ကြည့်ရပါ၏။ ပြီးတော့ သူသည် လက်ယာဘက်လမ်းဘေးတွင်ကပ်၍ရပ်ကာ တိုက်ကြီးဘက်သို့ ကျောပေးပြီးနောက် မော်ဘီဘက်သို့ မျက်နှာမူလျှက်ကြည့်သည်။

ပြီးတော့လည်း ဘေးမှဓာတ်တိုင်၏ အကွာအဝေးကိုကြည့်သည်။ တစ်ဆက်တည်းလည်း ဓာတ်ပုံထဲမှ ကလေးအလောင်း၏ တည်နေရာဆီ တစ်ချက်ကြည့်သည်။

အောင်မျိုးဟိန်း၏မျက်ဝန်းအစုံသည် လေးနက်စွာ တွက်ဆနေရာမှ တဖြည်းဖြည်း မျက်ဝန်းစုံမှိတ်သွား၏။ သူသည် လက်ညှိုးလက်မတို့ဖြင့် သူ၏မျက်ခုံးရင်းစပ်ဆီသို့ ဖိထောက်ထားမိသည်။

သူ့အသွင်သည် သူ၏ခေါင်းထဲ၌ လေးနက်သော အတွေးကို၏ ချိန်ဆမှုများ လွန်ဆွဲအားကောင်းနေဟန်ရှိကြောင်း ထင်ရှား



www.burmeseclassic.com

www.burmeseclassic.com



နေရလေ၏။

သူ၏လုပသော နှုတ်ခမ်းသည် အနည်းငယ်မသိမသာ လှုပ်ရှားဟန်နှယ်ရှိသလို ရှိရပြီးနောက် သူသည် မျက်ခုံးရင်းဆီ ထောက်ထားသော လက်ကို ဖြေချကာ သူ၏သုံးသပ်သောဆုံးဖြတ်ချက်သည် တိကျမှန်ကန်ကြောင်း ခိုင်မာသော ဆုံးဖြတ်ချက်ဖြင့် နောက်ဆုံး သူ့ခေါင်းကိုယမ်းလိုက်သည်။

နွယ်၏အခင်းဖြစ်မှုနှင့် ပတ်သက်၍ သူ ထပ်၍စဉ်းစားစရာ မလိုအပ်တော့။ သူ့ကိုယ်သူလည်း ယုံကြည်သည်။ သူ့လုပ်ရပ်ကို လည်း သူယုံသည်။

"နွယ်. .လုံလောက်ပြီ၊ ပြန်ကြရအောင်. . ."

သူ့ထံငေးကြည့်နေသည့် နွယ့်အနီး သူသွားရောက်ရပ်ကာ ဆိုသည်။

"ကိုအောင်. .ဘာတွေဒီလောက်စဉ်းစားနေတာလဲဟင်"

"ရုံးတော်မှာ ကိုယ့်ရဲ့လျှောက်တင်ချက်တွေ မှန်တယ်ဆို တာပါ. . ."

"ကိုအောင့်ကြည့်ရတာ တွေးရလွန်းလို့ သိပ်ပင်ပန်းနေသလို





ပဲ. . ."

နွယ်ဆိုတော့ သူ နွယ့်ကိုကြည့်လိုက်သည်။ သူတို့ အကြည့် ချင်းဆုံသွား၏။ အစတော့ ဘာရယ်မဟုတ် ဘာလိုလိုရှိရာမှ သူတို့ အကြည့်များသည် ရုတ်တရက်မဖယ်ရှားနိုင်အောင် ရှိသွားကြ၏။ ကိုယ်စီ သူတို့မျက်ဝန်းများထဲ၌ အရိပ်တွေဖြတ်သွားကြတာကို သိ၏။

နောက်ဆုံး မိန်းမသားဖြစ်သော နွယ်သည် မျက်လွှာလေး အား ညင်သာစွာသိမ်းလိုက်၏။

"ကိုယ်တို့ပြန်ကြရအောင်. . ."

ညင်သာသော သက်မချသံတစ်ချက်နှင့်အတူ အောင်မျိုးဟိန်း ထံမှ တိုးလျညင်သာသော စကားသံကို ကြားရ၏။ နွယ်သည် သူ့ကိုပြန်မော့ကြည့်လာပြီး ခေါင်းလေးညိတ်ပြသည်။

အောင်မျိုးဟိန်း၏လက်တစ်ဖက်သည် သတိလက်လွတ်ဖြင့် နွယ့်လက်ကလေးဆီဆွဲကာ ကားရပ်ထားရာဆီသို့ လာမည့်ဟန်ပြင် ပြီးမှ အောင်မျိုးဟိန်းသည် မိမိတို့၏ဂုဏ်သိက္ခာနှင့် အနေအထား များကို သတိရလိုက်သလိုကြောင့် သူ့လက်သည် နွယ့်လက်ကလေး အား ထိလုဆဲမှပင် ပြန်လည်ကာ ရုပ်သိမ်းသွားရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး သူသည် ရှေ့မှကားရှိရာသို့ လှမ်းထွက်သွားလိုက်သည်တွင် နွယ်သည် သူ့နောက်မှ လှမ်းလိုက်ခဲ့၏။

သူ့နောက်မှ လှမ်းလိုက်ခဲ့စဉ်အခိုက်အတန့်၌ ဘာရယ်ကြောင့်မှန်းမသိပါ။ ရုတ်တရက် နွယ့်မျက်ဝန်းထဲသို့ ထည်ဝါသော ရုပ်လွှာတစ်ခုသည် ခွန်အားကြီးမားစွာဖြင့် ထိုးဖောက်ဝင်ရောက်လာလေ၏။

"အို ဘုရားရေ. . ."

နွယ့်ရင်ထဲ တစ်ချက်မျှလှုပ်ရှားကာ ဟိတ်တိတ်လေး ဘုရားတလိုက်မိသည်။

"သူ ဦးမိုးထက်မြင့်. . ."

နွယ့်နှုတ်မှ အမည်အား ထပ်၍ရေရွတ်မိ၏။

မှန်သည်။ နွယ်ကား မိမိကိုယ်မိမိ မယုံနိုင်အောင် အံ့သြစိတ်များဖြင့် ရင်သည် လှုပ်ခတ်သွားလိုက်ရသည် မဟုတ်ပါတကား။



(တစ်ဆယ်)

"စီရင်ချက်ချမယ်. . ဒုံး. . ."

တရားသူကြီးစကားနှင့် ထုလိုက်သည့်အသံအဆုံး၌ အခန်းတွင်းရှိ လူအားလုံးတို့သည် ဆိတ်ငြိမ်သွားကြလေ၏။

နွယ်သည် တရားသူကြီးထံ၌သာ အကြည့်များအား ပို့ထားမိသည်။ အောင်မျိုးဟိန်း၏အကြည့်တွေကမူ နွယ့်ထံ၌ရောက်၏။

တရားသူကြီးချမှတ်မည့် စီရင်ချက်အတွက် တရားခံဖြစ်သောနွယ်တစ်ယောက်တော့ဖြင့် မည်သို့ရှိမရှိ မသိနိုင်သော်လည်း အတွေ့အကြုံများ၌ ရှေ့နေရင့်မာကြီးဖြစ်သော အောင်မျိုးဟိန်းကား မလှုပ်ရှားစဖူး သူ့ရင်မှာလှုပ်ရှားလွန်း၍နေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"တရားခံရှေ့နေဘက်၌ အထောက်အထားများနှင့်တကွ တင်ပြလျှောက်ထားချက်များအရ. . ."

တရားသူကြီးဖတ်ကြားသော စကားသံတွေက နွယ့်နားထဲ၌ ကြားတစ်ချက် မကြားတစ်ချက်ရှိ၏။

"တရားခံသက်ထားနွယ်၏ကားသည် ကလေးကိုတိုက်မိသည်မှာ မဖြစ်နိုင်ပါ၊ အကယ်၍တိုက်မိခဲ့လျှင် ကလေး၏အလောင်းသည် ယာဘက်၌ကပ်မောင်းရသော တရားခံ၏ကားနှင့် ဆန့်ကျင်သည့်ဝဲဘက်လမ်းဘေးသို့ လုံးလုံးလျားလျား ကျရောက်သွားနိုင်ခြင်း မရှိသည်ကတစ်ကြောင်း. . .

တရားခံ၏ကားရှေ့ပိုင်းတွင် လူကိုတိုက်သော ဒဏ်ရာမျိုး မရှိသည်ကတစ်ကြောင်း၊ တရားခံ၏ကားသည် လူကိုတိုက်ပြီး တိုက်သည့်နေရာနှင့်ကျော်၍ လမ်းဘေးသို့ထိုးကျနိုင်ရမည့် အချက်သာဖြစ်တတ်ပြီး. . .

ယခုမူ တရားခံ၏ကားသည် နောက်ဘက်ခပ်ကျကျ၌သာ လမ်းဘေးထိုးကျ၍ တတ်မီးတိုင်ဖြင့် ဝင်ဆောင့်ထားသည့် အချက်တွေမှာ ထင်ရှားခြင်း၊ ဖြစ်နိုင်သည်မှာ တရားခံကားအား နောက်





ဘက်မှ ကားတစ်စီးကျော်တက်ရာမှ အရှိန်မထိန်းနိုင်ဘဲ ရှေ့မှ ကလေးကိုသာ ဝင်တိုက်တာဖြစ်နိုင်ကြောင်း. . .

ထိုအချက်ကြောင့်သာ ကလေး၏အလောင်းသည် ဝဲဘက်သို့ လွင့်စဉ်သွားနိုင်ကြောင်း. . ."

စီရင်ချက်အား ဖတ်ကြားနေသော တရားသူကြီး၏အသံသည် နွယ့်နားထဲ ကြားတစ်ချက် မကြားတစ်ချက်ရှိနေရာမှ လုံးဝ ပျောက်ကွယ်သွားရသလိုရှိကာ နွယ်၏မျက်ဝန်းနှင့် အာရုံထဲတွင်ကား ဒုန်းခနဲမြည်သံ၊ ကားဘရိတ်တစ်ချက်နင်းသံ၊ စူးရှသော အလင်းတန်းကြီးတစ်ခု၊ ထိုအလင်းတန်းကြီးအောက်၌ အက္ခရာနှင့် ဂဏန်းလုံးများ...

နွယ်သည် မျက်ဝန်းပြာလေးအစုံ ဖွင့်လျက်မှ အကြောင်သားလေးဖြစ်နေသကဲ့သို့ရှိ၏။ နွယ့်ရင်မှလှုပ်ရှားမှုများသည် ပို၍သိသာလာသည်။

နွယ့်နှုတ်ခမ်းလေးနှစ်လွှာသည် ဟဟလေးလိုအနေအထားမှ ခြောက်သွေ့လာ၏။ မသိမသာ သတိလေးတစ်ချက် ရလာသလို ဂါတွေးတစ်ချက်မြိုချလိုက်သည်။

ယခင်မှ ဘာမှန်းမသိသော အက္ခရာနှင့် နံပါတ်တွေကိုသာ



www.burmeseclassic.com

www.burmeseclassic.com



နွယ်မြင်နေရသော်လည်း ယခုမူ နွယ့်အမြင်များထဲတွင် အလင်းရောင်နှင့်ဂဏန်းများအပြင် အသံများပါဝင်၍ ကြားယောင်လာချေ၏။

သို့သော် အချင်းအရာနှင့် အကြောင်းအရာ အမှန်ကန်ကိုမူ နွယ်သည် တိပစွာပြောဆို၍ မရနိုင်အောင်ရှိနေရချေ၏။ စဉ်းစားရလွန်း၍ နွယ့်ဦးနှောက်များသည်ပင် ဆူဝေ၍ ချွေးစေးတို့ပင် ပြန်ချင်လာသည်။

နောက်ဆုံး နွယ်သည် ခေါင်းလေးယမ်းကာ မျက်ဝန်းလေးအစုံမှေးမှိတ်လျက် နားထင်လေးဆီ လက်ချောင်းကလေးဖြင့် ဖိနှိပ်ထောက်ထားသည်ကို အောင်မျိုးဟိန်းတွေ့လိုက်၏။

အောင်မျိုးဟိန်းသည် နွယ့်အသွင် ပင်ပန်းခက်ခဲနေပုံလေးအား ကြည့်ကာ ရင်ဝယ်သနားကြင်နာ စိုးရိမ်စိတ်များ ဖြစ်ပေါ်လာရလေသည်။

တရားသူကြီးဖတ်ကြားနေသော စီရင်ချက်စာကိုမှ ကောင်းစွာနားမထောင်နိုင်တော့ဘဲ နွယ့်အနီး တိုးကပ်သွားကာ နွယ့်လက်မောင်းနုနုလေးဆီ ညင်သာစွာဆုပ်ကိုင်၍ သတိနှင့်အင်အားတို့ကို ပေးစွမ်းစေဖြစ်ပါ၏။





"တရားခံရှေ့နေ လျှောက်တင်သော အချက်အလက်များမှာ တိကျမှန်ကန်ခိုင်လုံမှုများရှိသည်ကို တွေ့ရ၍ တရားခံဒေါ်သက်ထားနွယ်အား အမှုမှကွင်းလုံးကျွတ်လွှတ်လိုက်သည်. . ."

"ဟာ . . ."

"ဟင်. . ."

တရားသူကြီး၏စီချက်စာဆုံးမှပင် သက်မမောမားချိထားရသည့် လူအပေါင်းမှာ ခုမှပင် စိတ်ချလက်ချ လွှတ်ချလိုက်ကြရဟန်တူပါ၏။

သက်မချသံကြီးများသည် တစ်သံတည်းပြိုင်တူထွက်ပေါ်သွားကြသည်မဟုတ်ပါတကား။

"ဦးအောင်မျိုးဟိန်းလိုက်တဲ့ အမှုပဲလေ ဘယ်ခေပါ့မလဲ"

"ဦးအောင်မျိုးဟိန်းက တကယ့်ကို စေ့စပ်သေချာပြီး တိကျတဲ့ ...ရှိ့နေဗျာ. . ."

"တကယ်တော်တယ်ဗျာ၊ တကယ် လေးစားအားကိုးထိုက် ...သူပါပဲ. . ."

"ဟုတ်တယ်၊ မတရားစွဲဆိုခံရတဲ့ တရားခံတွေဘက်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်မျိုးဟိန်းဟာ အမြဲထာဝရရပ်တည်ပေးတဲ့ လူကောင်းလူတော်တစ်ယောက်ပဲ၊ ဒေါ်သက်ထားနွယ်အတွက်လည်း ဝမ်းသာစရာပေါ့ဗျာ. . ."

"ဒါပေါ့ဗျာ. . ."

"အို ကိုအောင်ရေ၊ စီရင်ချက်တောင် ချပြီးသွားပြီ. . ."

"အင်း အဟွန်း ဟုတ်ပါရဲ့၊ ကိုယ်တောင် သေချာမကြားလိုက်မဘူး၊ အဟွန်း. . ."

တရားသူကြီးစီရင်ချက်ချပြီးသည်ကို နွယ်နှင့် အောင်မျိုးဟိန်းပါ မသိလိုက်ကြ။ လူများ အားရဝမ်းသာ ဂုဏ်ယူစွာပြောဆိုသံများကြားမိမှပင် သူတို့နှစ်ယောက်စလုံး အံ့သြဝမ်းသာဖြစ်ကြရ၏။

"သမီး. .သမီးရဲ့အမှုပြတ်သွားပြီ. . ."

မိဘနှစ်ပါးအနီးရောက်လာမှ ဖခင်ဖြစ်သူ ဦးကြည်စိုးသည် သမီးချောအား ဝမ်းမြောက်စွာဆို၏။

"ဟုတ်ကဲ့ ဖေဖေ၊ နွယ် အရမ်းဝမ်းသာပါတယ်. . ."

"မောင်အောင်မျိုးဟိန်းကို သိပ်ကျေးဇူးတင်တယ်ကွယ်၊ ဒေါ်ဒေါ်ဖြင့် ဘာပြောရမှန်းတောင် မသိတော့ပါဘူး. . ."





"မလိုအပ်ပါဘူး ဒေါ်ဒေါ်၊ ဒီအလုပ်က ကျွန်တော့်အလုပ်ပဲလေ၊ ကိုယ်လက်ခံတဲ့အမှုသည်ဟာ မှန်ကန်မှုရှိမှသာလည်း အောင်မြင်မှုရှိအောင် ကိုယ်လိုက်နိုင်မှာပါ. . .

မမှန်ကန်တဲ့ အမှုအတွက် ကြမ်းပိုးကို လိပ်ဖြစ်အောင်ပြောပြီးမှ အနိုင်ရမယ့် အလုပ်မျိုးကိုတော့ လျှာပေါ်မြက်ပေါက်ပါစေ ကျွန်တော်မလုပ်ဘူး၊ မမှန်တာတွေကို အားပေးနေတဲ့သူတွေ ရှိနေလို့လဲ မတရားမှုတွေဆိုတာ ရှိနေတာပါ. . ."

"အင်း မောင်အောင်မျိုးဟိန်းဟာ အမြော်အမြင်လည်း ရှိလွန်းတဲ့သူပဲကွယ်၊ လူမှန်စိတ်မှန်လို့လည်း မပြီးသေးဘူး၊ အမြော်အမြင်လည်းရှိမှ လူတစ်ယောက်အတွက် ပြည့်စုံပါတယ်၊ ဦးတော့ တကယ်ပဲမောင်အောင်မျိုးဟိန်းကို လေးစားမိတယ်၊ ကျေးဇူးလည်း အထူးတင်တယ်ကွယ်. . ."

ဦးကြည်စိုးစကားအတွက် အောင်မျိုးဟိန်းသည် အပြုံးချောများတွေနှင့်သာ ရှိနေလိုက်ပါ၏။

"ကဲ သမီး. .မောင်အောင်မျိုးဟိန်းကို ကျေးဇူးတင်စကားပြောဦး၊ ဖေဖေတို့ကားနားမှာ သွားစောင့်နေမယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဖေဖေ. . ."

မိဘနှစ်ပါးထွက်သွားသည်တွင် နွယ်သည် အောင်မျိုးဟိန်း မျက်နှာဆီ မော့ကြည့်လိုက်သည်။

"ကိုအောင်. . ."

"ဟင်. . ."

"ကိုအောင် ဘာတွေစဉ်းစားနေလဲဟင်. . ."

"ကိုယ် စဉ်းစားနေတာတွေကတော့ အများကြီးပါပဲ နွယ်"

"ဟုတ်လား၊ ဘာတွေများလဲ ကိုအောင်. . ."

"မသိချင်ပါနဲ့ဦး နွယ်၊ ကိုယ်လည်း စဉ်းစားသုံးသပ်ဆဲမို့ပါ၊ ဒါပေမယ့် အများကြီးစဉ်းစားနေတဲ့အထဲက နွယ်သိဖို့ကတစ်ခုကိုတော့ ကိုယ် မကြာခင်ပြောပြချင်ပါတယ်. . ."

သူ့စကားများအတွက် နွယ်သည် စွဲမက်လှပသော အပြုံးလေးဖြင့် ခေါင်းလေးသာသာညိတ်ပြလိုက်ပါ၏။

"သွားကြစို့ နွယ်. . ."

"ဟုတ်ကဲ့ ကိုအောင်. . ."

တရားရုံးခန်းမကြီးထဲမှ သူတို့ထွက်ခဲ့ကြသည်။ တရားရုံး





ကြီး၏ စင်္ကြံတစ်လျှောက် သူတို့လျှောက်လှမ်းနေကြဆဲ နွယ်သည် အောင်မျိုးဟိန်း၏ ဝေးဝေနေသော အသွင်ချောချောဆီ ဘာရယ် မဟုတ် ကြည့်ဖြစ်ရင်းမှ. . .

"ကိုအောင်. . ."

"ပြောပါ နွယ်. . ."

"ကိုအောင့်ကို နွယ် သိပ်ကျေးဇူးတင်တယ်. . ."

"ဒါမလိုအပ်ဘူးလို့ ထင်ပါတယ်ဗျာ. . ."

"လိုအပ်တာပေါ့ ကိုအောင်ရယ်. . ."

"ကဲ လိုအပ်တယ်ဆိုလည်း ပြောစေဗျာ၊ အဟွန်း ဟွန်း"

"ကိုအောင့်ကိုလေ နွယ် တကယ်ပဲ ခင်မင်လေးစားတယ်၊ ကိုအောင်နဲ့နွယ် တွေ့ဆုံရင်းနှီးရတဲ့ သက်တမ်းလေးက တစ်ခဏ ဆိုပေမယ့် ဒီတစ်လအတွင်းရဲ့ အချိန်နာရီတွေကတော့ အကြာကြီး မဟုတ်လား၊ အဲဒီရဲ့နောက်ပိုင်းမှာလည်း ကိုအောင်နဲ့နွယ်ဟာ အမြဲတမ်းခင်မင်ရင်း၊ လေးစားရင်းပဲ ရှိသွားကြဦးမှာပါ. . .

နွယ့်ဘက်ကတော့ ဒီအတိုင်းပဲ၊ ကိုအောင့်ဘက်ကရောဟင်၊ နွယ့်အမှုပြီးပြတ်ပြီဆိုတာနဲ့ နွယ့်ကိုပါ တစ်ပါတည်း ပြတ်သွားမှာ



www.burmeseclassic.com

www.burmeseclassic.com



လားဟင်. . ."

"နွယ် အဲဒီလိုထင်လား. . ."

"အဲလိုမထင်ချင်လို့ နွယ်ပြောနေတာပါ ကိုအောင်ရယ်..."

"နွယ့်စကားတွေဟာ ကိုယ့်အတွက် အင်အားတစ်ခုပါပဲ နွယ်၊ ကိုယ် နွယ့်ဆီကို ဖုန်းဆက်ခွင့်ရှိမလား. . ."

"အမြဲတမ်းရှိပါတယ်. . ."

"နွယ်. .ကိုယ် ဖုန်းဆက်မယ်နော်. . ."

"ဟုတ်ကဲ့. . ."

တရားရုံးကြီး၏လှေကားထစ်များမှ သူတို့နှစ်ဦး ဆင်းခဲ့ကြသည်။ တရားရုံးထွက်ပေါက်ဝသို့အရောက်၌ သူတို့ခြေစုံရပ်မိကြသည်။

"နွယ်. . ."

"ရှင်. . ."

"ဟိုမှာ ဦးနဲ့ဒေါ်ဒေါ်တို့စောင့်နေကြတယ်၊ သွားတော့နော်၊ ကိုယ်က နောက်အချိန်တစ်ချိန်ရှိသေးတယ်. ."

"ဟုတ်ကဲ့ ကိုအောင်. . ."





"နွယ်. . ."

"ရှင်. . ."

"နွယ့်ဆီ ကိုယ်ဖုန်းဆက်မယ်နော်. . ."

"ဟုတ်ကဲ့ပါ. . ."

"ကဲ နွယ် သွားတော့. . ."

သူဆိုတော့ သူ့ထံအကြည့်လေးတွေနှင့် နွယ် နှုတ်ဆက်လိုက်သည်။ ထို့နောက် နွယ်သည် သူ့အနီးမှ လှမ်းထွက်သွား၏။ သူ့ရင်သည် လှုပ်ခတ်၍ကျန်ခဲ့သည်။ ကားအနီးရောက်ခါနီး၌ နွယ်သည် သူ့ကိုတစ်ချက်လှည့်ကြည့်သည်တွင် သူ့လက်တစ်ဖက်မြှောက်ပြလိုက်သည်။

နွယ်. .ဘယ်မိန်းမမှ ကိုယ်ရင်မခုန်ခဲ့ဘူး၊ မင်းဟာ ကိုယ်အမြတ်နိုးဆုံး မိန်းမပါပဲကွယ်. . .

ရင်ခုန်လှိုင်းတွေ ကြည်နူးခြင်းများစွာဖြင့် သူ့ရင်ထဲ၌ တီးတိုးဖြစ်နေခြင်းပါ။ နွယ်တို့မိသားစုကားလေး မောင်းထွက်သွားသည်နှင့်သူသည် ရုံးပေါ်သို့ ပြန်၍တက်ခဲ့သည်။

ရုံးတော်၏လှေကားထစ်များအား နင်းအတက်၌ သူ့စိတ်



www.burmeseclassic.com

www.burmeseclassic.com



သည် အတွေးတစ်ခု၌ မတင်မကျရှိကာ ညှိုးမှိန်သွားရပါလေသတည်း။

ဒါဟာ ဖြစ်နိုင်တယ်၊ မဖြစ်နိုင်ဘူးဆိုတာပါ ရှေ့ဆက်သုံးသပ်လေ့လာရမယ် ဟင်း. . .။

အတွေးကိုပင် အားမရ၊ နှုတ်မှပင် လှုပ်လှုပ် သူ တီးတိုးရေရွတ်ဖြစ်၏။ နောက်ဆုံး၌ သူသည် သက်မမောကိုပင် ချဖြစ်ရပါချေ၏။ ။

♡ ♡ ♡



## (တစ်ဆယ့်တစ်)

တစ်သက်နှင့်တစ်ကိုယ် ယခင်နေ့များကထက် ရုံးသို့ သူစောစောရောက်ရှိလာခဲ့၏။ ရုံးခန်းထဲအရောက် တိုက်ပုံအင်္ကျီကိုချွတ်ကာ ကုလားထိုင်တွင်ချိတ်ပြီး ကုလားထိုင်၌ဝင်အထိုင် သူ့ရင်မှာလှုပ်ရှားလွန်း၊ ခုန်လွန်းနေသည့်အဖြစ်ကို သူ သတိထားဖြစ်ရ၏။

ဒီနေ့တစ်ရက်နေ့၊ သူ ဒီနေ့ရုံးတက်တော့မှာ. .၊ ဟင်း သူ့ကိုစတွေ့တဲ့နေ့ကတည်းက ငါ့ရင်တွေလှုပ်ရှားရတာ အချစ်ဆိုရင် ငါ သူ့ကိုချစ်နေပြီပဲပေါ့. . .

သူနဲ့စတွေ့တဲ့အချိန်ကစပြီး စားစား၊ သွားသွား လာလာ



www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်လုပ် သူ့ပုံရိပ်ကိုမြင်ယောင်ပြီး သူ့ပဲလွှမ်းမိုးနေတာဟာ အချစ်ဆိုရင် ငါ သူ့ကိုချစ်နေတာ အသေအချာပဲ. . .

ညဘက်တွေမှာတောင် အိပ်မပျော်နိုင်အောင်ရှိပြီး သူ့ပုံရိပ်တွေကသာ စိုးမိုးနေပြန်တယ်၊ အိမ်ရောက်ပြန်တော့လည်း အိပ်မက်တွေမှာ သူ၊ ဒါတွေ ဒါတွေဟာ တကယ်ပဲအချစ်ဆိုရင် ငါ သူ့ကို အရူးအမူး မြတ်နိုးစွဲလမ်းချစ်နေပြီဆိုတာ အတိအလင်းဝန်ခံချက်ပဲ၊ ဟုတ်တယ် သူဟာ ငါ့ရဲ့အိပ်မက်. . .။

"ဆရာ. . ."

"ဗျာ ခြေ့ဘ်. . ."

စားပွဲကြီးထက် တဲတောင်ဖြင့်ထောက်ကာ မေးတင်ထောက်ရင်း အတွေးများထဲ နစ်မျောနေသော မိုးထက်မြင့်သည် ရုတ်တရက် ရုံးခန်းထဲသို့က ဝင်ရောက်လာသော ခေါ်သံလေးနှင့်အတူ နွယ်အား ဝင်းထိန်စွာတွေ့လိုက်ရသည့်ခိုက်၌ . . .

သူ့မျက်ဝန်းအစုံသည် လင်းလက်ဖြာဝေသွားရကာ ကိုယ်သည်ပင် ဆတ်ခနဲလို တုန်ယင်ဟန်ရှိပြီး ကယောင်ကတမ်း နွမ်းနယ်ဖြစ်ရချေ၏။





"အနှောင့်အယှက်များဖြစ်သွားမလား မသိဘူး ဆရာ. ."

"အား မဖြစ်ပါဘူးဗျာ၊ ထိုင်ပါ၊ ကိုယ် အိပ်မက်အကြောင်း၊ အဲလေ အလုပ်တွေအကြောင်း စဉ်းစားနေလို့ပါ. . ."

ဣန္ဒြေကြီးဖြင့် လှုပ်ရှားလွန်းနေသော မိမိ၏အထက်အရာရှိအား နွယ်သည် မသိချင်ဟန်ဆောင်ကာ နေရာ၌ ညင်သာစွာ ဝင်ရောက်ထိုင်ဖြစ်လိုက်ပါ၏။

"နွယ် ဒီနေ့ကစပြီး အလုပ်ဝင်ပါတယ် ဆရာ. . ."

"ဝမ်းသာပါတယ်ဗျာ၊ ကိုယ်မပင်ပန်းတော့ဘူးပေါ့. ."

"ဒီအတွက် အနူးအညွတ်တောင်းပန်ပါတယ် ဆရာ၊ နွယ်လည်း တော်တော့်ကိုအကျဉ်းအကျပ်ထဲ ရောက်သွားရတဲ့ အခြေအနေကြောင့်ပါ. . ."

"ဘယ်လိုမျိုး ပြဿနာတွေဖြစ်သွားလို့လဲ နွယ်. ."

"နွယ် မပြောချင်တော့ပါဘူး ဆရာ. . ."

"ပြီးတာတွေလည်း ပြီးကုန်ပါပြီရှင်၊ ကျေးဇူးပြုပြီး အခု နွယ့်တာဝန်တွေပါ ဆရာကိုင်ထားရတဲ့အတွက် နွယ့်ကို တာဝန်ပြန်လွှဲပေးပါ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ဟုတ်ကဲ့၊ ကိုယ် အလုပ်တွေပူးပေါင်းပြီး အတတ်နိုင်ဆုံးတော့ လုပ်ပေးထားပါတယ်၊ ဒီမှာ လက်ထောက်အရာရှိ လက်မှတ်ထိုးရမယ့်ဖိုင်တွေ. . ."

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ဆရာ. . ."

စားပွဲပေါ်မှ သူလှမ်းပေးသည့် ဖိုင်တစ်ထပ်ကို နွယ်လှမ်းယူရင်းဆိုသည်။ နွယ်သည် လက်မှတ်ထိုးရမည့် ဖိုင်များဆီကြည့်နေဆဲ မိုးထက်မြင့်သည် နွယ်၏ရွှေစင်ရုပ်ကလေးအလား အသွင်အား သတိလက်လွတ်ပင် ငေး၍ကြည့်နေဖြစ်ချေ၏။

"ဟို ဆရာ. . ."

ဖိုင်များထဲ ကြည့်နေရာမှ သူ့ထံသို့ နွယ် ပြန်အကြည့်တော့ နှုတ်ဆက်ကာဆိုမည့် နွယ့်စကားလေးသည်ပင် တန့်ဆိုင်းကာ နွယ့်မျက်နှာလေးသည် ရဲရဲတွတ်သွားရရှာ၏။

မှန်သည်။ အဘယ်ကြောင့်ဆိုသော် သူ့ထံသို့ နွယ်အကြည့်၌ သူ၏အချိန်များကြာမြင့်စွာ ငေးကြည့်နေသော မျက်ဝန်းညိုကြီးအစုံဖြင့် တည့်မတ်စွာတိုးသွားရသောကြောင့် သူသည်လည်းပဲ ရှက်၍အနေခက်သွားရသကဲ့သို့ နွယ်သည်လည်းပဲ မျက်နှာလေးရဲတွတ်





သွားဖြစ်ရခြင်းပါတည်း။

"နွယ့်ကိုခွင့်ပြုပါဦး ဆရာ၊ အလုပ်ကြွေးတွေအတွက် နွယ်ပြန်ဆပ်ရဦးမှာမို့ပါ. . ."

ထိုင်ရာမှထကာ နွယ် နှုတ်ဆက်စကားဆိုသည်။ တစ်ဆက်တည်းလည်း နွယ်သည် စားပွဲပေါ်မှ ဖိုင်ထပ်ကြီးကို လှမ်းယူမည်ပြင်ခိုက်. . .

"နေ နေပါ နွယ်၊ နွယ်သာ နွယ့်အခန်းပြန်သွားပါ၊ ဒီဖိုင်တွေ ကိုယ့်တပည့်လေးကို လာပို့ခိုင်းလိုက်ပါ့မယ်. . ."

သူ၏လွန်ကဲနေသော စေတနာပါမှုများအတွက် နွယ့်မှာ ငြင်းဆန်ရအခက်၊ လက်ခံရအခက်ဖြစ်ရပင် နွယ်သည် မဆိုသာတော့ဘဲ သူ့ရုံးခန်းထဲမှ ထွက်သွားလိုက်ပါတော့၏။

နွယ် အခန်းထဲရောက်သည်နှင့်ပင် အစောင့်လေးသည် ဖိုင်တွေသယ်လာကာ နွယ့်စားပွဲထက်၌ စနစ်တကျချပေးသွားသည်။

"အစ်မ. .ဘာခိုင်းစရာရှိသေးလဲခင်ဗျာ. . ."

"မရှိပါဘူးကွယ်၊ သွားနိုင်ပါပြီ. . ."

"ဟုတ်ကဲ့ခင်ဗျာ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း. . ."

ရုံးအလုပ်သမားလေးထွက်သွားသည်တွင် နွယ်သည် သက်မလေးအား ဆွဲချရင်း စက္ကန့်လေးကြာကြာမျှ ရင်ခုန်ခြင်းကို သတိထားနေမိပါ၏။ ပြီးမှ နွယ်သည် ခေါင်းလေးသာသာယမ်းလိုက်ပြီး မိမိ၏စိတ်များအား တည်ငြိမ်စွာထားဖြစ်ရင်းမှ အလုပ်များထဲ နစ်ကာစတင်လုပ်ကိုင်ရတော့၏။

အလုပ်ထဲ၌ နွယ်သည် မည်မျှအထိ နစ်မြုပ်သွားသည်မသိ၊ မိမိအထက်အရာရှိဖြစ်သော မိုးထက်မြင့်တစ်ယောက် မိမိအခန်းထဲ ဝင်လာသည်ကိုပင် နွယ် မသိလိုက်။ မိမိစားပွဲရှေ့သို့ မားခနဲရောက်လာလေမှ လက်မှတ်ထိုးနေဆဲ ဖျတ်ခနဲ နွယ် မော့ကြည့်ဖြစ်ရလေသည်။

"ဩော် ဆရာ ထိုင်ပါရှင်၊ ဘာကိစ္စများရှိလဲမသိဘူး၊ အားနာလိုက်တာ၊ ခေါ်ခိုင်းလိုက်ရောပေါ့ ဆရာရယ်. . ."

လက်ထဲမှ ဘောပင်ကိုချကာ အလုပ်ကို ရပ်ဆိုင်းရင်းမှ ပျာပျာသလဲလေး နွယ်ဆိုရှာသည်။ မိုးထက်မြင့်သည် နွယ့်စားပွဲရှေ့ရှိ ကုလားထိုင်တွင် ဝင်ရောက်ထိုင်ရင်း နွယ်၏လှမျက်နှာလေးဆီ အပြုံး





ချောချောတွေဖြင့် ကြည့်လာရင်းမှ. . .

"နွယ်. .ဩော် ကိုယ် ကိုယ်လည်း နွယ်လို့ပဲခေါ်မယ်နော်"

"အဟင်း ရပါတယ် ဆရာ၊ နွယ့်နာမည်ကိုခေါ်တာပဲလေ၊ လူတိုင်းလည်း ခေါ်နေတာပဲရှင်၊ ဆရာကိစ္စရှိတာပြောပါ. ."

"ကိစ္စမရှိပါဘူး နွယ်၊ ကိုယ်တို့ ထမင်းစားချိန်ကျရင် အတူစားရအောင်လို့ နွယ့်ကိုကြိုတင်ပြီး လာပြောထားတာပါ. ."

သူ့စကားများအတွက် နွယ့်မျက်နှာလှလှလေးသည် ရှက်သွှန့်လွှန့်လေးရှိနေရချေ၏။

"ကိုယ်ထမင်းစားချိန်ရောက်ရင် လာခေါ်မယ်နော်"

ရှက်လည်းရှက်၊ အားတုံ့အားနာလည်းဖြစ်နှင့် နွယ် ဘာဆိုပြန်းမသိရှိဆဲပင် သူ့စကားလေးဆိုလာသည်။ နောက်ဆုံးတော့ နွယ်သည် ရှက်ပြုံးအားနာလေးနှင့်ပင် ခေါင်းလေးညိတ် လက်ခံလိုက်ရပါလေသည်။

"ဒါဆို ကိုယ်သွားလိုက်ဦးမယ်. . ."

"ဟုတ်ကဲ့ ဆရာ. . ."

သူ နွယ့်အခန်းထဲမှထွက်သွားသည်တွင် နွယ်ကား ရင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



လေးသောသည့် ဝှန်းဒိုင်းခုန်လျှက် ကျန်ရစ်ခဲ့ရချေ၏။

တူရှာရေး ဒီလူနဲ့မှ ငါ ဘာဖြစ်လို့ ဒီလောက်ကြီး ရင်တွေခုန်တာပါလိမ့်၊ ပြီးတော့ သူက ငါ့ရဲ့အထက်အရာရှိ၊ ဟင်း ရည်းစားရှိသည့်ရဲ့၊ သူများမှာ အိမ်ထောင်ရှိလား မရှိလားလည်း မသိဘူး၊ အထက်အရာရှိဆိုပြီးတော့များ ငါ့ကို . .

အို ဒီလိုလည်း မဖြစ်နိုင်ပါဘူး၊ သူ့အသွင်က မျက်လုံးတွေ တောက်ပနေတယ် တည်ငြိမ်မှုအပြည့်နဲ့ပါ၊ တိကျပြတ်သားပြီး မိုက်သောသောအားပြည့်ပကောင်းမွန်တဲ့ရုပ်က အထင်းသားပဲဟာ...

ဟုတ်တယ်၊ ဆရာဟာ ကောင်းမွန်တဲ့ ယောကျ်ားကောင်း တစ်ယောက်ရဲ့ အင်္ဂါရုပ်တွေနဲ့ ညီညွတ်ပြည့်စုံပါတယ်၊ အရာရှိချင်းမို့ ဆရာက မေးဖေးမှုမရှိတာလည်း ဖြစ်နိုင်ပါတယ်. . .။

မိမိ၏အထက်အရာရှိဖြစ်သော မိုးထက်မြင့်အကြောင်းများ အား စဉ်းစားဆဲ နွယ်သည် မျက်ဝန်းထဲသို့ အရိပ်တစ်ခု ထိုးဖောက် ဝင်ရောက်လာ၏။

မှန်သည်။ ဦးအောင်မျိုးဟိန်း။

ရှေ့နေကောင်းတစ်ယောက်ဖြစ်သလို ရုပ်ချော၏။ သိက္ခာ





သမာဓိနှင့်လည်း ပြည့်စုံသည်။ ယောကျ်ားကောင်းတစ်ဦး၏ အဆင်း အင်္ဂါနှင့်လည်းပြည့်စုံ၏။

နွယ်သည် မိုးထက်မြင့်၏ တောက်ပသော မျက်ဝန်းညို များအား မြင်ယောင်ခိုက်၌ အောင်မျိုးဟိန်း၏ တောက်ပသော မျက်ဝန်းများကိုလည်း ပြန်လည်မြင်ယောင်ဖြစ်၏။

သူတို့တွေရဲ့ တောက်ပတဲ့မျက်ဝန်းညိုတွေချင်း တူညီသလို၊ သူတို့မျက်ဝန်းထဲက အရောင်တွေရဲ့အနက်ဟာလည်း တပ်တူထပ်မျှပဲ၊ ဒါပေမယ့် ဆရာရဲ့အသွင်က ခြင်္သေ့တစ်ကောင်အလား တည်ထည် ဝံ့ဝံ့ရှိပြီး ကိုအောင့်ရဲ့အသွင်ကတော့ ကျားတစ်ကောင်လို ထည်ဝါ နေတဲ့ကြားကပဲ ဘာကြောင့်မှန်းမသိဘဲ ကိုအောင့်ရဲ့အသွင်ဟာ မှေး မှိန်သလိုဖြစ်နေတယ်. . ။

ဟင်း တကယ်လို့များ၊ အို ငါ ဘာတွေစဉ်းစားနေပါလိမ့်။

ထိတ်လန့်လျှက်ရှိသောအတွေးဖြင့် နွယ်တား နောက်ဆုံး တော့ အတွေးစများအား ရင်မောစွာဖြတ်တောက်ပစ်လိုက်ရပါ သတည်း။

မှန်သည်။ ထိုနေ့က အလုပ်စတက်သည့်နေ့ကပင် နွယ်



www.burmeseclassic.com

www.burmeseclassic.com



သည် အထက်အရာရှိ၏ အထူးဂရုစိုက်မှုများအား ခံစားခဲ့ရခြင်း အတွက် နွယ်နုလုံးသားသည် တစ်သက်တာ၌ ထူးခြားစွာနွေးထွေး လှုပ်ရှားခဲ့ရခြင်းအဖြစ်အား နွယ်သည် တစ်ကိုယ်တည်း ကြိတ်ကြိတ် ဝန်ခံဖြစ်ရပါလေသတည်း။ ။



## (တစ်ဆယ့်နှစ်)

"နွယ်. . ."

"သြော် ဆရာ၊ ထိုင်ပါရှင်၊ ဘာကိစ္စများရှိလဲ မသိဘူး"

ခေါ်သံနွေးနွေးနှင့်အတူ ရုံးခန်းထဲသို့ အထက်အရာရှိဖြစ်သူ း‌ထက်မြင့်ဝင်ရောက်လာလေသည်။ နွယ်သည် အလုပ်များလုပ်နေ ာမှ တလေးတစားမော့ကြည့်ကာ ဆိုသည်။ မိုးထက်မြင့်သည် လှနတ်သမီးလေးနွယ့်ထံ ရှုန်းလက်တောက်ပသော အကြည့်တွေ င့်ကြည့်ရင်း ကုလားထိုင်တွင် ဝင်ရောက်ထိုင်လာရင်းက. . .

"နွယ်. .အနှောင့်အယှက်ဖြစ်သွားပြီ ထင်ပါတယ်. . ."

"ရပါတယ်ဆရာ၊ ဆရာ ပြောစရာများရှိသလား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အင်း. .ပြောစရာအထွေအထူးတော့ မရှိပါဘူးဗျာ၊ သန်ဘက်ခါကျရင် လုပ်ငန်းစည်းဝေးရှိတယ်နော်. . ."

"ဟုတ်ကဲ့. .ရှိပါတယ် ဆရာ. . ."

"နွယ် အလုပ်တွေသိပ်များနေလား၊ ကိုယ် ဘာကူညီပေးရဦးမလဲ. . ."

"မရှိပါဘူး ဆရာ၊ ကျေးဇူးတင်ပါတယ်ရှင်. . ."

"ကိုယ်လည်း နွယ်ရောက်လာမှပဲ နည်းနည်းအားရတော့တယ်. . ."

"နွယ့်ကို နားလည်မှုပေးထားတဲ့ အချိန်တွေကို နွယ် ကျေးဇူးတင်လို့မဆုံးပါဘူး ဆရာ. . ."

အကြည့်ချင်း ဆုံလိုက်၊ လွဲသွားလိုက်ဖြင့် သူတို့အား သိမြင်ကြသည်။ တစ်ရက်ပြီးတစ်ရက် တွေ့ဆုံချိန်တွေ များလာခြင်းနှင့်အမျှ ရင်းနှီးမှုများလည်း ပိုလာခဲ့သည်။ လုပ်ငန်းနှင့်လည်း နေ့တစ္ဓ တွေ့ဆုံပြောဆိုဆက်ဆံနေရလေ၍ တစ်ဦးနှင့်တစ်ဦး ရင်းနှီးမှုအတိုင်းအတာသည် ပို၍မြင့်မားလာရလေ၏။

နွယ့်အနေနှင့် အထက်အရာရှိ၏ လိုက်လျောညီထွေ အရေး





ပေးဆက်ဆံခြင်း ခံရလွန်း၍ အနေပင်ခက်ရပါ၏။ တစ်နေ့တစ်နေ့ အရာရှိက မိမိအခန်းသို့ရောက်မလာလျှင် မိမိအားခေါ်တွေ့တတ်သည်လည်း ရှိသည်။ များသောအားဖြင့် အရာရှိက နွယ့်ရုံးခန်းတွေဆီ လာရောက်တတ်သည်က တစ်နေ့သုံးလေးကြိမ်ခန့် ရှိမည်ဆိုကလည်း မမှား။

တွေ့ဆုံ၍စကားတွေပြောဆိုပြန်တော့လည်း ဟာရယ်မဟုတ်။ အလုပ်စကား တစ်ခွန်းစနှစ်ခွန်းစနှင့် ထွေရာလေးပါး စကားတွေသာ များသည်။ ယခုလည်း ထည်ဝါသောအသွင်ဖြင့် နွယ့်ရုံးခန်းဆီသို့ ရောက်လာပြန်ချေပြီ။

နွယ် ဝန်ခံပါသည်။ နွယ်သည် ထိုယောကျ်ား၏ [illegible] ချောမောသောအသွင်နှင့် ထူးခြားသောမျက်ဝန်းတွေကြောင့် [illegible] ပါ၏။ သို့သော် ထိုယောကျ်ားသည် နွယ့်အထက်အရာရှိ [illegible] တစ်ရုံးလုံးတွင် သူကအကြီးဆုံး။ ဆန့်ကျင်ဘက်ချင်း၏ [illegible] တရားများအား နားလည်သော်ငြားလည်း နွယ်သည် မိမိအား [illegible] သိက္ခာထိခိုက်စေမည့် အတွေးခေါ်မျိုးကို မတွေးခေါ်လိုပါ။

နွယ့်အနေဖြင့် မိမိအရာရှိအပေါ်၌ ရင်ခုန်လှုပ်ရှားရ [illegible]



www.burmeseclassic.com

www.burmeseclassic.com



လည်း မှန်သည်။ ကိုအောင်နှင့်အကြိမ်ကြိမ်အခါခါ နှိုင်းယှဉ်ခြင်းဖြင့် ရင်မောနေရသည်မှာလည်း မှန်ပါပေ၏။

"နွယ်. . ."

"ရှင်. .ဆရာ. . ."

နွယ်ငေးဆဲ မိုးထက်မြင့်ခေါ်သံကြောင့် သတိကပ္ပြေလေးဖြင့် ငြိမ်သက်စွာ နွယ်ထူးဖြစ်ရသည်။

"နွယ်. .ဘာတွေးနေလဲ. . ."

"ဘာရယ်မဟုတ်ပါဘူး ဆရာ. . ."

"ကိုယ်လည်း လာမယ့်အပတ်ထဲမှာ ခရီးထွက်ရကောင်း ထွက်ရမယ် ထင်တယ်. . ."

"ဟုတ်လား ဆရာ. . ."

"အင်း. .ထွက်တော့ထွက်ရမယ်၊ ဒါပေမယ့် ရက်အတိအကျ တော့ မရှိသေးပါဘူး. . ."

"ဆရာမှာလည်း တာဝန်တွေက များလှတယ်ရှင်၊ ခရီးထွက်ရ အစည်းအဝေးဆိုလည်းတက်၊ ရုံးကျပြန်တော့လည်း မအားရပြန်ပါ ဘူး. . ."





"အပျင်း. .ကိုယ်ကတော့ ကိုယ့်အလုပ်မှာ ကိုယ်ပျော်ပါ တယ် နွယ်. . ."

"နွယ်လည်း ဒီလိုပါပဲဆရာ၊ ခုလို ဆရာ့လို အထက်အရာ ရှိကောင်းနဲ့ ဆက်ဆံရတော့ အလုပ်လုပ်ရတာ စိတ်ချမ်းသာသလို၊ စိတ်ဝင်စားမှုလည်း ပိုရှိပါတယ်ရှင်. . ."

"နွယ်က ကိုယ့်ကို မြှောက်နေပြန်ပြီ ထင်တယ်. . ."

"နွယ် မမြှောက်တတ်ပါဘူး ဆရာ၊ တကယ်ပဲလေးစားမှုနဲ့ နွယ်ပြောတာပါ. . ."

"ဒါဖြင့်လည်း ကျေးဇူးပါဗျာ၊ ဒါနဲ့ နွယ့်မှာမိသားစု ဘယ်နှစ်ယောက်လဲ. . ."

"နွယ်တို့ မိသားစုကတော့ ဖေဖေရယ်၊ မေမေရယ်၊ နွယ်ရယ် သုံးယောက်ပါပဲ ဆရာ၊ အလုပ်သမားတွေနဲ့ပေါင်းရင်တော့ ခြောက်ယောက်ရှိပါတယ်. . ."

"ဪ. .ဟုတ်လား. . ."

ဪ ဟုတ်လားဟူသော စကားနှင့်အတူ မိုးထက်မြင့် ရင်သည် ငြိမ်းချမ်းပျော်ရွှင်သွားရချေ၏။ မှန်သည်။ အဘယ်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဆိုသော် နွယ့်အား အိမ်ထောင်ရှိမရှိကို သူသည် ဥပါယ်တံမျဉ်ဖြင့် မေးစမ်းလိုက်ခြင်းပင် မဟုတ်ပါတကား။

"ဒါဆိုရင်တော့ နွယ်နဲ့ကိုယ်က ဘဝတူပဲပေါ့ဗျာ၊ ကိုယ့်မှာလဲ ဖေဖေရယ်၊ မေမေရယ်၊ ကိုယ်ရယ်ပဲရှိတာ၊ ဒါပေမယ့် ကိုယ်က ကိုယ်ဝယ်ထားတဲ့တိုက်မှာ ကိုယ့်အလုပ်သမားသုံးယောက်နဲ့နေတယ်၊ ကိုယ်မိဘတွေက သီးသန့်နေတယ်၊ တစ်ပတ်တစ်ခါတော့ မိဘဆွေအိမ် ကိုယ်သွားပါတယ်၊ ဖေဖေ မေမေတို့ကလည်း ကိုယ့်ဆီလာတတ်ပါတယ်. . ."

"သြော်. .ဆရာက သီးသန့်တစ်အိမ်နေတာကိုး. . ."

"အဟွန်း. .ဟုတ်တယ်လေ၊ ကိုယ်အိမ်ထောင်ကျတဲ့အခါကျတော့ အပြီးပေါ့. . ."

မိုးထက်မြင့် နှုတ်မှ လွတ်ခနဲထွက်သွားရသည်။ ပြီးရခပ်ကောင်းကောင်းပဲဟုလည်း တွက်မိ၏။ နွယ်ကမူ မျက်နှာအေးမရဲသွားအောင် အတန်ကြီးထိန်း၍ အေးချမ်းသောအပြုံးလေးနှင့်နေနေရသည်ပါ။

"ကိုယ့်အလုပ်သမားတွေက တော်တယ်၊ ကိုယ့်အိမ်လေး





သိမ်လုံတယ်၊ ပန်းတွေလည်း စိုက်တယ်၊ နွယ်တွေ့ရင် တကယ်အားရမှာပဲ၊ နွယ့်ကို တစ်နေ့အလည်ခေါ်ပြီး ပြရဦးမယ်. . ."

"အဟင်း. .ဟုတ်ကဲ့ ဆရာ. . ."

စကားတွေက ဘာတွေကို ပြော၍ပြောမိကြသည်မသိ။ သေချာဆန်းစစ်ကြည့်တော့ ကမောက်ကမတွေလို ဖြစ်နေသယောင်ရှိ၏။

"ဟာ. .နွယ်ရေ၊ ထမင်းစားချိန်တောင်ရောက်ပြီ၊ ကဲ. .လာ ကိုယ်တို့အပြင်မှာ ထမင်းထွက်စားကြရအောင်. . ."

"ဟို. .အင်း. .အဟင်း. .ဟုတ်ကဲ့ ဆရာ. . ."

တရင်းတနှီးကြီးဆိုလိုက်သော မိုးထက်မြင့် စကားများအတွက် ငြင်းရခက်ခက်၊ လိုက်လျှောရခက်ခက်ဖြင့် နောက်ဆုံးသော် နွယ်သည် ရက်(စ်)ဘော့ဇ် ဖြစ်ရပါတော့၏။ ။



www.burmeseclassic.com

www.burmeseclassic.com

## (တစ်ဆယ့်သုံး)

၁

အတွေးထဲ၌ မရှင်းလင်းသော အချက်တစ်ချက်သည်က ခေါင်းထဲ၌ အစဉ်စိုးမိုးရင်းဖြင့် အောင်မျိုးဟိန်းသည် မုန်လေးအား ငြင်သာစွာ ပြန်ချလိုက်လေ၏။

မုန်သည်။ အောင်မျိုးဟိန်း၏ ချောမောသောအသွင်နှင့် မျက်နှာသည် ရှုပ်ထွေးသောတွေးရည်တို့ဖြင့် စိမ်နေဟန်ရှိ၏။ တစ်နေ့ တစ်နေ့ တရားရုံးသွား၊ အမှုသည်များနှင့် ဆက်ဆံပြောဆိုနေရ၊ အမှုများစိစစ်ရနှင့် သူ့အတွက်အချိန်သည် မလောက်ငအောင်ပင် ရှိနေရချေ၏။





သည့်အတွက် အချစ်ဆုံးသူငယ်ချင်းထံ ဖုန်းဆက်စကား ပြောရန်မှာ တစ်နေ့တစ်နေ့ဖြင့် အချိန်တွေကုန်သွားရသည်။ သူ ဖုန်းမဆက်ဖြစ်ခဲ့။ သည်နေ့တော့ဖြင့် ရုံးသမားချင်းအတူတူမို့ ရုံးမသွား ခင်အချိန် ခပ်စောစောပင် သူငယ်ချင်းထံသို့ သူ ဖုန်းဆက်ဖြစ်ခဲ့သည်။

ထုံးစံအတိုင်း သူငယ်ချင်းအချင်းချင်း ဖုန်းနှင့်ဖြစ်စေ၊ လူချင်း တွေ့သည်ဖြစ်စေ စကားပြောမိကြပြီ ဆိုလျှင်တော့ သာကြောင်း၊ ဟကြောင်း လုပ်ငန်းအခြေအနေများနှင့် ချစ်သူကြင်သူအိမ်ထောင်ရေး အကြောင်းပါ ပြောကြဆိုကြရင်း အနည်းဆုံးနာရီဝက် တစ်နာရီခန့်က ကြာစမြဲဖြစ်သည်။

ဖုန်းဆက်စကားပြောရင်း သူငယ်ချင်းနှစ်ယောက်အဖို့ တစ် ယောက်ပုံစံတစ်ယောက် မည်သို့ရှိနေမည်ကိုလည်း တွေမြင်နေသည့် ပယ်ပါ။

"ဟင်း. . ."

အောင်မျိုးဟိန်းသည် သူငယ်ချင်းနှင့် စကားပြောစဉ်က ဟက်ကြွလန်းဆန်းနေသမျှ ဖုန်းချပြီးချိန်မတော့ သူ့အသွင်သည် လေးနက်ခြင်းတစ်ခုဖြင့် သက်မမောကြီးအား ချဖြစ်နေရပါသတည်း။



www.burmeseclassic.com

www.burmeseclassic.com



"အင်း ဖြစ်နိုင်မလား၊ မဖြစ်နိုင်လားဆိုတာ တွေးခေါ်စရာတွေကတော့ အများကြီးဖြစ်နေပြီ၊ ဒီအကြောင်းတွေကို ငါလည်း အမြဲစဉ်းစားပြီး ချင့်ချိန်တွေးတောနေမိတာပါပဲလေ. . .

ငါ့အပေါ် ချစ်ခင်မှုအပြည့်နဲ့ နားလည်တတ်လွန်းတဲ့ ငါ့သူငယ်ချင်းကတော့ အကြောင်းတစ်ရပ်မဟုတ်သလိုအသိနဲ့ ပြောတဲ့စကားသံတွေက ပေါ့ပါးလန်းဆန်းနေလိုက်တာ. .

အေးလေ သူ့အတွက်ကတော့ ဘာကယ်လည်း အကြောင်းတစ်ရပ်မှမဟုတ်တာ၊ ငါသာ ငါသာ၊ ငါ ဟုတ်မဟုတ် ဖြစ်နိုင်မဖြစ်နိုင်၊ ဒီကိစ္စကြီးကို စဉ်းစားသုံးသပ်လာခဲ့ရတာ ယနေ့ထက်တိုင်ပဲ၊ ဟုတ်ငါး ဘာပဲဖြစ်ဖြစ် ဒီကိစ္စကို ငါဆက်ပြီးတော့ သေလာရအုံးမယ်။

အင်း တကယ်လို့ ငါပဲဆိုရင်တော့ ငါ ဘာဆက်လုပ်ရမလဲ၊ အို့လေ ငါ ဘာဆက်လုပ်ရမယ်ဆိုတာ ငါ့ကိုယ်ငါသိရမှာပေါ့၊ ငါဟာ ရှေ့နေတစ်ယောက်ပဲမဟုတ်လား. . ."

"[illegible]"

အတွေးများ၌ သက်မမောကြီးအား သူ ချမိပြန်ပါ၏။

[illegible] င်းထဲရင်ထဲ၌ ရှုပ်ထွေးသော အကြောင်းအရာတစ်ခု





လွှမ်းမိုးနေခဲ့ခြင်းဖြင့် သူ့အသွင်ချောချောသည် တွေဝေနေပါတော့သည်မှာ ယနေ့တိုင်ရှိယ်ပါ။

"ဟား. . ."

နောက်ဆုံး ခေါင်းကိုယမ်း၍ အသက်ကို သူ ဝဝကြီးရှူထုတ်ကာ မျက်ဝန်းအစုံကို မှိတ်ဖြစ်လိုက်သည်။ ထိုအခါ မျက်ဝန်းဝယ် အလုပ်နှင့် အတွေးများလှစ်ဟာသည့် အချိန်တိုင်း၌ ထင်ဟပ်လာတတ်သော ရှေ့ရုပ်လွှာလေးသည် ပေါ်ထွက်လာ၏။

မှန်သည်။ မိန်းမကောင်းတို့၏ အချင်းအရာနှင့် ပြည့်စုံသော ကျေနွံကျက်သရေတို့ဖြင့် လွန်စွာတည်ငြိမ်လှပသော ရွှေယမင်းရုပ်ကလေးနှယ်ရှိသည့် သက်ထားနွယ်ပါတည်း။

"ဟင်း နွယ် နွယ်၊ ငါလည်း အလုပ်တွေများပြီး ဖုန်းမဆက်ဖြစ်ခဲ့ဘူး၊ သတိတော့သိပ်ရတာပေါ့ နွယ်ရယ်၊ ကိုယ့်ရဲ့ အားလပ်ချိန်တိုင်းကို မင်းသာစိုးမိုးထားတာပါ. . .

ငါ အခု နွယ့်ဆီဖုန်းဆက်လိုက်ရင် ကောင်းမလား၊ မဖြစ်သေးပါဘူး၊ ရုံးချိန်ခိုးနေပြီဆိုတော့ နွယ့်အတွက် အနှောင့်အယှက်ဖြစ်နေဦးမယ်၊ ညဘက်အချိန်လောက် အေးအေးဆေးဆေး စကားပြော



www.burmeseclassic.com

www.burmeseclassic.com



မှဖြစ်မယ်၊ ခုရက်ပိုင်းအတွင်းလည်း ငါမအားသေးပြန်ဘူး၊ အေးလေ၊ တစ်ညတော့ အားလပ်ချိန်ယူပြီး နွယ်နဲ့ အေးအေးဆေးဆေး စကားပြောရမယ်. . .”

ကြည်နူးသော ထိုအတွေးအားတွေးဖြစ်ပြီးမှ အောင်မျိုးဟိန်း၏ မျက်နှာချောချောသည် တည်ငြိမ်သယောင်ဖြင့် တွေဝေစေပြီး ရှိသွားရပြန်ပါ၏။

“ဟင်း . . .”

နောက်ဆုံး မောပန်းသောသက်မကြီးအား သူချမိရပြန်သည်။ သည့်နောက်မတော့ သူသည် ရှုပ်ထွေးသော အတွေးများ၏ ဖိနှိပ်မှုအား မခံနိုင်တော့သည်နှယ် မျက်မှန်ထူကြီးအား ဆတ်ခနဲဆွဲချွတ်လိုက်ပြီး ရုံးသွားမည့်အချိန်နီးပြီဖြစ်၍ ရေမိုးချိုးရန် ပြင်ဆင်လိုက်ပါတော့သတည်း။



BURMESE CLASSIC .com

(တစ်ဆယ့်လေး)

မရှက်သုံးပါးထဲမှ ကြိုက်မရှက်စကားအား မိုးထက်မြင့်တစ်ယောက် တော်တော်ကြီးထောက်ခံနေပြီဖြစ်၏။ မှန်သည်။ အဘယ်ကြောင့်ဆိုသော အခုလည်းပဲ မိုးထက်မြင့်သည် လှပကျက်သရေရှိလွန်းသော နွယ်၏ရုံးခန်းထဲသို့ ရောက်လာရပြန်ချေပြီ မဟုတ်ပါစကား။

“အဟင်း. . .”

ခြေသံနှင့်အရိပ်ကိုတွေ့၍ နွယ်သည် အလုပ်လုပ်ဆဲမှ တစ်ချက်မော့ကြည့်ပြီး အထက်အရာရှိရွှေမင်းသားအား ပြုံးပြဖြစ်သည်။ လက်မှနာရီဆီမကြည့်ဘဲနှင့်ပင် နွယ် သိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နေ့လည်ထမင်းစားရန်အတွက် သူ ရောက်လာပြီပါ၊

"အပွန်း. .နွယ်ကတော့ တကာယ်ကြီးစားပြီး တီကျတဲ့ သူပဲဗျာ. . ."

နွယ့်စကားပွဲရှေ့တွင်ပင် သူ ရပ်ရင်းဆိုတော့ နွယ်သည် လှပအေးချမ်းသော အပြုံးလေးနှင့်ပင် အလုပ်ကို လတ်စသတ်သိမ်းဆည်းလိုက်ရပြီး. . .

"ဆရာကိုတော့ နွယ် မမီသေးပါဘူးရှင်. . ."

နွယ့်စကားအတွက် သူပြုံးလိုက်သည်၊

"တော်ပြီ၊ ကိုယ့်ကိုတော့ ဆက်မမြှောက်ပါနဲ့တော့ နွယ်ရယ်၊ ကဲ လာ ဒီနေ့ထမင်းစားဖို့အတွက် အထူးအစီအစဉ်ရှိတယ်"

သူဆိုတော့ နွယ်၏ရွှဲစက်လှပသော မျက်ဝန်းလေးအား မသိမသာဝိုင်းစက်ကာ အံ့ဩဟန်လေးဖြင့် ကြည့်လာလေ၏။

မိုးထက်မြင့်သည် နှုတ်ခမ်းစေ့ကာ အပြုံးချောချောဖြ သွားမည်ဖြစ်ကြောင်း ခေါင်းတစ်ချက်ဆတ်ပြလိုက်လေ၍ နွယ်သည် ထိုင်ရာမှထကာ သူနှင့်အတူ လိုက်ပါလာခဲ့ရပါလေသတည်း။

အခန်းထဲမှ သူတို့ထွက်လိုက်သည်နှင့် ဝန်ထမ်းများအားလုံ





နှင့် အလုပ်ကိစ္စကြောင့် လာရောက်နေသောသူများ၏ အကြည့်တွေအားလုံးက သူတို့ထံရောက်သည်။

သူမတူအောင် လှပပျိုမျစ်လွန်းသော အရာရှိမလေးရောက်ကတည်းက သူတို့အရာရှိကြီးတစ်ယောက် ချာန်လျှောတော့မည်ကို ဝန်ထမ်းများအားလုံးသည် နွယ့်အားတွေ့ကတည်းက တွက်ထားကြပြီးသားပါ။

မိမိတို့အရာရှိနှစ်ယောက်အား လိုက်ဖက်ကြလွန်း၍ ကျိတ်ပြီး ဆုတောင်းနေကြရသည်မှာလည်း ဝန်ထမ်းများအားလုံး၏ ကိုယ်စီရင်တွင်းမှဆန္ဒတွေပါ။

ရုံးခန်းထဲမှထွက်လိုက်သည်နှင့် နွယ့်တစ်ကိုယ်လုံးသည် ရှိန်းခနဲဖြစ်ရသည်။ မိုးထက်မြင့်ကမူ ခပ်တည်တည်ပင် ရှေ့မှ လှမ်းထွက်သွား၏။ သူ့အဖို့ ပတ်ဝန်းကျင်ပင် မေ့လျော့နေဟန်တူ၏။

အပြင်သို့ရောက်လာသည်တွင် နွယ့်ထံ သူတစ်ချက်ကြည့်သည်။ နွယ့်မျက်နှာ ဝင်းနုရောင်လေးကိုမြင်မှ တစ်ခုခုသတိထားဖြစ်သွားရပြီး နွယ့်အားနှစ်သိမ့်ပြုံးဖြင့် စကားကိုဆိုရင်း ကားတံခါးကိုပါ ဖွင့်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ နွယ့်ကို ထမင်းကျွေးဖို့ ကိုယ်အထူးအစီအစဉ် လုပ်ထားတယ်၊ အဲဒါ နွယ် သိလား. . ."

"ဟင့်အင်း. . ."

"ကြိုမပြောဘူးနော်. . .အဟွန်း. . ."

မိုးထက်မြင့်ဆိုရင်း ရုံးရှေ့မှ ကားကိုမောင်းထွက်ခဲ့သည်။ လွတ်လပ်သော အပြင်ကမ္ဘာလေးသို့ရောက်သည်တွင် နွယ်သည် ရင်တွင်းမှသက်မမောလေးအား ကျိတ်ချဖြစ်ရ၏။ နွယ့်အနေနှင့် သူ့၏ဖိတ်ခေါ်ချက်များအား ငြင်းပယ်ချင်ပါသည်။ အားနာဟန် အရေးမကြီးဟန်ဖြင့် မသိမသာလည်း နွယ် ငြင်းပယ်ခဲ့ပါ၏။

သို့သော်လည်း မရခဲ့ပါ။ ဘာကိုကြောက်၍ အားနာမှန်း မသိအောင်ဖြစ်ကာ နွယ်သည် သူ့နောက်သို့ အမြဲလိုက်ပါခဲ့ရ၏။

အင်း ငါ့နွယ်နော် ငါ့ကိုယ်ငါလည်း ဘယ်လိုပြောရမှန်း ဟောင် မသိတော့ဘူး၊ တစ်ရုံးလုံးကတော့ ပြောမထုတ်ရုံတစ်မယ်ပဲ ရှိတော့တယ်။ ဆရာကတော့ ဘာမှဂရုစိုက်ပုံမရဘူး. . .

ဟုတ်တယ်၊ ဆရာဟာ လူတစ်မျိုးပဲ၊ ဆရာဟာ စည်းကမ်း ရှိတယ်၊ တည်ငြိမ်ပြတ်သားတယ်၊ သူ မှန်တယ်ဆိုတဲ့အရာတိုင်းမှာ





ပတ်ဝန်းကျင်လည်း ဂရုမစိုက်တတ်ဘူး. . .

ဒါကထားပါတော့၊ သူနဲ့ငါ အခြေအနေကဘာလဲ၊ လူတွေ ကြည့်တဲ့ မျက်လုံးတွေကတော့ တာအရမ်းသွားနေပြီ၊ ဆရာဟာ ငါ့ကိုငဲ့ညာဖို့တော့ ကောင်းပါတယ်၊ ဆရာဟာ ကလေးဆန်တာလား၊ ဇွတ်တရွတ်ဆန်တာလား မသိဘူး. . .

အင်း ဇွတ်ကတော့ တကယ့်ဇွတ်သမားကြီးပဲ၊ ကြည့်တော့ တည်ငြိမ်ရင့်ကျက်ပုံနဲ့ ငါ့ဆီလာရင် ချည်ပြီးတုပ်ပြီး အားနာလို့ ရအောင်ကို လုပ်ပြီးမှလာတယ်. . .

ဒါကပဲ သူ့ရဲ့အစွမ်းတွေလား၊ ဆွဲဆောင်မှုတွေလား မပြော တတ်တော့ပါဘူး၊ ဘာပဲဖြစ်ဖြစ်လေ သူနဲ့ငါက ဘာမှမဟုတ်တာ၊ သူကလည်း ငါ့ကိုတာမှဖွင့်မပြောသေးဘူး. သူ့ရဲ့အမူအရာတွေကတော့ ဖွင့်မဆိုရုံတစ်မယ်ပဲ ရှိတော့တာမှန်ပေမယ့် ဒါကို ငါက ဘယ်လို လုပ်ပြီး တရားဝင်ဆိုလို့ရမှာလဲ. . .

နေပါဦး၊ ငါကရော သူ့ဆီကမေတ္တာဆောင်းခံမှုကို မျှော်လင့် နေသလား၊ အို. . .။

ထိုအတွေးသို့အရောက်၌ နွယ်သည် အလိုလိုနေရင်း တစ်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လုံး ရှိန်းခနဲရှိကာ မျက်နှာလေးပင်ရဲတွတ်သွားရပြီး တစ်ဆက်တည်း၌လည်း ကိုအောင်၏ချောမောသော အသွင်အား မြင်ယောင်ဖြစ်မိသွားရပါ၏။

မှန်သည်။ ကိုအောင်ဖုန်းဆက်သည်မှာ လေးငါးကြိမ်ထက်မနည်းတော့။ မိမိနှင့် တစ်ခါမှမဆုံခဲ့၊ မိမိက ဖုန်းပြန်ဆက်တော့လည်း သူက အိမ်တွင်မရှိပြန်ပါ။ သည်လိုနှင့် သူတို့လွဲခဲ့ကြသည်မှာ နှစ်လပင်ပြည့်ခဲ့ပြီဖြစ်၏။

"နွယ် ငြိမ်ချက်သားကောင်းလှချည်လား၊ ဘာတွေ စဉ်းစားနေလဲ. . ."

"သြော် အဟင်း ဘာရယ်မဟုတ်ပါဘူး ဆရာ၊ ဒါနဲ့ ဆရာ အခုဘယ်ကိုမောင်းနေတာလဲဟင်. . ."

စောစောက အတွေးနှင့်မို့ နွယ် သတိမထားဖြစ်ခဲ့၊ ခုမှ ဆိတ်ငြိမ်သော ပတ်ဝန်းကျင်ကို သတိထားကြည့်ပြီး နွယ် မေးဖြစ်ရသည်။

"အဟွန်း. .ကိုယ့်အိမ်လေ. . ."

"ရှင် ဆရာ့အိမ်ကို. . ."





"အင်း အဟွန်း. . ."

နွယ် အံ့သြစွာဖြင့်မေးတော့ သူ အပြုံးချောချောဖြင့် ခေါင်းညိတ်ပြကာ ဆို၏။

"အို ဟို နွယ်က ဆရာ ဘယ်မှာများထမင်းသွားစားမလိုလဲဆိုပြီး တစ်ချက်တော့ စဉ်းစားမိသား. . ."

နွယ် အနေခက်စွာဆိုရ၏။

"နွယ့်ကို ကိုယ်ပြောထားသားပဲ၊ အထူးအစီအစဉ်ရှိတယ်လို့၊ ရှေ့မှာ ကိုယ်နေတဲ့ခြံရောက်ပြီ. . ."

စကားနှင့်အတူ ကားလေးအား ခြံဝင်းကြီးတစ်ခုထဲသို့ သူ မောင်းဝင်ခဲ့၏။ ခြံဝင်းထဲရောက်သည်နှင့်ပင် နွယ့်စိတ်တွေ ကြည်လင်လန်းဆန်း ပျော်ရွှင်သွားရသလိုပါ။

မှန်သည်။ အဘယ်ကြောင့်ဆိုသော် ခြံဝင်းအလယ်၌ လှပသော နှစ်ထပ်တိုက်ဖြူဖြူကြီးတစ်လုံးသည် ခမ်းနားထည်ဝါစွာရှိပြီး ပတ်ပတ်လည်၌မူ ပန်းမာလာမျိုးစုံတို့သည် စနစ်ကျစွာ အကွက်ဖော်စိုက်ပျိုးထားသည်မဟုတ်ပါလား။

တိုက်ကြီး၏ဆင်ဝင်အောက်၌ ကားလေးရပ်သွားသည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



နွယ်သည် သူ ကျေနပ်အောင် စားပြရပြန်ပါသေး၏။ ဖြစ်နိုင်လျှင် နွယ်သည် ခြံထဲပြေးထွက်ကာ အသက်ဝဝရှူလိုက်ချင်နေရပါသည်။ သူ့ရှေ့၌ နေနေရသည်မှာ နွယ်သည် တစ်ကိုယ်လုံး သူ့ဝမ်းဗိုက်ထဲ ရောက်နေသကဲ့သို့ ခံစားရ၏။

နွယ့်အား ထိတို့ခြင်းမရှိပါဘဲနှင့် ထိုသူ၏ မျက်ဝန်းနှင့် ယုယမှုတွေမှာ ရင်ခွင်ထဲတင်းကျပ်စွာ ထည့်ထားသည့်အလားရယ်ပါ။ မှန်ပါ၏။ နွယ်တစ်ယောက် အနေခက်၍ အသက်ရှူကျပ်နေရာမည်မှာ ဧကန်ပါ။ မိုးထက်မြင့်သည် ထိုမိန်းမချောအား ဘဝနှင့်ချီကာ အလွန်အမင်း နှစ်သက်မြတ်နိုးနေရလေသည် မဟုတ်ပါတကား။

ဖြစ်နိုင်လျှင် သူ နှုတ်မှဖွင့်ဟပြီးလျှင်ပြီးချင်း တစ်ပါတည်းလက်ထပ်၍ အတူနေချင်နေရသည် မဟုတ်ပါလား။ သို့သော်လည်း တွေ့မြင်သိရှိ ကျွမ်းဝင်သည်ကမှ ခုမှနှစ်လပင် ရှိသေးသည်မို့ သူသည် အပြောကောင်းရန်အတွက် အချိန်လေးနည်းနည်းဆွဲ၍ ထိန်းချုပ်နေရခြင်းရယ်ပါ။

သို့သော်လည်း သူ့မျက်ဝန်းနှင့် သူ့အပြုံးများသည်က နှုတ်မှ





ဖွင့်ပြောခြင်းထက်ပင် မိုင်ကျော်နေရချေပြီမို့ နွယ်လည်း နားလည်တန်ကောင်းပါရဲ့ဟု သူ ယုံကြည်၏။ သို့တိုင် နွယ်သည် ဣန္ဒြေရှိသော အမျိုးကောင်းသမီးမို့ ဘယ်အရာမှ အလွန်အကျွံမရှိစေရန် စကားပင် ထိန်းဆိုနေသည်ကို သူ သိပါ၏။ လှပ်ရှားရင်မောသော ရင်အစုံဖြင့် မိုးထက်မြင့်သည် ထမင်းစားခြင်းအမှုအား ပြီးစီးလိုက်၏။

"ကဲ. .လာ နွယ် ကိုယ် စိတ်ကြိုက်ဆောက်ထားတဲ့ အိမ်နဲ့ ခြံထဲလိုက်ပြမယ်. . ."

အပြုံးနုနုလေးမှလွဲ၍ သူ ခေါ်ရာနောက်သို့ နွယ် တိတ်တိတ်ကလေးပင် လိုက်ပါခဲ့သည်။ ပထမဦးစွာ တိုက်ကြီး၏အပေါ်ထပ် အောက်ထပ်တွေကို သူ လိုက်ပြသည်။ အခန်းဖွဲ့စည်းပုံနှင့် ပစ္စည်းများ အထားအသိုတို့ကို ကြည့်ခြင်းအားဖြင့် စီမံကိန်းအတွက် စိတ်ကူးကောင်းသော မိုးထက်မြင့်အား နွယ် ချီးကျူးမိပါ၏။

"ကိုယ့်ရဲ့ တိုက်ပုံစံ မကောင်းဘူးလား နွယ်. . ."

"ဟုတ်ကဲ့ ဆရာ. . ."

"ကိုယ် အဲဒါ ရည်ရွယ်ချက်တွေနဲ့ ဆောက်ထားတာ. ."

"ဟုတ်ကဲ့. . ."



www.burmeseclassic.com

www.burmeseclassic.com



နွယ့်ထံ မိုးထက်မြင့် တစ်ချက်ကြည့်သည်။ နွယ်နှင့်အကြည့်ချင်းဆုံတော့ ရှက်မျက်နှာအနန်းအနန်းလေးဖြင့် နွယ် မျက်နှာလေးလွှဲသွားရှာ၏။ မိုးထက်မြင့်သည် မချင့်မရဲ ဖြစ်သွားရသော်လည်း ဟောဒ့ရမ်းတတ်သော လူစားမျိုးမဟုတ်၍ သူသည် တစ်ချက်မျှ မချင့်မရဲလေး ပြုံးဖြစ်၏။

သူတို့ ခြံထဲဆင်းခဲ့ကြသည်။ တိုက်ကြီးကိုပတ်၍ တစ်ခြံလုံးလျှောက်ကြည့်သည်။ စနစ်တကျ စိုက်ပျိုးထားသော ပန်းမာလာတို့အား နွယ်သည် လွန်စွာမှနှစ်သက်မိပါ၏။

"နွယ် သဘောမကျဘူးလားဟင်. . ."

"ဟုတ်ကဲ့ ကောင်းပါတယ် ဆရာ. . ."

"အင်း. .ကိုယ့်မှာ စိတ်ကူးနဲ့ဆုံးဖြတ်ချက် ရှိတယ်လေ၊ အဲဒီခြံ၊ အဲဒီတိုက်မှာ ကိုယ့်မိသားစုနဲ့ ပျော်ရွှင်စွာ ကိုယ်နေဖို့. . ."

"ဪ. .ဆရာ့မိဘတွေက ဆရာ နေစေချင်တဲ့ ဒီခြံကြီးမှာ မနေချင်ကြလို့လား. . ."

"အဟွန်း. . ."

လှီးလွှဲဆိုလိုက်သော နွယ့်စကားအတွက် မိုးထက်မြင့်သည်





နွယ့်အား စက္ကန့်လေးကြာကြာ စူးစိုက်ကြည့်ပြီးမှ ချောမွေ့စွာတစ်ချက်ရယ်၏။ ပြီးတော့ ရှေ့ဆက်မဆိုပါ။ အင်္ကျီအိတ်ထဲမှ ကားသော့လေးကို ထုတ်ယူလိုက်ပြီး. . .

"ကဲ. .ကိုယ်တို့ ရုံးပြန်ကြရအောင်. . ."

"ဟုတ်ကဲ့. .ဆရာ. . ."

စိတ်ပေါ့ပါးလန်းဆန်းသွားသော နွယ့်အား သူ မသိမသာကြည့်ရင်း မိုးထက်မြင့်သည် ပြုံးဆဲရှိ၏။ ထို့နောက် နွယ့်အလိုကျ ရုံးသို့ပြန်ရန် ဆင်ဝင်အောက်မှ ကားကို သူ မောင်းထွက်ခဲ့လိုက်သည်။

"နွယ်. . ."

"ရှင်. . ."

"ကိုယ် မနက်ဖြန် ခရီးထွက်မယ်. . ."

"ဟုတ်လား ဆရာ၊ ဘယ်ကိုလဲဟင်. . ."

"တောင်ငူကိုပါ၊ အဲဒီမှာ ကိုယ်တို့ ကိုးကွယ်ရေ ဆရာတော်တစ်ပါးရှိတယ်၊ အခု ကျန်းမာရေးမကောင်းလို့ ဆေးဝါးသွားကပ်မလို့ပါ၊ ကိုယ့်မိဘတွေလည်း ပါမယ်၊ နွယ်ကော လိုက်မလား၊ ရုံးပိတ်တာပဲ လိုက်ခဲ့ပါလား. . ."



www.burmeseclassic.com

www.burmeseclassic.com



"ပြည်က နွယ့်သူငယ်ချင်းက လာမယ်လို့ ဖုန်းဆက်ထား တယ် ဆရာ. . ."

"ဩော်. .ဒါဆိုရင် ရောက်တဲ့နေရာကနေ ကိုယ် နွယ့်ဆီ ဖုန်းဆက်မယ်နော်. . ."

"ဟုတ်ကဲ့ ဆရာ. . ."

"ကိုယ် ရုံးတက်အမီတော့ ပြန်ရောက်လာမှာပါ. . ."

"ဟုတ်ကဲ့. . ."

ဆိုဆဲ စကားစလေးတွေ ပြတ်တောက်သွားသည်။ မိုးထက်မြင့်သည် ကားကို မှန်မှန်မောင်းရင်း နံဘေးမှ နွယ်၏ရှင်းသန့်သော ကိုယ်သင်းရနံ့လေးအား အေးမြစွာ ရှူရှိုက်ရင်းဖြင့်. . .

'နေနိုင်လိုက်တာ နွယ်ရယ်၊ မင်း ကိုယ့်ကို စိတ်မဝင်စားဘူး၊ မင်း ကိုယ့်ကို စိတ်ဝင်စားမယ်လို့တော့ ထင်ပါတယ်၊ ဘာပဲဖြစ်ဖြစ် ကိုယ်ကတော့ မင်းကို စိတ်ဝင်စားမှု၊ မြတ်နိုးမှုတွေ အပြည့်အဝနဲ့ ကိုယ့်ဘဝရဲ့ စိတ်ကူးကမ္ဘာကို အကောင်အထည်ဖော်ရမှာပဲ. .'

'မင်းကို သိပ်ချစ်တယ် နွယ်. . .'

မိုးထက်မြင့်တစ်ယောက် စိတ်ကူးနှင့် ယတိပြတ်ဆုံးဖြတ်





ချက်များချဆဲအခိုက်၌ နွယ့်ရင်ထဲမလည်း. . .

"တကယ်လို့များ ဆရာက ချစ်ခွင့်တောင်းလာရင် အို. . ဒီလိုမျိုး အနေအထားနဲ့ ကိုအောင်မျိုးဟိန်းလည်း ရှိသေးတယ်၊ ဒါဆို ငါ ဘယ်လိုဆုံးဖြတ်ရမလဲ မသိဘူး၊ နှစ်ယောက်စလုံးကတော့ အရည်အချင်းတွေအပြည့်နဲ့ မိန်းမတစ်ယောက်အတွက် ငြင်းစရာ မရှိဘူး၊ ငါ့ဖို့ ရွေးရခက်တော့မယ်၊ အို. .ငါနွယ် ဘာတွေလျှောက်တွေး နေလဲ မသိဘူး၊ ရှက်စရာကောင်းလိုက်တာ. . ."

ရှက်မျက်နှာရဲရဲလေးဖြင့် နွယ်သည် အတွေးများအား ဖြတ်တောက်ပစ်လိုက်ရသည်။ သို့သော် ထိုနေ့တစ်နေ့လုံးနှင့် ညအိပ်ရာဝင် ခဲ့သည့်တိုင် နွယ့်အတွေးထဲ၌ ထိုအကြောင်းများသာ လွှန်ဆွဲ၍ လွှမ်းမိုးခဲ့ရပါလေသတည်း။ ။



www.burmeseclassic.com

www.burmeseclassic.com

## (တစ်ဆယ့်ငါး)

ပုံမှန်နိုးနေကျ နံနက်ငါးနာရီတွင် နွယ် အိပ်ရာမှနိုးသည်။ အိပ်ရာမှနိုးသည်နှင့် ကိုယ်လက်သန့်စင်ပြီး ညအိပ်ရာဝင် ဝတ်စုံကို လဲလိုက်သည်။ ထို့နောက် နွယ်သည် ဘုရားခန်းရှိရာဆီသို့ လှမ်းထွက်ခဲ့ပြီး မီးပူဇော်ရေချမ်းကပ်၊ ဆွမ်းကပ်ပြီး ဘုရားရှိခိုးမည်ပြုဆဲ. . .

"ကရင်. .ရင်း. .ရင်း. . ."

"ဟင်. . ."

စူးရှစွာမြည်လာသော ဧည့်ခန်းထဲမှ ဖုန်းမြည်သံလေးကြောင့် နွယ်သည် တအံ့တသြရှိသွားရရင်းမှ မိဘများအတွက် အနှောင့်အယှက် ဖြစ်မည်စိုး၍ ဖုန်းရှိရာသို့ ကပျာကယာလှမ်းထွက်ခဲ့ရပါလေ





၏။

"ဟဲလို. .အမိန့်ရှိပါရှင်. . ."

"နွယ်. .ကိုယ် မိုးထက်မြင့်ပါ. . ."

"ရှင်. .ဟင် ဆရာက. . ."

တစ်ဖက်မှ ဆရာမိုးထက်မြင့်အသံ ကြားလိုက်ရသည်တွင် နွယ်သည် အံ့သြလွန်း၍ ဘာစကားဆက်ပြောရမည်မှန်းပင် မသိတော့အောင် ရှိသွားရချေ၏။

"အဟွန်း. .နွယ် အံ့သြနေလား၊ နွယ့်အတွက် အနှောင့်အယှက်များ ဖြစ်သွားလေသလား. . ."

"အို. .အနှောင့်အယှက်တော့ မဖြစ်ပါဘူး ဆရာ၊ နွယ် အံ့သြနေတာ၊ ဆရာ အခုဘယ်က ဆက်. . ."

"ကိုယ် လမ်းက ဆက်နေတာလေ အခု ပဲခူးရောက်နေပြီ. . ."

ကားမောင်းရင်း ဆယ်လူလာဖြင့် နွယ့်ထံသို့ ဆက်နေသည့် မိုးထက်မြင့်၏ အသွင်ချောချောကြီးအား နွယ် မြင်ယောင်ဖြစ်သည်။

"သြော်. . ."



www.burmeseclassic.com

www.burmeseclassic.com



"နွယ်ကော အခု ဘာလုပ်နေလဲ၊ နွယ် အိပ်ရေးပျက်မှ စိုးလို့ ကိုယ် အောင့်နေခဲ့ရတာ ညကတည်းက၊ ကိုယ် နွယ့်ခါ ဖုန်းဆက်ချင်နေတာ မနေနိုင်တော့လို့၊ ခုလောက်ဆိုရင်တော့ နွယ် နိုးပြီဆိုပြီး ကိုယ် ဖုန်းခေါ်လိုက်တော့တာပဲဗျာ. . ."

"နွယ် နိုးနေပါပြီ ဆရာ၊ နွယ် ဘုရားရှိခိုးဖို့လုပ်နေတုန်း ဆရာ့ဖုန်း ဝင်လာတာ. . ."

"ကြားရတာ ချမ်းမြေ့စရာဗျာ၊ ကဲ. .ဒီလောက်ဆိုရင် တိုယ် ကျေနပ်ပါပြီ၊ တွေ့မှပဲစကားပြောတော့မယ်နော်၊ နွယ် ဘုရားရှိခိုး လိုက်ပါ. . ."

"ဟုတ်ကဲ့. .ဆရာ. . ."

စကားအဆုံး၌ နွယ်သည် ကိုယ်ရောစိတ်ပါ နွေးထွေးလှ ရှားလွန်း၍ လက်ထဲမှဖုန်းလေးကိုပင် အနိုင်နိုင်ထိန်းချုပ်လိုက်ရလေ၏

'ငါ ဒီလောက်အထိ ထိန်းသိမ်းနေပေမယ့်လည်း တစ် ထက်တစ်နေ့မှာ အခြေအနေတွေက သိသိသာသာ ပြောင်းလဲနေ လား၊ ဒါဟာ သူ့ရဲ့တစ်ဇွတ်ထိုးနိုင်မှုနဲ့ ရင်တင်းပြတ်သားမှုကြော ပဲဖြစ်မယ်၊ ဟုတ်တယ်၊ ကြည့်လေ. .အခုလည်း သူပြောလိုက်





ကားတွေက တစ်ဇွတ်ထိုးနိုင်ပြီး ရဲတင်းနေတာ. . .'

'ရဲတင်းနေတာထက်ကို သူဟာ ငါ့ကို လွှမ်းမိုးနေတယ် ဆိုရင် ပိုပြီးမှန်မယ်၊ ကိုအောင်ကတော့ စကားကို ထိန်းထိန်းသိမ်းသိမ်း ပြောတယ်၊ ဒါပေမယ့် အနေနီးတာရယ်၊ အတွေ့များတာရယ်၊ တစ်ဇွတ် ထိုးနိုင်ပုံနဲ့ လွှမ်းမိုးသယောင်ရှိနေတဲ့ ဆရာမိုးထက်မြင့်အပေါ်မှာ ပိုပြီးများ အလေးသာနေသလားပဲ. . .'

"သမီး. .တယ်လီဖုန်းနားမှာ ဘာငေးနေတာလဲ. . ."

နောက်ဘက်မှ ရုတ်တရက်ပေါ်ထွက်လာသော မေမေ့စကား ကြောင့် နွယ်သည် မလုံမလဲလေးဖြင့် ရင်ထဲ ဒိန်းခနဲဖြစ်ကာ နို့ဖျပ်သွားရရင်းမှ. . .

"သြော်. .မေမေ နိုးနေပြီလား. . ."

"အေးလေ. .မေမေ ဘုရားရှိခိုးမလားလို့၊ သမီးကော ရှိခိုး ပြီလား. . ."

"အခု ခိုးမလို့ပါပဲ မေမေ၊ စောစောက ဆရာ့ဆီက ဖုန်း လာတာနဲ့ပါ. . ."

"စောစောစီးစီးပါလား၊ ဘာအရေးကြီးလဲသမီး. . ."



www.burmeseclassic.com

www.burmeseclassic.com



"အရေးတော့မကြီးပါဘူး မေမေ၊ ဆရာ ခရီးထွက်တာ ခရီးက ပြန်လာကြောင်းပြောတာပါ. . ."

"ဪ. .ဒါနဲ့ မောင်အောင်မျိုးဟိန်းနဲ့ သမီးနဲ့လည်း အမြဲတမ်းလွဲချော်နေတော့ဘာပဲကွယ်၊ အားနားစရာကောင်းနေပြီ..."

"ဟုတ်တယ် မေမေ၊ နွယ်လည်း ကိုအောင်ကို အားနာနေ ကယ်. . ."

"အေးကွယ်. .ဘယ်တတ်နိုင်မလဲ၊ ကဲ. .ကဲ ဘုရားရှိခိုး ကြရအောင် သမီး. . ."

"ဟုတ်ကဲ့. .မေမေ. . ."

မေမေနှင့်အတူ နွယ် ဘုရားခန်းထဲသို့ ဝင်ခဲ့သည်။ နွယ် ကိုယ်နွယ် သိသည်။ မိမိ၏ အထက်အရာရှိဖြစ်သော ကိုလူချော ကြောင့် နွယ်သည် ဘုရားရှိခိုး ဖြောင့်တော့မည်ပင် မဟုတ်ကြောင်း

× × × × ×





အချိန်မှန်ပင် နွယ်သည် ရုံးသို့ ရောက်ခဲ့၏။ စားပွဲတွင် ထိုင်ပြီး မိနစ်ကလေးအနည်းငယ်မျှ အနားယူပြီးနောက် စားပွဲပေါ်မှ အလုပ်များအား စတင်လုပ်ကိုင်ပါတော့သည်။

အလုပ်လုပ်လျှင် အလုပ်ထဲစိတ်ပါဝင်စားစွာ လုပ်ကိုင်တတ်သော နွယ့်အဖို့ မိမိ၏ရုံးခန်း ဆင်နားရွက်တံခါးပွင့်လာပြီး အရိပ် တစ်ခု ထိုးဝင်လာသည်ကို နွယ် သတိမထားမိလိုက်အောင် ရှိ၏။

"နွယ်. . ."

"အမေ့. . ."

မိုးထက်မြင့်၏ ကမူးရှူးထိုးနှယ် ခေါ်လိုက်သောအသံကြောင့် နွယ်သည် လက်ထဲမှ ဘောလ်ပင်လေးပြုတ်ကျသွားသည်အထိ လန့်ဖျပ်သွားရှာလေ၏။

"ဆောရီး. .နွယ်ရယ်. . ."

"အို. .ဆရာ၊ ထိုင်ပါရှင်. . ."

အားနာဟန်ဏ္ဍန္ဓေလေးဖြင့် ထိန်းထိန်းသိမ်းသိမ်း နွယ် ဆိုသည်။ တည်ငြိမ်၍အေးဆေးနေသော နွယ့်အလှကိုကြည့်ပြီး မိုးထက်မြင့်ကား ရင်ထဲဆူပွက်၍နေသည့်အလားပါ။ နွယ့်ရင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာလည်း မဝံ့မရဲလန့်တုန်လေးရှိကာ လှုပ်ခတ်နေရပါသတည်း။

နွယ့်မျက်ဝန်းကလေးများသည် မဝံ့မရဲမှု၊ လှုပ်ရှားမှုကလေးများအား အတန်ကြီး ထိန်းသိမ်းနေပုံရကြောင်း မိုးထက်မြင့် မြင်၏။ ထိုအရာကပင် မိုးထက်မြင့်အဖို့ အမြတ်နိုးဆုံးသောအရာ ဖြစ်နေရပြန်ပါ၏။

မိုးထက်မြင့်သည် နွယ့်မျက်နှာလှလှလေးဆီ မြတ်နိုးမဆုံးသော ငွေးထွေးမှုတွေဖြင့် ရင်ဝယ်တငြိမ့်ငြိမ့်ဖြာကာ အတန်ကြာငေးကြည့်နေမိပြီးကာမှ သူသည် နွယ့်အနီးလှမ်းခဲ့ပြီး စားပွဲပေါ်မှ ရှိနေသော နွယ့်လက်ဖမိုးလေးဆီ ဖွဖွထပ်လိုက်သည်။

နွယ့်ကိုယ်လေးတွန့်ခနဲဖြစ်ပြီး နွယ့်အကြည့်လေးများ လွဲသွားသည်တွင် မိုးထက်မြင့်သည် နွယ့်လက်ကလေးအား ပိုင်ပိုင်ဆုပ်ကိုင်ကာ နွယ့်မျက်နှာလေးနှင့် တည့်တည့်ကြည့်လာရင်းက. . .

"နွယ်. .ကိုယ်ပြောပါရစေတော့ နွယ်ရယ်၊ ကြာရင် ကိုယ်ရူးမယ်၊ ကိုယ် ခုလိုမျိုး ဣန္ဒြေပျက်လောက်အောင် ဘယ်တုန်းကမှလည်း မဖြစ်ခဲ့ဖူးပါဘူးကွယ်. . .

နွယ်. .နွယ့်ကို ကိုယ်သိပ်မြတ်နိုးတယ်၊ သိပ်ချစ်တယ်၊





အမြဲနိဆုံးလည်း လက်ထပ်ချင်တယ်. . .

နွယ်. .အခုလေ ကိုယ် ခရီးအတွက်မှာ ကိုယ့်မိဘတွေနဲ့လည်း ပြောလိုက်ပြီးပြီ၊ ဆရာတော်ကလည်း တန်ဖိုးရှိပြီး ထိုက်တန်တဲ့မိန်းမမြတ်နဲ့ အကြောင်းပါမယ့်နှစ်လို့ ကိုယ့်ကိုပြောလိုက်တယ်

ကိုယ့်မိဘတွေကတော့ ဆရာတော်ဆီမှာပဲ ကျန်ရစ်ခဲ့သေးတယ်၊ ကိုယ်က အလုပ်တွေရှိသေးတာကတစ်ကြောင်း၊ နွယ့်ကိုလည်း လွမ်းမယ်၊ နွယ်နဲ့မတွေ့ရရင် မနေနိုင်တာကြောင့် ကိုယ်ပြန်လာခဲ့တာ. . .

ကိုယ်ဒီလိုမျိုး ဘယ်တုန်းကမှ မဖြစ်ခဲ့ဘူး နွယ်ရယ်၊ ကိုယ့်ကိုယုံပါ၊ ကိုယ် ဘယ်အမျိုးသမီးနဲ့မှလည်း နာမည်ပျက်မရှိခဲ့ပါဘူး၊ နွယ့်ကိုချစ်တယ်၊ သိပ်မြတ်နိုးတယ်၊ အမြဲနိဆုံးလက်ထပ်ချင်တယ်၊ နွယ် ခွင့်ပြုပါနော်. . ."

စောစောက သူဆုပ်ကိုင်ထားသော နွယ့်လက်ကလေးမှာ သူ့ စကားတွေဆိုရင်းမှ မချင့်မရဲဖြစ်ပုံဖြင့် နွယ့်လက်ကလေးသည် သူ့ရင်ခွင်ထဲရောက်ရှိနေရပြီဖြစ်၏။

"ပြောပါဦး နွယ်ရယ်၊ ပြောပါဦး၊ ကိုယ်စိတ်ချမ်းသာပါ



www.burmeseclassic.com

www.burmeseclassic.com



ရစေ၊ ကိုယ့်ရဲ့ဆန္ဒတွေ ပြည့်ဝပါရစေ. . ."

နွယ့်လက်ကလေးတွေကို တစ်ဘက်မှ နှစ်ဘက် သူဆုပ်ကိုင်လာရင်း ရင်ခွင်တွင်အပ်ကာ သူ သဲကြီးမဲကြီးစကားတွေဆိုသည်။

"ဆ. .ဆရာ. . ."

"ပြောပါ နွယ်၊ ပြောပါ. . ."

"လူတိုင်းကတော့ ကိုယ့်ဆန္ဒတွေကို ဘယ်သူမဆို ပြည့်ချင်ကြတာပါပဲရှင်၊ ဒါပေမယ့် အခုလို ဆရာတောင်းဆိုတဲ့ ဆန္ဒကတော့ သဘာဝသိပ်မကျသေးပါဘူးရှင်. . ."

"လူပျိုက အပျိုကို ချစ်ခွင့်ပန် လက်ထပ်ခွင့်တောင်းတာ သဘာဝမကျဘူးတဲ့လားဗျာ. . ."

"ဒါမဟုတ်ဘူးလေ၊ နွယ် ဆိုလိုတာက ဆရာ့ဘက်ကချည်း တစ်ဖက်သတ်ဆန်နေလို့ပါ၊ တစ်ဖက်နဲ့တစ်ဖက် အပေးနဲ့အယူ ညီညွတ်မျှတမှုရှိရမယ်မဟုတ်လား ဆရာ. ."

"ကိုယ်ရင်မောလိုက်တာ၊ မခံစားဖူးတော့လည်း ကိုယ်တစ်ကိုယ်ကောင်းဆန်နေတာပါပဲ၊ ကိုယ့်ကိုရင်နာအောင်တော့ မလုပ်ပါနဲ့လား အချစ်ရယ်. . ."





"နွယ့်ကိုစဉ်းစားခွင့်လေးတော့ ပေးဦးမှပေါ့ ဆရာရယ်"

"ဟင်း ကောင်းပြီလေ၊ ဘယ်နှစ်ရက်စဉ်းစားမလဲ. ."

"တစ်လ. . ."

"မဟုတ်တာ၊ တစ်လကြီးတောင် စဉ်းစားစရာမလိုပါဘူး နွယ်ရယ်၊ ကိုယ်ဒီလိုပြောလို့ ကိုယ်ဟာဆုံးဖြတ်ချက်ပြင်တဲ့သူ မဟုတ်ဘူး နွယ်၊ ကိုယ်ဟာ လက်တွေ့ကိုသာ အလေးအနက်ထားတဲ့သူပါ"

"နွယ်က မိန်းမသားမို့. . ."

"အဟွန်း နွယ်၊ နွယ်ဟာ အင်မတန်ရင့်ကျက်တဲ့သူလို့ပဲ ကိုယ်မြင်ပါတယ်၊ ဒီအသုံးအနှုန်းဟာ ဆင်ခြေတစ်ခု၊ မရင့်ကျက်တဲ့သူတွေရဲ့ အသုံးအနှုန်းရယ်လို့ပဲ ကိုယ်မြင်တယ်၊ ဘာပဲပြောပြောလေ နွယ့်ဘက် အခွင့်အရေးကိုတော့ ဒီလိုဘောင်ခတ်မထားသင့်ပါဘူး"

"ကိုယ်ဘောင်ခတ်မထားပါဘူး၊ နွယ် စဉ်းစားနိုင်ပါတယ်၊ ဒါပေမယ့် စဉ်းစားချိန်ဟာ ဒီနေ့ကစသုံးရက်ဆိုလုံလောက်တယ်"

"ဟင်း. . ."

အဓိပ္ပါယ်ဆိုနေသော သူ့စကားများအတွက် နွယ် သက်မလေးအား ကျိတ်ချဖြစ်ရ၏။ ဒီလိုစကားတွေကိုက နွယ့်အားလွှမ်းမိုးနေ



www.burmeseclassic.com

www.burmeseclassic.com



သည်ပဲ မဟုတ်ပါလား။

"ဘယ်လိုလဲ နွယ်၊ သုံးရက်ပဲကိုယ်ခွင့်ပြုပါရစေ၊ သုံးရက်ပြည့်တဲ့အခါလည်းပဲ ကိုယ့်ရဲ့ဆန္ဒအတိုင်းဖြစ်တဲ့ စကားမျိုးပဲဖြစ်ပါစေ"

မိမိအားချည်နှောင်လွှမ်းမိုးနေသည်ကို သိလျက်နှင့်ပင် နွယ်သည် ဘာကြောင့်များရုန်းမထွက်နိုင်ပါသနည်း။ ဒါသည်ပင် နွယ်သည် ဆရာ့အား ချစ်နေလို့ပဲလား။

"ပြောပါဦး နွယ်၊ သုံးရက်နော်. . ."

ထုံးစံအတိုင်းပဲ နောက်ဆုံးတော့ နွယ်ကား ခေါင်းကလေးအား ညင်သာစွာညိတ်လိုက်ရပါလေသတည်း။ နွယ့်လက်အစုံအား ရင်ခွင်ဝယ်ကပ်ထားရင်းမှ မိုးထက်မြင့်သည် အချစ်ရည်တို့ဖြင့် ပြည့်လျှံနေသော ချစ်မျက်ဝန်းညိုကြီးများဖြင့် နွယ့်အား ငေးကြည့်နေ၏။

"ကျေးဇူးပြုပြီး နွယ် အလုပ်ဆက်လုပ်ပါရစေ ဆရာ ."

နွယ်ဆိုရင်း သူ့ရင်ခွင်မှ လက်ကလေးတွေကို ညင်သာစွာ ရုန်းယူလိုက်သည်။ သူလည်း ညင်သာစွာ ဖြေလျှော့ပေးရင်းမှ နွယ့်ထံ မချင့်မရဲကြည့်ဆဲ. . .

"နွယ်. .သုံးရက်နော်. . ."





"ဟုတ်ကဲ့ပါ. . ."

"ကိုယ်စိတ်ချမ်းသာရမယ့် အဖြေလည်း ဖြစ်ပါစေနော်"

"ကကယ်လို့မဖြစ်ခဲ့ရင်ကော ဆရာ. . ."

"ဒါဆိုရင်တော့ ရှင်းရှင်းလေးပဲ၊ ကားတင်ခိုးရုံပဲ. ."

"အို မဟုတ်တာ. . ."

"အဟွန်း နွယ် စမ်းကြည့်လိုက်လေ. . ."

"ဆရာ့ရဲ့မြင့်မြတ်တဲ့ ဂုဏ်သိက္ခာကို ဘယ်မှာသွားထားမလဲ. . ."

"ဒီမှာ နွယ်၊ အချစ်ဆိုတဲ့အရာရဲ့ နောက်မှာသာ အားလုံးရှိကြတာပါ၊ နွယ် မယုံရင်တော့ စမ်းကြည့်ပေါ့. . ."

"ဆရာ နွယ့်ကို အကျပ်ကိုင်တာတော့ မဟုတ်ပါဘူးနော်"

"နွယ် ဘယ်လိုထင်လဲ. . ."

"ဆရာ နွယ့်ကို အကျပ်ကိုင်နေပြီလို့. . ."

"မှန်မယ်ထင်တယ်. . ."

"ဒါဆိုရင် ဆရာစဉ်းစားခွင့်ပေးတဲ့အချိန် သုံးရက်ဆိုတာ ဘာထူးသလဲ ဆရာ. . ."

www.burmeseclassic.com

www.burmeseclassic.com



"ဒါက မင်းကိုလိုက်လျောတဲ့အနေနဲ့ပဲ၊ မထူးဘူးဆိုတာ သိရင်. .ကိုယ်ချစ်တာကိုလည်း သိနေရင် လက်ထပ်ဖို့ကိစ္စတွေလုပ်ဖို့ မင်းခွင့်ပြုလိုက်ပါတော့လား. . ."

"တစ်ဖွတ်ထိုးနဲ့ တစ်ကိုယ်ကောင်းမဆန်ပါနဲ့လား ဆရာ၊ ဆရာဟာ လူကြီးလူကောင်းပ . . ."

"အဲဒီအတွက်ကြောင့်လည်း သုံးရက်အချိန်ပေးထားတာပေါ့၊ ကဲ ကိုယ်သွားမယ်နော်၊ အချစ်ကို ပုံးဝစိတ်မညစ်စေချင်ဘူး၊ မင်းအတွက်ဆိုရင် ကိုယ့်ရဲ့အသည်းနှလုံးသက်သက်ပဲ ပေးမယ်၊ ကိုယ်နဲ့ ပတ်သက်ပြီး စိတ်အနှောင့်အယှက်ကို မြူလောက်တောင် မင်းမခံစားစေရဘူးဆိုတာ ကိုယ်ကျိန်ပြောပါတယ်. . ."

မတည်မပြုံး လှသောမျက်နှာရဲရဲလေးဖြင့်သာ နွယ်ရှိနေလိုက်သည်။ ရှေ့ဆက်၍လည်း နွယ် စကားမဆိုတော့။

မိုးထက်မြင့်သည် နွယ့်မျက်နှာလေးကိုကြည့်ပြီး ကျေနပ်စွာဖြင့်ပင် နွယ့်လက်လေးတစ်ဖက်အား တစ်ချက်မျှဆုပ်ကိုင်နှုတ်ဆက်ကာ နွယ့်ရုံးခန်းထဲမှ ထွက်သွားလိုက်ပါတော့သတည်း။

x x x x x





"ကရင်း ရင်း ရင်း. . ."

ညစာစားပြီး၍ တစ်အောင့်တနားနားနေဆဲ ဧည့်ခန်းထဲမှ ဖုန်းမြည်သံလေးသည် နွယ့်အား လှမ်းခေါ်လိုက်သကဲ့သို့ရှိ၏။ နွယ်သည် ရင်ဝယ်ကြည်နူးသာယာသလို၊ ရှပ်ထွေးသလို ရင်ခုန်လှုပ်ရှား နွေးထွေးရင်းဖြင့် စက္ကန့်မလပ် မိုးထက်မြင့်၏အကြောင်းအား စဉ်းစားနေဆဲမို့. . .

ဖုန်းမြည်သံလေးလှမ်းခေါ်သည်တွင် ပို၍လှုပ်ရှားသွားရရင်း ရင်ခုန်စွာဖြင့် ဖုန်းလေးအား ကောက်ကိုင်နားထောင်ဖြစ်၏။

"ဟဲလို. .အမိန့်ရှိပါရှင်. . ."

"နွယ်လား. .ကိုအောင်ပါ. . ."

တစ်ဖက်မှ အောင်မျိုးဟိန်း၏မမျှော်လင့်ဘဲ ကြားလိုက်ရသော စကားသံကြောင့် နွယ်သည် တစ်ချက်မျှ မျက်ဝန်းလွှာလေး အစုံလင်းလက်သွားရရင်း. . .

"အို ကိုအောင်ရယ်၊ ခုမှပဲ နွယ်နဲ့ကိုအောင်တို့ ဆုံဖြစ်တော့တယ်နော်၊ နွယ်ဖြင့် ကိုအောင် ဖုန်းဆက်တိုင်း မတွေ့လို့ အားနာနေတာ၊ နွယ်လည်း ကိုအောင့်ဆီ ဖုန်းပြန်ဆက်ပါတယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် နွယ်၊ ကိုယ်လည်း နွယ့်ကို အဲဒါအားနာနေတာပါပဲဗျာ၊ ကိုယ်လည်း အလုပ်တွေကများပြီး စဉ်းစားရတာတွေကလည်း တစ်ဇက်မို့ပါ. . ."

"ကိုအောင် အလုပ်သိပ်ကြိုးစားတယ်ဆိုတာ နွယ် သိပါတယ် ကိုအောင်ရယ်၊ ဒါကြောင့်လည်း ရှေ့နေလောကမှာ ကိုအောင်ဟာ ထိပ်ဆုံးကပဲမဟုတ်လား. . ."

"အဟွန်း ..ချီးမြှင့်တာ ကျေးဇူးတင်ပါတယ်ဗျာ၊ ဒါနဲ့ နွယ် အခုဘာလုပ်နေလဲဟင်. . ."

"နွယ် အားနေပါတယ် ကိုအောင်၊ ကိုအောင့်ရော ."

"ကိုယ်လည်း နည်းနည်းအချိန်ရပါတယ်၊ နွယ်နဲ့တွေ့ရတာ ကိုယ်ဝမ်းသာတယ်. . ."

"ကိုအောင် ဘာပြောချင်လို့လဲဟင်၊ ကိစ္စရှိလား. ."

နွယ့်စကားတွင် တစ်ဘက်မှ အောင်မျိုးဟိန်းအသံသည် တစ်ချက်မျှတိတ်ဆိတ်သွားသည်။ ပြီးမှ. . .

"နွယ်. . ."

"ရှင်. . ."





"ကိုယ်စဉ်းစားနေတာ ကြာပါပြီ. . ."

"ဘာကိုလဲ ကိုအောင်. . ."

"နွယ့်ကို စကားတစ်ခွန်းပြောဖို့ပါ၊ ဒီစကားကို ကိုယ် နွယ်နဲ့တွေ့ပြီး ပြောချင်ပါတယ်၊ နွယ်နဲ့တွေ့ပြီး ပြောသင့်တဲ့စကားလည်းဖြစ်တယ်၊ ဒါပေမယ့် အချိန်မရလို့. . ."

"ကိုအောင် အလုပ်များတာ နွယ် သိပါတယ်ရှင်. ."

"ကိုယ့်ကိုနားလည်ပေးတာ ကျေးဇူးတင်ပါတယ် နွယ်၊ ကိုယ့်ရင်ထဲ မျိုသိပ်ထားတာကြာပြီဖြစ်တဲ့ စကားနည်းနည်း နွယ့်ကို ကိုယ် အခုပြောပါရစေ. . ."

"ဟုတ်ကဲ့၊ နွယ် နားထောင်နေပါတယ်. . ."

ရင်ခုန်သွား နွယ် ဆိုဖြင်၏။ နွယ့်ရင်ထဲမတော့ သိနေပါချေပြီ။

"နွယ်. . ."

"ရှင်. . ."

"နွယ့်ကို ကိုအောင်မြတ်နိုးတယ်၊ လက်ထပ်ချင်တယ်၊ ကိုယ် ဒီစကားတွေပြောဖို့ ရည်ရွယ်တာကြာခဲ့ပါပြီ၊ အခြေအနေနဲ့ အတိုင်းအတာမပေးသေးတဲ့အတွက် ကိုယ်မပြောဖြစ်ခဲ့ဘူး၊ ခုတော့ ကိုယ့်စိတ်



www.burmeseclassic.com

www.burmeseclassic.com



ထဲ သနိ့်သလိုရှိပြီမို့ ကိုယ့်ရဲ့ဆုံးဖြတ်ချက်အတိုင်း နွယ့်ကို ကိုယ် ဖွင့်ပြောတာပါ. . ."

"နွယ် ကိုအောင့်ကို နားလည်ပါတယ်. . ."

"ကိုယ့်ကိုနားလည်တယ် ဟုတ်လား နွယ်. . ."

"ဟုတ်. .ဟုတ်ပါတယ် ကိုအောင်၊ ကိုအောင် တစ်နေ့ ပြောလာမယ်ဆိုတာ နွယ် ကြိုပြီးသိနေပါတယ်. . ."

"ဒါဆိုရင်. . ."

"နေပါဦး ကိုအောင်ရယ်. . ."

"ကိုယ်နောက်ကျသွားပြီလား နွယ် . . ."

"နောက်ကျတာတော့ မဆိုသာပါဘူး ကိုအောင်၊ ဒါပေမယ့် နွယ့်ဘက်က သိပ်ပြီးရှုပ်ထွေးရဲ့လောက်အောင် ပိုင်းခြားဝေဖန် စဉ်းစား ဆုံးဖြတ်ရတော့မယ့် အခြေအနေမျိုးရှိနေပြီ. . ."

"နွယ်ဆိုလိုတာ ကိုယ်နဲ့တန်းတူရှိနေတယ်ဆိုတဲ့ သဘော လားဟင်. . ."

"နွယ် မညာချင်ပါဘူး နွယ်၊ ကိုအောင်ပြောတာမှန်ပါတယ်။ သူလည်း နွယ့်ကို မနက်ကပဲတောင်းဆိုလိုက်တယ်လေ. ."





"သြော်. . ."

သူ့ဘက်မှ သြော်သည် ခြောက်သွေ့သွား၏။ နွယ့်အနေနှင့် ကိုအောင့်အတွက် စိတ်မကောင်းဖြစ်မိသည်ကအမှန်ပါ။

"ကိုအောင်. . ."

"ပြောပါ နွယ်. . ."

"တကယ်လို့များ ကိုအောင့်ဘက်မှာ နွယ် မရှိခဲ့ရင်. ."

"အဟွန်း. .ရပါတယ် နွယ်၊ ဒီအတွက်ဝမ်းမနည်းပါနဲ့၊ ဒါ ကိုယ့်ရဲ့ကံတရားပါ၊ အခု နွယ့်ဆီဝင်ကတည်းကိုကပဲ ကိုယ်က နောက်ကျနေပြီပဲလေ. . ."

"သူ့ကိုလည်း နွယ် အဖြေမပေးရသေးပါဘူး ကိုအောင် ရယ်၊ သူက တစ်ဖွတ်ထိုးတော့နိုင်တယ်၊ နွယ် စဉ်းစားမယ်လို့ပဲ ပြောထားတယ်. . ."

"ဒါဖြင့် ကိုယ့်ကိုလည်း နွယ် စဉ်းစားပေးနိုင်ဦးမလား"

"နွယ့်အနေနဲ့ စဉ်းစားခွင့်ရှိပါတယ် ကိုအောင်၊ နွယ့်ရဲ့ အိမ်ထောင်ဘက်ကို နွယ် လွတ်လပ်စွာ ရွေးချယ်နိုင်ခွင့်ရှိပါတယ်"

"ဒီလုကြားရတာ ကျေးဇူးအထူးတင်ပါတယ် နွယ်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



နွယ်ပြောတာ မှန်တယ်၊ နွယ် လွတ်လပ်စွာရွေးချယ်ပါ၊ နွယ် ဆုံးဖြတ်ချက် ပြတ်သားစွာချပြီးတဲ့နေ့ကျရင် ကိုယ့်ဆီကို ဖုန်းဆက်ပါနော်၊ ဘယ်လိုအဖြေပဲဖြစ်ဖြစ် ကိုယ်မျှော်နေမယ်. . ."

"ဟုတ်ကဲ့ စိတ်ချပါ ကိုအောင်၊ ကိုအောင့်ရဲ့မြင့်မြတ်တဲ့ ဂုဏ်သိက္ခာကို နွယ် သိပ်လေးစားပါတယ်ရှင်. . ."

"အဟွန်း ဟွန်း ကိုယ့်ကိုသိပ်မမြှောက်ပါနဲ့ဗျာ၊ ကဲ ကဲ နွယ့်မှာလည်း အလုပ်ရှိဦးမှာပါ၊ အလုပ်မရှိတောင် တွေးရမယ့်အလုပ်ကရှိနေပြီလေ၊ ကိုယ်လည်း အမှုသည်နဲ့ချိန်းထားလို့ သွားခွင့်ပြုပါဦးနော်၊ နွယ်နဲ့စကားပြောလိုက်ရတာ ကိုယ်တကယ်ပဲဝမ်းသာသွားပါတယ်၊ ကဲ နွယ်. .ဖုန်းချလိုက်တော့နော်. . ."

"ဟုတ်ကဲ့ ကိုအောင်. . ."

စကားအဆုံး၌ ဖုန်းလေးကို နွယ် ညင်သာစွာချလိုက်သည်။ ကိုအောင်ပြောသလိုပင် နွယ့်မှာတွေးရမယ့်အလုပ်က ရှိနေပါပြီ။

မကြားရသည်မှာ ကြာပြီဖြစ်သော ကိုအောင်၏စကားသံသည် ကြင်နာရွှေးထွေး၍ လူကြီးလူကောင်းဆန်စွာ နွယ့်အပေါ်တွင် လွှမ်းမိုး၏။





နေ့စဉ်ကြားနေရသည့် ဆရာ့အသံကမူ ကြင်နာရွှေးထွေးမှုတွင် သြဇာသံအပြည့်လည်းရှိကာ နွယ့်အပေါ်၌ ထည်ထည်ဝါဝါ လွှမ်းမိုး၏။

မှန်သည်။ နွယ်ကား ထိုသံစဉ်လွှမ်းမိုးမှုများကပင် နွယ့်အတွက် အချိန်များသည် တစ်ဝက်ကုန်ဆုံးစေရပြီဖြစ်ကာ အိပ်ရာဝင်ချိန်ညသည်ပင် လွန်မြောက်၍ နွယ်သည် ဘဝင်မကျ ရှုပ်ထွေးသောအတွေးတို့ဖြင့် သံသရာလည်ကာ မိုးစင်စင်လင်းခဲ့ရသည်တကား။

♡ ♡ ♡



www.burmeseclassic.com

www.burmeseclassic.com

## (တစ်ဆယ့်ခြောက်)

သည်နေ့ဆို နှစ်ရက်ရှိပြီ။ မနက်ဖြန်ဆိုလျှင် ရင်ခုန်လှုပ်ရှားရသော အတွေးတို့ဖြင့် နွယ်သည် အချိန်မှန် ရုံးသို့ရောက်၏။ ရုံးခန်းတွင်းအရောက် စားပွဲရှေ့တွင်ထိုင်မိသည်ကိုပင် လှုပ်ရှားရသော အတွေးတို့ကြောင့် နွယ်သည် တစ်ကိုယ်လုံး ဘာတုန်ကာယင် ဖြစ်နေရသယောင်ပင် ရှိတော့၏။

သူတစ်ယောက် နွယ့်အခန်းထဲသို့ ဘယ်အချိန် ဝင်ရောက်လာလေမလဲဟူသော အတွေးဖြင့်လည်း နွယ် ရင်ခုန်နေရသည် မဟုတ်ပါလား။ တစ်ဌာနတည်းမို့ အနေနီးပြီး အတွေ့များနေရသည်





ကပင် သံယောဇဉ်ပါဖို့အတွက် တစ်ပန်းသာနေသည်လားမဆိုနိုင်။

ဒါမှမဟုတ် သူ၏ကြင်နာနွေးထွေးတတ်သော အပြောအဆို အကြည့်မျက်ဝန်းနှင့် အသွင်ကြောင့်ပင်လားမဆိုနိုင်။ သူ့အပေါ်၌ နွယ် ပို၍စိတ်လှုပ်ရှားမိသည်ကအမှန်။

အိုလေ. .တကယ်တော့ ငါအကြောင်းပြစရာ ဘာမှမရှိပါဘူး။ ဆရာကိုတွေ့တွေ့ချင်း ငါ စိတ်ထဲလှုပ်ရှားခဲ့တာပဲမဟုတ်လား၊ ဒါဖြင့် ကိုအောင့်ကိုရော . .အင်း သူ့ကိုတော့ ငါခင်မင်လေးစားခဲ့တာ အမှန်ပဲ. . .

ပြီးတော့ ကိုအောင်ဟာလည်း မိန်းမတစ်ယောက်ငြင်းပယ်စရာမရှိအောင် နှစ်သက်ထိုက်တဲ့သူပါ။ ဟင်း ဆုံးဖြတ်ရတော့ ခက်နေပြီ၊ အေးလေ ငါနဲ့ဖူးစာပါတဲ့ သူပဲပေါ့. . .။

အတွေးဖြင့် နွယ်သည် အချစ်ချိန်ခွင်ကိုထိန်းရင်းမှပင် ဆရာမိုးထက်မြင့်အသွင်အား မြင်ယောင်၏။

မနက်ဖြန်ဆိုရင် ငါ ဆရာကိုဘာပြောရမလဲ၊ တကယ်တော့ ဆရာဟာ ငါ့ကိုစဉ်းစားဖို့ အချိန်ပေးတာမှမဟုတ်တဲ၊ ချည်ပြီး တုပ်ပြီး ပြောတဲ့စကားဟာ စဉ်းစားဖို့အချိန်ပေးတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား။



www.burmeseclassic.com

www.burmeseclassic.com



ဟင်း ဆရာတော့ တစ်ဖွတ်ထိုးနိုင်လွန်းလို့ ငါ့ဆုံးဖြတ်ရဖို့ တောင် ခပ်လန့်လန့်၊ ပြီးတော့ ငါ့ဆုံးဖြတ်ကရော ဘာအရာထင်မှာလဲ၊ သူကတစ်ဖွတ်ထိုးကြီး. . ။

"နွယ်. . ."

"အမေ့ .သြော် ဆရာ. . ."

နွယ်တစ်ယောက် ဆွေးထွေးသော လှုပ်ရှားမှုအပေါင်းဖြင့် အတွေးများက ယောက်ယက်ခက်စွာရှိဆဲ မိုးထက်မြင့်သည် တက်ကြွလန်းဆန်းသော ချစ်မျက်ဝန်းညိုကြီးအစုံဖြင့် နွယ့်ထံ တစ်စိုက်မတ်မတ်ကြည့်ကာ ခေါ်သံနှင့်အတူ နွယ့်အနီးရောက်လာလေ၍ .

နွယ်ကား တစ်ကိုယ်လုံး တုန်တက်မတတ် လန့်ဖျပ်သွားလိုက်ရချေ၏။ နွယ်သည် အိုးတိုးအန်းတန်း မျက်ဝန်းလေးဖြင့် မိုးထက်မြင့်ထံ ဘာပြောရမည်မသိ နွယ် ကြည့်မိခိုက်. .

"အဟွန်း. .ဆောရီး နွယ်ရယ်၊ ကိုယ့်ကြောင့် သိပ်လန့်သွားတယ် ထင်တယ်. . ."

"ရုတ်တရုတ်မို့ပါ ဆရာ. . ."

နွယ့်အပြောလေးအတွက် မိုးထက်မြင့်သည် နွယ့်ထံသို့





အတန်ကြာသည်အထိ အလေးအနက်ချစ်ပြုံးတွေနှင့် စိုက်ကြည့်နေပြီးကာမှ. .

"နွယ်. . ."

"ရှင်. . ."

"မနက်ဖြန်နော်. . ."

"အဟင်း. . ."

နွယ် ပြုံးလိုက်သည်။ နွယ့်အပြုံးလေးသည် နူးညံ့သိမ်မွေ့သော ရှက်ပြုံးလေးရယ်ပါ။

"သြော်. .နွယ်ရေ၊ ကိုယ်တို့ ခုဆယ်နာရီမှာ အစည်းအဝေးရှိတယ်၊ အဲဒါ နွယ်ကော လိုက်သွားရမယ်. . ."

"ဟုတ်လား. .ဆရာ၊ ဒါဆို ရုံးမှာ ဒီမနက်ပိုင်းတော့ ဘာမှလုပ်ဖြစ်တော့မယ် မထင်ပါဘူး. . ."

"အစည်းအဝေးက အရေးကြီးတယ်လေ နွယ်ရယ်၊ ကဲ. အသင့်လုပ်ထားနော်၊ ကိုယ်နဲ့အတူသွားမယ်. . ."

"ဟုတ်ကဲ့. .ဆရာ. . ."

နွယ့်ထံ အပြုံးနှင့် နှုတ်ဆက်ကြည့်ပြီး မိုးထက်မြင့်



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားလိုက်သည်။ အစည်းအဝေးသွားရမည်မို့ နွယ်သည် စားပွဲပေါ်မှ အလုပ်တွေကို မလုပ်ဖြစ်သေးဘဲ စနစ်တကျရှိစေရန် ပြင်ဆင်ထားလိုက်သည်။ မကြာလိုက်ပါ။ နွယ် အဆင်သင့်ဖြစ်ချိန်တွင် မိုးထက်မြင့်သည် အစည်းအဝေးသွားရန် နွယ့်အား လာရောက်ခေါ်၏။

အစည်းအဝေးသွားရန် တူစုံထွက်လာကြသည်။ နေနှင့်လ၊ ရွှေနှင့်မြနှယ် လိုက်ဖက်ညီထွေးသော အရာရှိနှစ်ဦးအား ဝန်ထမ်းများ အားလုံးသည် လေးစားခြင်း၊ ကြည်နူးခြင်းတွေဖြင့် ကြည့်နေကြသည်။

"နွယ် ဒီနားမှာ စောင့်နေနော်၊ ကိုယ့်ကား ဟိုဘက်နားမှာ ထိုးထားတယ်၊ ကိုယ် သွားယူလာမယ်. . ."

ရုံးပြင်အရောက်၌ မိုးထက်မြင့်ဆိုကာ သွက်လက်သော ခြေလှမ်းတို့ဖြင့် ကားရပ်ထားရာဆီသို့ သူ လှမ်းထွက်သွားလိုက်လေသည်။ နွယ်သည် မိမိနှင့်မနီးမဝေးတွင် ရပ်ထားသည့် မိမိကားလေးဆီ တစ်ချက်မျှလှမ်းကြည့်ပြီး မိုးထက်မြင့်အား စောင့်နေသဲ. . .

မိုးထက်မြင့်သည် သူ၏စီးခဲလေ့ရှိသော အပုံ့စားမာစီဒီးကားကြီးအား နွယ့်ထံသို့ ညင်သာစွာ မောင်းခဲ့လာ၏။ နွယ်သည်





နွေးထွေးတည်ငြိမ်သော မျက်နှာလေးဖြင့် မိုးထက်မြင့်မောင်းလာသော ကားဆီ လှမ်းအကြည့်မတော့. . .

ရုတ်ချည်း နွယ့်တစ်ကိုယ်လုံးသည် ခတ်လိုက်သွားသကဲ့သို့ တုန်လှုပ်ကာ နွယ့်မျက်နှာလှလှလေးသည်လည်း အံ့သြခြင်း၊ ထိတ်လန့်ခြင်းတို့ဖြင့် ဖြူဆုတ်သွားလိုက်ရပါတော့သတည်း။

အံ့သြတုန်လှုပ် ထိတ်လန့်ခြင်းများစွာကြားမှ နွယ့်ဦးနှောက် အသိထဲ နွယ့်မျက်ဝန်းပြာလေးအစုံထဲတွင်ကား အချိန်အားဖြင့် ခြောက်နာရီထိုးခါနီး၊ အာကာတစ်ခွင်သည် မှောင်မည်း၍ မိုးသည် အုန်းအုန်းထစ်ရွာသွန်းနေ၏။

"တီး တီး တီး. . ."

"ဒီကားကလည်း ဘာများဒီလောက်တောင် အရေးကြီးနေလဲမသိဘူး၊ ဒီလောက်မှောင်မည်းကြီး မိုးကြီးလေကြီးထဲမှာ ဘာဖြစ်လို့များ ကားကိုမြန်မြန်မောင်းချင်နေရလဲမသိဘူး. "

"တီး တီး တီး. . ."

"တီး တီး တီး. . ."

"ဟင် ကလေး၊ အို. .ဒုံး. .ကျွီး. . ."



www.burmeseclassic.com

www.burmeseclassic.com



"ကျွီး. .အား . .ဒိုင်း. . ."

"ဟင် ဟား ဟား. . ."

"နွယ်. .ဘာဖြစ်နေလဲ၊ ကားပေါ်တက်လေ. . ."

ဖြူဆုတ်၍ ထိတ်လန့်ချောက်ချား မော့ဟိုက်နေဟန်ရှိသော နွယ့်အသွင်တုန်တုန်ယင်ယင်လေးကို ကြည့်ရင်း မိုးထက်မြင့်သည် အလေးအနက်ထားစွာဖြင့် ရင်နာစွာခေါ်လိုက်သည်။

ထိုအခါမှ နွယ်သည်လည်း မိုးထက်မြင့်၏ကားနံပါတ်ဆီ စူးစိုက်နစ်မြုပ်စွာ ကြည့်နေမိရာမှ ဆတ်ခနဲ မိုးထက်မြင့်ထံ နွယ် ကြည့်လိုက်သည်။ နွယ့်အကြည့်သည် ခံပြင်းနာကျင်ခြင်းနှင့် လွန်စွာ ရှုတ်ချလိုက်သော အကြည့်မျိုးပါ။

နွယ်သည် မိုးထက်မြင့်အား ခံပြင်းနာကြည်းရှုတ်ချမှု၏ မီးစွယ်လေးများထွက်နေသော အကြည့်တို့ဖြင့် စက္ကန့်လေးကြာကြာ စိုက်ကြည့်ပစ်လိုက်ပြီးမှ မိုးထက်မြင့်ကားရှေ့မှ ချာခနဲလှည့်ထွက်ကာ သူမကားဆီသို့ လှမ်းထွက်သွားလိုက်ပါတော့သတည်း။

"နွယ်. .နွယ်. . ."

မိုးထက်မြင့် အသည်းအသန်လိုက်၍ခေါ်သည်။ နွယ်ကား





လှည့်မကြည့်ပါလေတော့။ နွယ့်ကားလေးသည် အစည်းအဝေးရှိရာသို့ မောင်းထွက်သွားလိုက်လေပြီဖြစ်သတည်း။

"နွယ်. .ဟာ ကျွတ် နွယ်ကွာ၊ ဘာဖြစ်တာလဲမသိဘူး"

လှုပ်ရှားညည်းတွားရင်း မိုးထက်မြင့် လှမ်းခေါ်သော်လည်း နွယ်ကားမကြားပါလေတော့။ နောက်ဆုံး၌ မိုးထက်မြင့်သည် ဘာမှန်း မသိပါဘဲနှင့် စဉ်းစားရင်း နွယ့်ကားလေးထွက်မှ လိုက်မောင်းသွားရ လေတော့သည်။

နွယ် ဘာဖြစ်သွားမှန်း သူ မသိသည်က အမှန်။ သို့သော် သူ့ကိုကြည့်သွားသော နွယ့်အကြည့်မျက်ဝန်းလေးတွေကိုတော့ သူ သတိထားလိုက်သည်။ သူ့ကိုကြည့်သွားသည့် နွယ်အကြည့်များကား သူ့အား လွန်စွာခံပြင်းနာကြည်းမှု စက်ဆုပ်ရွံရှာမှုနှင့် အထင်သေး ရှုတ်ချမှုနှင့် အထင်သေးရှုတ်ချမှုတွေဖြင့် ပြည့်ကျနေရလေသည် မဟုတ်ပါတကား။

နွယ်သည် တစ်ချိန်လုံး အစည်းအဝေးကျင်းပနေသော နေရာ ၌သာ ခန္ဓာတည်ရှိနေရသော်လည်း စိတ်တွေကဖြင့် အလင်းရောင်တန်း ကြီးထဲ၌ တွေ့လိုက်ရသော ကားနံပါက်တစ်ခု၊ ထိုကားနံပါတ်သည်



www.burmeseclassic.com

www.burmeseclassic.com



ဇဝေဇဝါဖြစ်ခဲ့သောလည်း ခုတော့ နွယ် ကောင်းစွာသိလိုက်ရပြီဖြစ်သည်။

ထိတ်လန့်ချောက်ချားနေရသော မိမိစိတ်သည်က ထိုကားနံပါတ်အား မြင်ယောင်နေမိသော်လည်း တိကျစွာမဖော်ထုတ်ရခဲ့၊ ခုတော့ ထိုကားနံပါတ်သည် မိမိစိတ်ကယောင်ကတမ်းကြောင့် မြင်တွေ့ခဲ့ခြင်းမဟုတ်၊ ထိုကားနံပါတ်သည် အထင်ကရရှိနေချေ၏။

ပြီးတော့ ထိုကားနံပါတ်နှင့် ထိုကားပိုင်ရှင်သည်ကလည်း အထင်ကရပုဂ္ဂိုလ်ကြီးရယ်လေ။ ဥပဒေဆိုတာ အထင်ကရပုဂ္ဂိုလ်ကြီးတွေမှာ မရှိလေရော့သလား၊ ဒီလိုပဲ ဖျောက်ဖျက်လို့ရစတမ်းလား။

ဒီလိုလူစားမျိုးကို နွယ် အထင်မကြီးတတ်ပါ၊ သူ့လိုပုဂ္ဂိုလ်ကြောင့် ဒုက္ခရောက်ခဲ့ရသည်က ဆင်းရဲသားလူတန်းစားဖြစ်သည့် အပြစ်မဲ့သောကလေးတစ်ယောက်နှင့် နွယ်ပါ။ နွယ်သည် နာကျင်သော အတွေးများအား ခါထုတ်ကာ သွားလေးများစေ့ထားလိုက်သည်။

မိုးထက်မြင့်သည် နွယ့်အသွင်လေးအား ကြည့်ကာ ဘာမှန်းမသိ၊ မချင့်မရဲဖြစ်နေရ၏။ နွယ်သည် သိသိသာသာကြီးပင် ရုတ်ချည်း





သူ့အားရှောင်ရှားပစ်နေသည်ပဲ။ ဘာကြောင့်လဲ. .သူ ဘာကိုမှကို မသိ၊ သူ့လိုလူကိုတော့ နွယ် ဒီလိုလုပ်၍မရပါ။ ပြဿနာတစ်ခုရှိလျှင် သူ့အားပြတ်ပြတ်သားသား ရှင်းလင်းမှ သူ ကျေနပ်နိုင်မည်။

ခုလိုဘာမှန်းမသိဘဲနဲ့တော့ တစ်ဖက်သတ် သူ မခံစားနိုင်ပါ။ ခံစားရအောင်လည်း သူ့တွင်အကြောင်းမရှိ၊ သူသည် မှန်မှန်ကန်ကန်နှင့် တိတိကျကျလုပ်တတ်သော လူတစ်ယောက်။

အစည်းအဝေးသာတက်နေရသည်၊ သူ့စိတ်တွေက နွယ့်ထံ၌သာရှိနေ၏။ သည်နေ့တစ်နေ့လုံးကဖြင့် အစည်းအဝေးအချိန်နှင့်သာ ပြီးတော့မည်ဖြစ်သည်ကို သူသိနေသည်။ ဘာကြောင့်လဲဟူသောစကားအား နွယ့်အားမေးရန်အတွက် သူ့စိတ်သည် ဖျတ်ဖျတ်ခါနေရလေ၏။ ဘယ်အချိန်ပြီးပြီး အစည်းအဝေးပြီးစီးမည့်အချိန်ပင် နွယ့်အားမေးရန် သူစောင့်နေမိသည်။

နွယ့်လုပ်ရပ်အတွက် သူ အခံရခက်နေသည်ကဖြင့် ရင်ပွင့်မတတ်ပါ။ နွယ့်ကိုကြည့်ရင်း မိုးထက်မြင့်သည် မချင့်မရဲရှိနေရ၏။ နွယ့်တစ်ကိုယ်လုံးအား သူ ဆွဲခါယမ်းပစ်ပြီး မေးလိုက်ချင်နေရသည်။

နွယ့်အကြည့်သည် သူ့ထံသို့တစ်ချက်ကလေးမှကို ရှောင်



www.burmeseclassic.com

www.burmeseclassic.com



မလာသည်က အဆိုးဆုံး၊ သူ အခံစားရဆုံး၊ နွယ့်မျက်နှာလေးသည် တည်တင်းတင်းလေးရှိပြီး နွယ်သည်လည်း အတွေးရည်တို့ဖြင့်ရှိနေမည်ကို သူ တတ်အပ်သိနေ၏။

စည်းဝေးနေကတည်းကပင် မိုးထက်မြင့်သည် တစ်ချိန်လုံး နွယ့်ထံသို့ အကြည့်များရောက်နေသည်။ နွယ်၏တင်းမာပြတ်သားနေသောအသွင်ကိုမြင်တော့ သူသည် ပို၍စိတ်လှုပ်ရှားကာ စိတ်လည်းတိုရပါလေ၏။

သူ သွားတွေကိုစေ့ထားလိုက်သည်။ အစည်းအဝေးပြီးလျှင်တော့ ..ဟူသော တေးချက်ဖြင့် နွယ့်အား သူ စိုက်စိုက်ကြီးတစ်ချက်ကြည့်ပစ်လိုက်၏။

× × × × ×

"တော် နွယ်ကွာ ..အဓိပ္ပါယ်မရှိဘူး ..."

မိုးထက်မြင့်ရယ်ပါ။ ပေါက်ကွဲမှုဒေါသတွေဖြင့် မိုးထက်မြင့်သည် မိမိရုံးခန်းထဲ၌ ကမူးရှူးထိုးကြီးဆိုနေဖြစ်ခြင်းပါ။ အစည်းအဝေးက သည်နေ့မှ တစ်နေကုန်နီးပါး ကျင်းပခဲ့သည်။ အစည်း





အဝေးပြီးတော့ သူ နွယ့်နောက် ချက်ချင်းလိုက်မည်အပြု မိတ်ဆွေတစ်ဦး စကားလာပြောနေ၍ အစည်းအဝေးကျင်းပရာတွင် သူ ကျန်ရစ်ခဲ့ရသည်။

နာရီဝက်ကြာမှ သူ့ရုံးခန်းထဲသို့ သူ တန်းဝင်သွားသည်။ သို့သော် နွယ်ကား ပြန်သွားချေပြီဖြစ်၏။ တစ်သက်မှာ တစ်ခါမှ ဘဝတွင်မဖြစ်ဖူးခဲ့သော ယောက်ယက်ခတ်မှုမျိုးကို သူဖြစ်ခဲ့ရသည်။ ထိုမိန်းမနှင့်ပတ်သက်လျှင် သူသည်တွေ့စကတည်းက အသည်းအသန်ဖြစ်ရသည့်ဘဝရယ်။

"နွယ်. .နွယ်. .နွယ်. . ."

နွယ့်အမည်အား သူ ရင်ထဲမှာ ကျိတ်ကျိတ်ခေါ်နေမိ၏။

"မင်းလုပ်ပုံအဓိပ္ပါယ်မရှိဘူး၊ လုံးဝအဓိပ္ပါယ်မရှိဘူး၊ ကောင်းပြီ၊ ကောင်းပြီ. . ."

တစ်ကိုယ်တည်းဆိုရင်း မချိမဆန့်နှင့်ပင် မိုးထက်မြင့်ကား အိမ်သို့ပြန်ခဲ့ရပါတော့သတည်း။ အိမ်ရောက်သည်နှင့် မိုးထက်မြင့်သည် ရေမိုးချိုးပစ်လိုက်သည်။ ရေချိုးပြီး ထမင်းမှမစားနိုင်၊ ဘာမှ ပလုပ်နိုင်။ ပူကျစ်သောရင်၊ ဂနာမငြိမ်သော စိတ်တို့ဖြင့် နွယ့်ထံသို့



www.burmeseclassic.com

www.burmeseclassic.com



မိုးထက်မြင့်သည် ဖုန်းဆက်လိုက်၏။

"ဟုတ်ကဲ့. .အမိန့်ရှိပါ. . ."

နွယ့်ထံမှအသံလေးကို သူသည် ကြားရသည်။ ထိုအခါမှ သူသည် နွယ့်အား ရင်နာစွာစကားဆိုရန် နွယ့်အမည်လေးအား စတင်ခေါ်ဖြစ်၏။

"နွယ်. . ."

"ရှောက်. . ."

တစ်ဖက်မှ နွယ်သည် ဖုန်းလေးအား ချောက်ခနဲချပစ်လိုက်၏။ မိုးထက်မြင့်သည် အသက်ပင်ရှူမှားသွားရမတတ်ရှိ၏၊ မျက်ဝန်းအစုံကိုမှိတ်၍ တံတွေးတစ်ချက်ကို မျိုချကာ နှုတ်ခမ်းအား သွားဖြင့်ဖိကိုက်ထားဖြစ်မိ၏။ နှုတ်ခမ်းမှစစ်ခနဲနာကျင်မှုအား ခံစားရမှ သူ့နှုတ်ခမ်းပေါက်သွားပြီကို သူ သိ၏။

"တောက်. . ."

တက်တစ်ချက်ကို ပြင်းစွာခေါက်လိုက်သည်။ သူ့လက်ထဲမှ တယ်လီဖုန်းသည် ကျိုးကြေမတတ်ရှိ၏။ လက်ညှိုးလက်မဖြင့် မျက်နုံးရင်းဆီ သူ ထောက်နှိပ်ဆွဲညှစ်ထားလိုက်ဖြစ်သည်။ ဘယ်နေရာက





စိတ်၏ထွက်ပေါက်ကို သူပေးရမည်မှန်းမသိဖြစ်နေရ၏။

"အား. . ."

နောက်ဆုံး သူ ကြုံးဝါးအော်ပစ်လိုက်သည်။ သူ့အော်သံကြောင့် အနီးဆုံးမှ အလုပ်သမားတစ်ယောက်သည် ပြေးဝင်လာပြီး သူ့အားအေးကြောင်ကာ ကြည့်နေသည်ကို သူတွေ့ရသည်။ သူသည် ထိုအလုပ်သမားအား စကားမဆိုနိုင်၊ အနည်းငယ် သက်သာသွားသော စိတ်ဖြင့် လက်ထဲမှဖုန်းကိုချကာ အပေးထပ်သို့ သူတက်ခဲ့လိုက်၏။

"နွယ်. .မင်း ငါ့ကို အဓိပ္ပါယ်မဲ့လုပ်လို့မရဘူးဆိုတာ သိပါ၊ ငါဟာ ပျော့ညံ့တဲ့ယောကျ်ား၊ မပြတ်သားတဲ့ယောကျ်ားမဟုတ်ဘူး၊ မင်း ငါ့ကိုရင်ဆိုင်ဖြေရှင်းရမယ်၊ ခုလို ရင်ဆိုင်ဖြေရှင်းမှုမရှိတာဟာ မင်း ငါ့ကိုလျှော့တွက်တာပဲ. . .

အဟွန်း ဟွန်း၊ နွယ်. .နွယ်. .ငါဟာ ဘယ်လိုယောကျ်ားမျိုးလဲဆိုတာ မင်းစောင့်ကြည့်လိုက်ပါ. . ."

နှုတ်ခမ်းမှသွေးကိုပင် သူ မသုတ်၊ မိန်းမတစ်ယောက်အတွက် ထိုမျှ သူ ခံစားရမည်ကိုလည်း ဘယ်တုံးကမှ သူ့ကိုယ်သူ



www.burmeseclassic.com

www.burmeseclassic.com



မထင်ခဲ့။

သိပ်ချစ်တတ်၊ ကြင်နာတတ်သောသူမို့ ဘဝတွင် သူလိုလားသော အချစ်နှင့်တွေ့လျှင် သိပ်ကိုချောမွေ့သာယာလိမ့်မည်ဟု သူထင်ခဲ့သည်။ ခုတော့ ခုတော့ဖြင့် .

"အဟွန်း. . ."

သူ ပြုံးလိုက်သည်။ သူ့အပြုံးသည် အချစ်ကို သရော်ပြုံးပါ၊ နွယ့်အား ခနဲ့ပြုံးပါ။ သူ့အဖို့ အစိပ္ပါယ်သည် ကိုယ့်ဘက်မှ အောင်နိုင်သည့် အပြုံးမျိုးရယ်ပင် မဟုတ်ပါတကား။



## (တစ်ဆယ့်ခုနစ်)

ရုံးသို့လာချင်စိတ်မရှိသော်လည်း ကြီးမားသော တာဝန်တွေက ရှောင်လွှဲ၍မရသည်မို့ နွယ်သည် ရုံးသို့ရောက်ခဲ့ရ၏။ နွယ့်စိတ်ထဲမှာတော့ ဒေါသတွေဖြင့် မာန်ထည်ထည်နှင့်ရယ်ပါ။ ဘာပဲဖြစ်ဖြစ် လိုလူကိုရင်ဆိုင်ရမည်။ ရင်ဆိုင်ရသည်ဟုလည်း နွယ့်တွင် ဆုံးဖြတ်ချက်အသင့်ဖြင့် စိတ်ကိုပြင်ဆင်ထား၏။

ရာထူးကြီးကြီးကို ရှေ့ထားထားပြီး ဥပဒေအား ဖျောက်ဖျက်ထားသည့် လူမျိုးကိုတော့ နွယ် လုံးဝအထင်မကြီးနိုင်။ မိမိအထက်မှ ရာရှိမို့လည်း ဦးစားမပေးနိုင်၊ မကြောက်ရွံ့နိုင်ပါ။ မိမိအနေနှင့် ဘာပဲဖြစ်သွားပါစေ။ ပြီးခဲ့ပြီဟု သူထင်ခဲ့သော ထိုအမှုကိုဖြင့် မိမိက



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဖော်ထုတ်ပြီး ထိုလူအား တရားစွဲအရေးယူရမည်ဟု ဆုံးဖြတ်ပြီးသားရယ်ပါ။ ခပ်ပြင်းသော အတွေးတို့ဖြင့် နွယ်သည် မျက်နှာလေးတစ်ချက်မဲ့ဖြစ်ရင်း မိမိရုံးခန်းဆီသို့ ရောက်ရှိခဲ့၏။

"ဟင် ရှင်. . ."

ရုံးခန်းထဲဝင်လိုက်သည်နှင့် နွယ်သည် မိမိနေရာ၌ အသာ ထိုင်စောင့်နေသော မိုးထက်မြင့်အား တွေ့လိုက်ရသည်တွင် တစ်ချက်မျှ အံ့သြတုန်လှုပ်သွား၏။ မိုးထက်မြင့်သည် နွယ့်ထံသို့ အံ့သြနား လည်အောင် မျက်ဝန်းတို့ဖြင့် အေးစက်စွာကြည့်နေဖြစ်သည်။ နွယ်သည် မိမိ၏အားနည်းချက်ဖြစ်သွားရပုံအား ဒေါသဖြင့် ထိန်းချုပ် လိုက်ပြီး. . .

"ရှင် ကျွန်မရုံးခန်းထဲကို ဘာကိစ္စနဲ့ရောက်နေတာလဲ"

"ကိုယ်ရောက်နေတာ ဘာထူးဆန်းလဲ နွယ်၊ နွယ့်ကို ကို ဘယ်လိုနားလည်ရမလဲ၊ နွယ် ဘာတွေဖြစ်နေလဲ. . ."

လှသောမျက်နှာထားတင်းတင်းလေးဖြင့် ခပ်ပြတ်ပြတ်ဆို နွယ့်စကားအတွက် မိုးထက်မြင့်သည် အေးဆေး၍နေ၏။

"ရှင် ကျွန်မကို ဘာမှနားလည်စရာမလိုတော့ဘူး၊ အခု





တာဝန်ချိန်၊ ရှင့်အခန်းရှင်သွားပါ. . ."

"နွယ်. .မင်း ဘာတွေပြောနေတာလဲ. . ."

"အံ့သြစရာပဲ၊ ကျွန်မ မြန်မာစကားပြောနေတိုတောင် ရှင်နားမလည်တော့ဘူးလား. . ."

"အံ့သြစရာကောင်းတာက မင်းပါ. . ."

ဆိုရင်း မိုးထက်မြင့်သည် ထိုင်ရာမှထကာ နွယ့်အနီး လှမ်းသွားတော့ နွယ်သည် မိုးထက်မြင့်အား ရှောင်ထွက်မည်အပြု မိုးထက်မြင့်သည် နွယ်လက်မောင်းလေးတစ်ဖက်ဆီ ဆတ်ခနဲ လှမ်းဆွဲပစ်လိုက်ရင်းက. . .

"ပြောစမ်းပါ နွယ်၊ မင်းဘာတွေဖြစ်နေလဲ၊ မင်းလုပ်ရပ်ဟာ ကိုယ့်ရင်ကို ဘယ်လောက်ထိခိုက်နာကျင်နေသလဲဆိုတာ မင်း သိရဲ့လား. . ."

"ဩော် ရှင့်ရင်ထဲ ထိခိုက်နာကျင်နေသတဲ့လား၊ ဒီမှာ ဦးမိုးထက်မြင့် .ရှင်ထက် ကျွန်မကပိုပြီး ထိခိုက်နစ်နာခဲ့တယ်ဆိုရင် ရှင် တစ်ခုခုကိုသတိရမလားမသိဘူး. . ."

မိုးထက်မြင့် ဘာမှနားမလည်၊ နွယ့်ကိုသာ ရှုပ်ထွေးစွာ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ကြည့်နေမိသည်။

"နွယ့်စကားတွေဟာ ကိုယ့်ကို ကြာလေရှုပ်ထွေးစေလေပဲ၊ ဒီမှာ နွယ်. .ဒီနေ့ဟာ သုံးရက်ပြည့်တဲ့နေ့မို့ မင်းအကြောင်းရှာပြီး ရှောင်လွှဲချင်နေတာလား . ."

"အဟင်း အကြောင်းကရှာစရာမလိုပါဘူး ဦးမိုးထက်မြင့်၊ အမှန်တရားဆိုတာ ဖုံးကွယ်လို့ ဘယ်လောက်ခံမလဲ၊ သူ့အလို အလျောက် ပေါ်လာတာပဲ. . ."

"မင်း ဘာတွေပြောနေတာလဲ၊ ကိုယ် ဘာအမှားလုပ်မိလဲ၊ မင်းပြောချင်တာဘာလဲ၊ ပွင့်ပွင့်လင်းလင်းပြောစမ်းပါ. . ."

"ပြောမယ်၊ ရှင့်ကို ကျွန်မမုန်းတယ်၊ လောကမှာ ကျွန်မ အမုန်းဆုံးလူဟာ ရှင်ပဲ. . ."

"ဘာ ဘာပြောတယ်၊ မင်း ဘာပြောတယ်၊ ပြန်ပြောစမ်း"

"ရတယ်၊ ပြန်ပြောဆိုလဲ ပြောမယ်၊ လောကမှာ ရှင့်ကို ကျွန်မအမုန်းဆုံး၊ အထင်သေးဆုံးလို့. . ."

သူ့လက်ထဲမှ လက်မောင်းလေးအား နွယ် ဆောင့်ရုန်းယူ လိုက်သည်။ မိုးထက်မြင့်သည် နွယ့်အား စကားမဆို၊ နွယ့်ထံ





ခပ်စူးစူးအကြည့်တွေဖြင့်သာ သူ ဆိတ်ဆိတ်ကြည့်နေ၏။

သူ၏စူးရှ၍တောက်ပသော အကြည့်မျက်ဝန်းနက်အား နွယ် မခံနိုင်တော့၍ နွယ်သည် သူ့အားနောက်ကျောပေးကာရပ်နေလိုက်၏။ မိုးထက်မြင့်သည် အတန်ကြာသည်အထိ တိတ်ဆိတ်စွာရှိနေပြီးကာမှ...

"နွယ်. . ."

နွယ် မထူး၊ လှည့်လည်းမကြည့်။

"ဒီမှာ နွယ်၊ မင်း ငါ့ကိုပြန်ကြည့်စမ်းပါ၊ မင်းမှန်တယ်၊ ပြစ်သွားတယ်၊ သတ္တိရှိတယ်ဆိုရင် မင်း ငါ့ကိုရဲရဲပြန်ကြည့်စမ်းပါ"

သူဆိုတော့ နွယ် လှည့်ကြည့်လာသည်။ သူနှင့် မျက်နှာ ချင်းဆိုင် ဆုံဆည်းထားလိုက်သည်။ နွယ့်မျက်နှာလေးသည် တင်းမာ အေးစက်နေသကဲ့သို့ သူ့မျက်နှာသည်လည်း တည်ငြိမ်အေးခဲလျက် ရှိ၏။ အတန်ကြာသည်အထိ သူတို့တစ်ဦးကိုတစ်ဦး အားပြိုင်ကြည့် နေပြီးကာမှ မိုးထက်မြင့် စကားဆိုသည်။

"ကောင်းပြီ အခုရုံးချိန်၊ မင်းနဲ့ကိုယ် နောက်မှထပ်တွေ့ သေးတာပေါ့. . ."

"ထပ်တွေ့စရာအကြောင်းမရှိတော့ဘူး. . ."



www.burmeseclassic.com

www.burmeseclassic.com



“ဒါ မင်းရဲ့တစ်ဖက်သတ်စကားလေ၊ ဒါဟာ သည်းခံစရာ မဟုတ်ဘူး နွယ်၊ ဒီကိစ္စကို ငါနားလည်သဘောပေါက်သည်အထိ မင်းရှင်းပြရဦးမယ်၊ စောစောက မင်းပြောတယ်၊ အကျိုးအကြောင်းကို မင်းမရှာဘူးတဲ့၊ အမှန်တရားဆိုတာ ဖုံးကွယ်လို့မရဘူးတဲ့၊ သူ့အလိုအလျောက် ပေါ်လာတယ်တဲ့. . .

အဲဒီအမှန်တရားရဲ့ အကြောင်းတွေကို မင်း ငါ့ကို ရှင်းပြရဦးမယ်၊ မင်းပြောတဲ့ အမှန်တရားကို ငါမသိဘူး၊ ဒါကြောင့် သဘာဝကျကျ မင်း ငါ့ကိုရှင်းပြရမယ်၊ ငါနားလည်အောင် မင်းပြောပြရမယ်. . .”

“အဟင်း ကျွန်မကလည်း ဒီကိစ္စကို လျှို့ဝှက်ထားမယ်လို့ ရှင် ထင်သလား. . .”

“သိပ်ကောင်းတာပေါ့၊ လျှို့ဝှက်တာကို ငါအမုန်းဆုံးပဲ”

“ဟုတ်သွားပြီ၊ ကျွန်မကလည်း သက်ဆိုင်ရာကို သတင်းပေးဖို့ ဆုံးဖြတ်ထားပြီးသားပါ. . .”

နွယ့်စကားများအတွက် မိုးထက်မြင့် မျက်မှောင်ကြုတ်သွားသည်။ ပြီးမှ. . .





“ကောင်းပြီ၊ နေ့ခင်းတော့ တွေ့သေးတာပေါ့. . .”

“လောလောဆယ် ကျွန်မ ရှင်နဲ့တွေ့စရာ ဘာအကြောင်းမှ မရှိဘူး။ ရှင့်ကို တွေ့လည်းမတွေ့ချင်ဘူး၊ သက်ဆိုင်ရာကနေပဲ ရှင်သိအောင် ရှင့်ကိုပြောပြမယ်. . .”

“အဟွန်း ဒီမှာ နွယ်၊ ကိုယ်ဟာယောကျ်ားပါ၊ မင်းလုပ်ရပ်ဟာ ကိုယ့်ကိုအလွန်ခံပြင်းစေပါတယ်၊ ကိုယ့်မာနကို မင်း ထိပါးတယ်၊ အချစ်ဆုံးမိန်းမတစ်ယောက်မို့ ကိုယ်သည်းခံလိုက်မယ်၊ ဒါပေမယ့် ကိုယ်ဟာ ဘယ်လိုလူဆိုတာ မင်းသိရဦးမယ်၊ မင်းမတွေ့ချင်လည်း တွေ့ရဦးမယ်၊ ကိုယ်ပြောထားတာ ကိုယ်ဟာ ခပ်ညံ့ညံ့လူတစ်ယောက် မဟုတ်ဘူးဆိုတာ. . .”

စကားအဆုံး၌ မိုးထက်မြင့်သည် နွယ့်အခန်းထဲမှ ထွက်သွားလိုက်ပါတော့၏။ နွယ်သည် မှုတ်ခမ်းလေးကိုက်ကာ မဲ့ပြုံးဖြင့် ကျန်ရစ်၏။

× × × × ×



www.burmeseclassic.com

www.burmeseclassic.com



ခံပြင်းစိတ်၊ အောင်နိုင်သည့် သရော်ပြုံးဖြင့် နွယ်တစ်ယောက် အလုပ်တွေလုပ်လိုက်သည်မှာ အချိန်တွေကုန်၍ ကုန်မှန်းပင်မသိလိုက် အောင်ပင်ရှိ၏။ စားပွဲပေါ်မှ အလုပ်တွေပြီးခါနီးချိန် နွယ် နာရီဆီ တစ်ချက်ကြည့်မိတော့မှ ရုံးဆင်းတော့မည်ကို သိလိုက်ရလေသည်။

နွယ်သည် လုပ်လက်စအလုပ်ကို အပြီးသတ်လုပ်ပြီး အိမ်ပြန်ရန် ရုံးခန်းထဲမှထွက်ခဲ့၏။ ရုံးခန်းထဲမှအထွက် ဝန်လေးစွာဖြင့် စူးစမ်းနေသော အကြည့်တွေကို နွယ် တွေ့ရသည်။ နွယ် ဂရုမစိုက်၊ ကားရပ်ထားရာဆီသို့သာ နွယ် လှမ်းထွက်ခဲ့၏။

ကားရပ်ထားသည့်နေရာသို့အရောက် နွယ်သည် အိတ်ထဲမှ ကားသော့လေးထုတ်ကာ ကားတံခါးအားဖွင့်ပြီးသည်နှင့်. . .

"အို အို. .ရှင် ဒါဘယ်လိုလုပ်. . ."

"အဟွန်း. . ."

အပြုံးတစ်ချက်ဖြင့် မိုးထက်မြင့်သည် နွယ့်ကားလေးအား နေရာမှလျှင်မြန်စွာ မောင်းထွက်ခဲ့လိုက်ပါတော့၏။ မှန်သည်။ မိုးထက်မြင့်လုပ်ရပ်ကား မျက်လှည့်ပြတာကမှ ကြာဦးမည်ဟု ထင်ရလောက်အောင်ပင် မြန်ဆန်လွန်းလှချေ၏။





နွယ်တစ်ယောက် ကားတံခါးလေးဖွင့်ပြီးချိန်၌ မိုးထက်မြင့်သည် နွယ့်ကိုယ်လေးအား နောက်ဘက်မှသိုင်းဖက်ကာ ကားထဲလက်နှိုက်၍ နောက်ဘက်မှ တံခါးဘုကိုဖြုတ်ပြီး ကားတံခါးကိုဖွင့်ကာ နွယ့်အား နောက်ခန်းထဲသို့သွင်းပြီး နေရာမှကားကို တစ်ရှိန်ထိုးမောင်းထွက်ခဲ့ခြင်းကြောင့်ပါတည်း။

နွယ်သည် ရုတ်တရက် မျက်လုံးထဲပြာဝေသွားကာ အတန်ကြာသည်အထိ အံ့ဩမှင်တက်နေပြီးကာမှ. . .

"ဦးမိုးထက်မြင့်. .ရှင်ဘယ်လိုလုပ်. . ."

"ခုထိ ဘယ်လိုလူလဲဆိုတာ မေးနေရသေးလားကွာ. ."

"ရှင် ဘာပြောတယ်. . ."

"သိပ်မအော်ပါနဲ့၊ ကိုယ် ကြားပါတယ်. . ."

"ရှင်. .ရှင် ကျွန်မအခုခုန်ချလိုက်မယ်. . ."

"ရတယ်၊ နှစ်လောင်းပြိုင်ရုံပါပဲ. . ."

"ကျွန်မ ရှင့်ကိုသိပ်မုန်းတယ်. . ."

"မင်းမုန်းတဲ့အကြောင်းရင်းကိုပဲ ကိုယ်လိုက်ရှာနေတာ၊ မင်းရဲ့ ရုတ်တရက်ပြောင်းလဲမှုတွေကိုပဲ သိချင်နေတယ် . ."



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ၊ ဒါဆိုလည်း ပြောရသေးတာပေါ့. ."

"ဟုတ်ပြီ၊ ဒါမှပေါ့၊ အခုတော့ မပြောပါနဲ့ဦး၊ အိမ်ရောက်မှ အေးအေးဆေးဆေးပြောတာပေါ့. . ."

"ကျွန်မကလည်း ရှင့်မျက်နှာစေ့စေ့ကြည့်ပြီးမှ ပြောမှာပါ"

"သိပ်ကောင်းပါတယ်. . ."

ခနိုးခနဲ့လို သူဆိုတော့ နွယ် နှုတ်ခမ်းလေးကိုဖိလိုက်သည်။

"မင်းအသားတွေက နုတယ်၊ နှုတ်ခမ်းသိပ်မကိုက်ပါနဲ့၊ နှုတ်ခမ်းပေါက်သွားမှာစိုးလို့ပါ. . ."

နွယ် မျက်စောင်းလေးထိုးပစ်လိုက်သည်။ နောက်ကြည့်မှန်မှ နွယ့်မျက်စောင်းလေးအားမြင်တော့ မိုးထက်မြင့်သည် တည်ငြိမ်စွာ ပြုံးဖြစ်ရင်း. . .

"မင်းဟာ အင်မတန်မှ နုနယ်ပြီး သိမ်မွေ့လှပတဲ့ အမျိုးသမီးပါပဲ၊ ကိုယ့်ဘဝမှာလည်း အချစ်ဆိုတာ မင်းကိုမြင်မှပဲ သိတော့တယ်၊ ကိုယ့်မှာလည်း ယောကျ်ားမာနအပြည့်ရှိပါတယ်၊ ကိုယ် မင်းကို အရှုံးအမှုးမချစ်ချင်ဘူး၊ ဒါပေမယ့် ကိုယ် မင်းကိုချစ်တဲ့အချစ်က အရှုံးအမှုးကိုဖြစ်နေတယ်. . .





လောကကြီးနဲ့ ဘဝတစ်လျှောက်မှာ ကိုယ့်မိခင်ကလွဲရင် မင်းဟာ ကိုယ့်ရဲ့အထူးခြားဆုံးနဲ့ အချစ်ဆုံးမိန်းမပဲ၊ အခု မင်းကို ကိုယ်တကယ်ပဲ ခိုးလာတာ၊ မယုံမရှိနဲ့၊ နောက်ပြီး ကိုယ်က လိုအပ်တာကို ရအောင်ယူတတ်တယ်. . .

မင်းဘက်က မင်းအနေနဲ့ရှိနေတယ်လို့ ထင်တဲ့ပြဿနာကို နောက်ပိုင်းမှ ကိုယ်ဖြေရှင်းမယ်၊ ပထမကတော့ မင်းကို ပိုင်ဆိုင်ရဖို့ပဲ. . ."

"ရှင် ဘယ်တော့မှ မရစေရဘူး. . ."

"အဟွန်း ဟွန်း. .ခု မင်းကြည့်လိုက်၊ ခုပဲ ကိုယ့်အိမ်ရောက်နေပြီ၊ ကိုယ့်ခွင့်ပြုချက်မရဘဲနဲ့ ကိုယ့်ခြံမပြောနဲ့ ကိုယ့်အိမ်ထဲက တောင် မင်းထွက်လို့မရပါဘူးဆိုတာ နောက်တော့ မင်းသိမှာပါ"

"ရှင် မရှက်ဘူးလား၊ ရှင်ဟာ အရာရှိတစ်ယောက်၊ ရှင့်လုပ်ရပ် အောက်တန်းကျတယ်၊ ရုံးကဝန်ထမ်းတွေသိရင် ရှင်ကော ကျွန်မပါ ဘာဖြစ်သွားမလဲ. . ."

"အဟွန်း မေးနေရသေးလားကွာ၊ မင်းနဲ့ကိုယ် လင်မယားတွေဖြစ်သွားတာ ဝန်ထမ်းအားလုံးသိသွားတာပေါ့၊ ဘယ်သူကအော



www.burmeseclassic.com

www.burmeseclassic.com



တရားစွဲလို့ရမလဲ၊ မင်းနဲ့ကိုယ်က ဆယ်ကျော်သက်တွေမှ မဟုတ်တာ"

"ရှင့်ကို ကျွန်မ တရားစွဲမယ်. . ."

"ခြောက် ဟုတ်တာပေါ့၊ မတရားခိုးယူပေါင်းသင်းမှုနဲ့ပေါ့နော်၊ ဒါပေမယ့် နွယ် ကိုယ်လိုအပ်တာ မင်းပါ၊ မင်းကိုရပြီးတဲ့နောက်မှာ မင်းက ဘာလုပ်လုပ် ကိုယ်ခံမယ်လို့ပြောထားတာပဲ၊ ပြီးတော့ မင်းကို အရူးအမူးချစ်တယ်လို့လည်း ပြောထားတယ်လေ. . .

မင်းကလွဲရင် ကိုယ်ဘာမှဂရုမစိုက်ဘူး နွယ်၊ မင်းကို ပိုင်ဆိုင်ပြီးတဲ့နောက်မှာ ကိုယ်အားလုံးရင်ဆိုင်ဖြေရှင်းမယ်၊ ကဲ ကိုယ့်စကားတွေ မင်းရှင်းပြီလား. . ."

"ရှင့်ကိုမုန်းတယ်. . ."

"လောလောဆယ်ကလွဲရင် မင်းမုန်းတယ်ဆိုတာ ကိုယ်မယုံပါဘူး. . ."

"ရှင့်ကိုယ်ရှင်အထင်မကြီးနဲ့. . ."

"မကြီးပါဘူး၊ သိပ်ချစ်လို့ပြောတာ၊ ကဲပါ အချစ်ရယ် အိမ်ရောက်ပြီ၊ မင်းဆင်းပါ၊ မင်းမဆင်းရင် ကိုယ်ချီချမယ်. ."

သူဆိုတော့ ကပျာကယာ ကားပေါ်မှ နွယ်ဆင်းလိုက်သည်။





နွယ့်လက်ဆီ သူဆွဲကိုင်လာတော့ အကိုင်မခံဘဲ နွယ် ဆောင့်ရုန်းလိုက်သည်။

သူ အပြုံးမပျက်ပါ၊ အိမ်ထဲသို့ ရှေ့မှ နွယ့်ကိုဝင်ရန် လက်ဟန်ဖြင့် သူပြပြီး နောက်ဘက်မှ သူ ဝင်လိုက်ခဲ့သည်။ ဧည့်ခန်းကြီးထဲရောက်သည်မတော့ နွယ်သည် စိတ်လှုပ်ရှားခြင်း၊ ဒေါသထွက်ခြင်းတို့ဖြင့် ခြေစုံရပ်နေ၏။ မိုးထက်မြင့်သည် နွယ့်ရှေ့ မျက်နှာချင်းဆိုင်ရပ်လာသည်။

နွယ်သည် သူ့မျက်နှာဆီမော့်ကြည့်လာသည်။ နွယ့်မျက်ဝန်းလေးအစုံထဲ၌ တစ်စတစ်စ မီးများတောက်လောက်လာသည်ကို သူတွေ့ရ၏။ မိုးထက်မြင့်သည် ဟန်ချက်တစ်ချက်ပျက်သွားရသည်မှလွဲ၍ အပြုံးမပျက်ပါဘဲနှင့် နွယ့်ပုခုံးလေးထက် သူ ညင်သာစွာဆုပ်ကိုင်လိုက်မည်အပြု. . .

"သွား. .ရှင့်လိုလူ ကျွန်မကိုမထိနဲ့၊ ရှင်ဟာ အလကားလူ၊ နေရာတကာ ရာထူးနဲ့ဖုံးလွှမ်းတဲ့သူ၊ ရှင့်ကိုမုန်းတယ်၊ အို မုန်းရုံတင်မကဘူး၊ ရှင့်ကို ကျွန်မစက်ဆုပ်ရွံရှာတယ်၊ အထင်သေးတယ်၊ ရွတ်ချတယ်. . .



www.burmeseclassic.com

www.burmeseclassic.com



ရှင် သိပ်ဟန်ဆောင်ကောင်းတယ်၊ ရှင် ဘာမှဟန်ဆော မနေနဲ့တော့၊ ရှင့်အကြောင်းတွေ ကျွန်မ အားလုံးသိပြီးပြီ၊ ရှင့် ကျွန်မတရားစွဲမယ်၊ ရှင့်ရဲ့လူသတ်မှုကို ကျွန်မပြန်ဖော်ထုတ်မယ်

“ဟင်. . .”

စောစောက အပြုံးမပျက်သော်လည်း နွယ်၏နောက် စကားအတွက် မိုးထက်မြင့်သည် လွန်စွာအံ့သြသွားကာ နွယ့် နားမလည်သလို မျက်မှောင်တွန့်၍ ကြည့်နေဖြစ်ရပါတော့၏။

“ရှင့်ကိုယ်ရှင် ဟုတ်လှပြီထင်သလား၊ ဒီမှာ ဦးမိုးထက် မကောင်းမှုဟာ ဆိတ်ကွယ်ရာမရှိပါဘူးရှင်. . .”

“နေပါဦး နွယ်၊ မင်းပြောနေတာ ဘာတွေလဲ. . .”

“အဟင်း. .ရှင် တော်တော်တတ်နိုင်တဲ့လူပဲ၊ ကျွ လက်ဖျားခါပါတယ်. . .”

“မဟုတ်ဘူး နွယ်၊ မင်းပြောစမ်းပါ၊ စောစောက မင်း တာ ဘာလူသတ်မှုလဲ. . .”

“သြော်. .သြော် ရှင် မေ့နေပြီပေါ့နော်၊ ဟုတ်တာပေါ့ ရှင်က ရာထူးရာခံကြီးနဲ့ ဖုံးကွယ်ထားတော့ လုံလှပြီထင်နေမှာ





“တော်စမ်းပါ နွယ်၊ မင်းပြောမှာသာ ပြောစမ်းပါ. .”

“ပြောမှာပါ ပြောမှာပါ၊ ရှင့်ကို ကျွန်မ အသည်းနာလွန်းလို့ပါ၊ လွန်ခဲ့တဲ့ ရှစ်လပိုင်း ဆယ့်ခုနစ်ရက်၊ စနေနေ့ညနေ ခြောက်နာရီအချိန် မှော်ဘီနဲ့တိုက်ကြီးကြားမှာ ရှင် ကလေးတစ်ယောက်ကို ကားနဲ့တိုက်သတ်ခဲ့တယ်. . .”

“ဗျာ. . .”

မိုးထက်မြင့်သည် အမှန်ပင် ရုတ်တရက်နှင့် ထိတ်လန့်သွား၏။ ထိတ်လန့်ခြင်းများနှင့်အတူ ဦးနှောက်အာရုံများသည်လည်း ပြေးလွှားချ်နေတော့သည်။ နာကြည်းစွာဖြင့် နွယ်က စကားဆက်သည်။

“ဒီမှာ ဦးမိုးထက်မြင့် ရှင် မှတ်မိမှာပါ၊ ကျွန်မက ရှင့်ရုံးကို အလုပ်ပြောင်းစက အလုပ်ဝင်တော့ တစ်လနဲ့တစ်ပတ်တိတိ နောက်ကျခဲ့ရတာလေ၊ အဲဒါ ဘာကြောင့်လဲ. .ရှင့်အစား ကျွန်မတရားခံဖြစ်နေလို့၊ ရှင်ကိုယ်တိုင်သတ်ပြီး ကားမောင်းပြေးသွားလို့ ကျွန်မ တရားခံဖြစ်သွားရတာ. . .

အဲဒီကိစ္စအတွက် ကျွန်မရုံးတော်မှာ စစ်ဆေးခံနေရတာ၊



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေရှင်သိရဲ့လား၊ ကျွန်မကားကို ရှင်လမ်းတောင်းပြီး ရှင့်ကားကျော်အတက်မှာ မိုးရေချိုးနေတဲ့ကလေးကို ရှင်တိုက်သွားတာ၊ ရှင့်ရဲ့ကားနံပါတ်က ကျွန်မရဲ့ကားမီးရောင်အောက်မှာ ထင်ထင်ရှားရှားကြီး ပေါ်နေလို့ ကျွန်မဦးနှောက်က ရှင့်ရဲ့ကားနံပါတ်ကို ဖျောက်မရခဲ့ဘူး. . .

ရှင် ကလေးကိုတိုက်သွားပြီး၊ ကျွန်မလည်း ထိတ်လန့်သွားလို့ ကားလမ်းဘေးကျပြီး လမ်းဘေးကဓာတ်မီးတိုင်နဲ့ ကျွန်မကား ဝင်ဆောင့်မိတယ်၊ ကျွန်မသတိရလာတော့ ကျွန်မက တရားခံဖြစ်နေတယ်. . .

ရှင့်ရဲ့ကားနံပါတ်ကို ကျွန်မဟာသိနေပေမယ့်လည်း ထိတ်လန့်ချောက်ချားခဲ့တဲ့စိတ်ကြောင့် ကျွန်မကိုယ်ကျွန်မ ဝေခွဲမရ ဖြစ်နေခဲ့ရတယ်၊ နောက်ဆုံးအမှုလည်းပြီးသွားတော့ ရှင့်ရဲ့ကားနံပါတ်ကို ကျွန်မမှတ်မိနေပေမယ့် ကျွန်မကိုယ်ကျွန်မ ယုံကြည်မှုမရှိတဲ့အတွက် မေ့မေ့ပျောက်ပျောက်ပဲနေလိုက်တယ်. . .

ဒါပေမယ့် ဖြစ်ချင်တော့ မနေ့က အစည်းအဝေးသွားမယ့်ဆဲဆဲ ရှင့်ရဲ့မာစီဒီးကားနံပါတ်ကို ကျွန်မတွေ့လိုက်တယ်၊ ဒီကား





နံပါတ်ဟာ ကျွန်မဖျောက်ဖျက်လို့မရတဲ့နံပါတ်. . .

ရှင်ဟာ ကလေးတစ်ယောက်ကို ဒီကားနဲ့တိုက်သတ်ခဲ့တာ၊ ရှင်ဟာ လူသတ်သမား၊ ရှင့်ရဲ့ရာထူးကြီးကြီးအောက်မှာ ဥပဒေကို ရှင်ဖျောက်ဖျက်ပစ်ခဲ့တယ်၊ ရာထူးနဲ့ကိုင်ပေါက်ပြီး ဥပဒေကို လွှမ်းမိုးလို့များရမယ်ထင်သလား ဦးမိုးထက်မြင့်. . .

ဒီလိုစိတ်ဓာတ်မျိုးရှိတဲ့ရှင့်ကို ကျွန်မအထင်မကြီးဘူး၊ ရွံတ်ချတယ်၊ မုန်းတီးတယ်၊ ရှင့်ကို ကျွန်မပြန်ပြီး တရားစွဲဖို့အသင့်ပဲ"

နွယ်ပြောသွားသော စကားတိုင်း၌ မိုးထက်မြင့်၏စိတ်အာရုံတွင်မလည်း အကြောင်းအရာတို့သည် လည်ပတ်နေသည်ပါ။ စောစောက သူ့မျက်နှာချောချောသည် ပြုံးယောင်ရှိရသော်လည်း ယခုမူ တည်ငြိမ်လေးနက်လျက်ရှိ၏။

မိုးထက်မြင့်သည် နွယ့်ရှေ့မှခွာကာ ဆိုဖာတစ်ခုထက်တွင် ညင်သာစွာ သွားရောက်ထိုင်လိုက်သည်။ သူ့အသွင်သည် ကိုယ်နှင့်စိတ်ကင်းကွာနေဟန်၊ စိတ်သည် အတွေးဖြင့်အဝေးရောက်နေဟန် ရှိ၏။

မှန်သည်။ စပ်ဟပ်ဆက်စပ်သော အတွေးတို့ဖြင့် သူ



www.burmeseclassic.com

www.burmeseclassic.com



သိလိုက်ပြီ၊ မိုးထက်မြင့် နားလည်လိုက်ပါပြီ။ သူသည် နှုတ်ခမ်းထဲမှ အကြည့်ကိုလွှဲကာ အလေးအနက်အတွေးတို့ဖြင့် ငေးငေနေမိ၏။

"ဘယ်လိုလဲ ဦးမိုးထက်မြင့်၊ ရှင်မှတ်မိပြီလား. . ."

"ဆိုပါတော့၊ ကိုယ်ဆက်စပ်စဉ်းစားမိပြီ. . ."

"ရှင့်ကို ကျွန်မသိပ်အထင်ကြီးခဲ့မယ်၊ ခုတော့ ကျွန်မအထင်သေးဆုံးလူဟာ ရှင်ပဲ. . ."

"ထားပါတော့လေ၊ မင်းပြောတဲ့အတိုင်းပဲ ကိုယ် မင်းကို အခုဘာမှမပြောလိုဘူး၊ မင်းမှန်တယ်လို့ပဲ ယူဆပါ၊ အဲ ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ မကြာခင်တစ်နေ့မှာတော့ မင်းပြောထားတဲ့ စကားတွေအားလုံးအတွက် မင်း ကိုယ့်ဆီလာပြီး တောင်းပန်ရလိမ့်မယ်"

"ဘာ ကျွန်မက တောင်းပန်ရဦးမယ်. . ."

"ဟုတ်လား၊ အဟင်း အင်းပေါ့လေ၊ ရှင်က ရာဇဝတ်အရှိန်အဝါနဲ့ ကျွန်မကိုဖိစီးမယ့်သဘောပေါ့. . ."

"အဲဒီစကားအတွက် မင်းထပ်ဆင့်တောင်းပန်ရဦးမယ်"

"ရှင့်ကိုလေ သေတောင် ကျွန်မ မတောင်းပန်ပါဘူး၊ ကျွန်မ အလုပ်ကထွက်လိုက်မယ်. . ."





"အလုပ်ကတော့ မင်း ထွက်ရမှာသေချာတယ်"

"ဘယ်လိုမှ ရှင့်ကိုကျွန်မ မတောင်းပန်ဘူးဆိုတာ ရှင်မှတ်ပါ"

"အင်းလေ ကိုယ်အဆောင်းအစားလုပ်ရဲပါတယ်၊ မင်းကိုယ့်ကို ာတောင်းပန်တဲ့နေ့ဟာ မင်းအလုပ်ထွက်ရတဲ့နေ့ဖြစ်သလို၊ မင်းကို ်သို့အိမ်ထဲကနေ ကိုယ်မပါဘဲ အပြင်ထွက်ခွင့်မရှိတော့ဘူးဆိုတာပဲ"

"ရှင်. .ရှင်. . ."

သူ့စကားများကြောင့် လက်သီးလေးနှစ်ဖက်ဆုပ်ကာ နှယ် ါသတွေထွက်နေရတော့သည်။ သူကမူ ထိုင်မြဲနေရာမှာပင် တည်ငြိမ် ်းနှင့် အေးဆေးစွာရှိ၏။

"ဒါမင်းမဲ့ဘိုင်းပြည်မဟုတ်ဘူး၊ ရှင့်ကိုယ်ရှင် အထင်မကြီး နဲ့၊ ကျွန်မ အခုပြန်မယ်. . ."

"ဟုတ်တယ်၊ မင်းအခုပြန်ရမယ်၊ ကိုယ့်တပည့်တစ်ယောက် လိုက်ပို့ခိုင်းမယ်. . ."

"မလိုပါဘူး. . ."

"လိုတာပေါ့၊ မင်းစိတ်တွေလှုပ်ရှားနေတာ၊ ကားမောင်းခွင့် ယ် မပြုဘူး. . ."



www.burmeseclassic.com

www.burmeseclassic.com



"ရှင်စကားပြောရင် အထက်စီးက မပြောပါနဲ့၊ ရှင်ခွင့်ပြုမှလား. . ."

ဒေါသမျက်နှာရဲရဲလေးဖြင့် နွယ်ဆိုတော့ မိုးထက်မြင့်သည် နွယ်၏လှပလွန်းသော ဒေါသမျက်နှာလေးဆီ တည်ငြိမ်အေးဆေးစွာပင် ကြည့်ရင်း အနီးမှဘဲလ်လေးကိုနှိပ်သည်။ တစ်ဆက်တည်းလည်း နွယ့်ကို သူစကားဆို၏။

"မင်းအထင်လွဲနေတာပါ၊ တကယ်တော့ ကိုယ်ဟာ မင်းကို အတိုင်းမသိ မြတ်နိုးလွန်းလို့ဆိုတာ မကြာခင်တစ်နေ့တော့ မင်းသိမယ်. . ."

"တော်ပြီ၊ ကျွန်မ ဘာမှမကြားချင်တော့ဘူး. . ."

"ကောင်းပါပြီ၊ ကဲ တပည့်ရေ. နွယ့်ကို အိမ်အထိ ပြန်လိုက်ပို့ပေးပါကွာ. . ."

"ဟုတ်ကဲ့ ဆရာ. . ."

မုန်းတီးစွာဖြင့် နွယ်သည် သူ့ထံတစ်ချက်ကြည့်ပြီး ချာခနဲ လှမ်းထွက်သွားလိုက်တော့သည်။ မိုးထက်မြင့်သည်လည်း နွယ်၏ ပျော့ပျောင်းညီညာပြေပြစ်လှပလွန်းသော နွယ့်နောက်ကျောလေးဆီ





မျက်စိတစ်ဆုံးငေးကြည့်နေမိပြီးမှ သူ့အာရုံများ၌ အတွေးများသည် တစ်ခုချင်းထင်ပေါ်ရကာ၊ ရင်ဝယ်ထိခိုက်ခြင်းများစွာဖြင့် ရှိကျန်နေခဲ့ရပါလေသတည်း။ ။



www.burmeseclassic.com

www.burmeseclassic.com

## (တစ်ဆယ့်ရှစ်)

"သူငယ်ချင်းရေ. .လမ်းမှာကွာ မိုးတွေကလည်း အရမ်းရွာ၊ ကိုယ်ကလည်း မျက်လုံးကသိပ်ကောင်းတဲ့သူမဟုတ်တော့ ခွေးတစ်ကောင် တိုက်မိခဲ့သေးတယ်၊ အပြန်မှာတိုက်တာ၊ ဘယ်နားလဲတော့ မသိဘူး၊ ရန်ကုန်တော့ ရောက်ခါနီးနေပြီဆိုတာပဲသိတယ်. .

ကိုယ်ပြန်လာတဲ့နေ့က မိုးတွေကလည်း တအားမှောင်၊ တအားရွာတာပဲကွာ၊ ရွာဟော့ တစ်မျိုးကောင်းတယ်၊ လမ်းရှင်းတာပေါ့၊ ဒါပေမယ့် ခွေးတစ်ကောင်တော့ တိုက်မိခဲ့တယ်၊ မင်းကား အကောင်းစားကြီး သိပ်ကြီးမဖြစ်တောင် ပွန်းပဲ့သွားပြီထင်တယ်...

ကိုယ့်ကားလည်း မင်းပြုပြင်ပြီး အိမ်ပြန်ပို့ပေးထားတာ





ကျေးဇူးတင်တယ် သူငယ်ချင်းရာ. . "

မိုးထက်မြင့်သည် ဧည့်ခန်းကြီးထဲ တစ်ကိုယ်တည်းရှိကာ ဆိုဖာထက်၌လှဲအိပ်နေရင်းမှ တစ်ခါက တယ်လီဖုန်းမှ အချစ်ဆုံး ျစ်သူငယ်ချင်း၏ စကားသံများအား ပြန်လည်ကြားယောင်နေဖြစ် ြင်းပါတည်း။

"ဟင်း. . "

သက်မမောကိုချကာ မိုးထက်မြင့်သည် မျက်ဝန်းအစုံအား ာစ်ချက်မှိတ်လိုက်သည်။

ငါ့သူငယ်ချင်းဟာ ဘယ်တော့မှ ငါ့အပေါ်သစ္စာမဲ့တဲ့ အလုပ် ုကို လုပ်မှာမဟုတ်ဘူးဆိုတာ ငါယုံတယ်၊ သူပြောခဲ့စဉ်က တကယ်ပဲ ူ့အထင်အဖြစ်မှန်လို့ ယုံကြည်ပြီး သူ ငါ့ကိုပြောခဲ့တာ၊ သူဟာ ျက်လုံးအားနည်းတဲ့သူဆိုတာ ငါသိတာပဲ. . ။

ယုံကြည်မှုများစွာဖြင့် မျက်ဝန်းထဲ၌ သူငယ်ချင်း၏ တိကျ ကန်ချောမွေ့သောအသွင်ကို မြင်ယောင်ကာ မိုးထက်မြင့်စိတ်ထဲမှ ုနေခြင်းပါ။

နွယ်. .အမိုးတစ်ခုတည်းအောက်မှာ မင်းနဲ့ကိုယ်ရှိနေတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့အသိက ကိုယ့်ရင်ကိုထုံကျင်စေတယ်၊ မင်းကိုသိပ်ချစ်တယ်နွယ်၊ မတွေ့ရရင် မနေနိုင်အောင်ပါ၊ ဒါပေမယ့် ကိုယ့်ရဲ့မှန်ကန်တဲ့သစ္စာနဲ့အကျင့်စာရိတ္တ ဂုဏ်သိက္ခာတွေကို ဘယ်လိုမှ အညံ့မခံနိုင်ပါဘူး. . .

အချစ်နဲ့ပတ်သက်ပြီး အထင်လွဲတဲ့ကိစ္စမျိုးမှာ မင်းကို ကိုယ်အစွမ်းကုန်ခယပြီး ချော့မြှူနိုင်စွမ်းစိတ်မျိုးမရှိပေမယ့် ခုလိုမျိုး မင်းပြောတဲ့ ရာထူးကြီးကြီးနဲ့ အနိုင်ကျင့်ပြီး ဥပဒေကို လက်တစ်လုံးကြားဖုံးကွယ်တယ်ဆိုတဲ့ မင်းရဲ့စွပ်စွဲမှုမှာတော့ ကိုယ် မင်းကို ဘယ်လိုမှ မလိုက်လျောနိုင်ဘူး. . .

ပြီးတော့ ကိုယ် မင်းကို ဘာမှရှင်းမပြချင်တော့ဘူး၊ မင်းကိုရှင်းပြရင် အချစ်ဆုံးသူငယ်ချင်းကို ထိခိုက်သွားမယ်၊ ဒါကြောင့်မင်းကို ကိုယ်ဘယ်တော့မှ မရှင်းပြဘူး၊ ကိုယ့်သူငယ်ချင်းကို ကယ်ယုံတယ်၊ မင်းကို ကိုယ်ပြောထားသလို မင်းတစ်နေ့မှာ ကိုယ့်ကိုလာတောင်းပန်ရလိမ့်မယ်ဆိုတာ ကိုယ်အတတ်သိတယ်. . ။

ချစ်သူကိုလည်း တမ်းတမြင်ယောင်ရင်း မိုးထက်မြင့်သည့်စိတ်ထဲစကားတွေဆိုဖြစ်၏။





ခုတစ်ရက်နှစ်ရက်အတွင်း သူတို့နှစ်ဦး တံနီးနေကြသည်။ အနေအထိုင်များအတွက် ဝန်ထမ်းတွေကလည်း သတိထားနေသည်ပါ။ ရုံးဆင်းသည်နှင့် နွယ် ချက်ချင်းပြန်သည်ကိုသိ၍ သူကတမင်နောက်ကျမှပြန်သည်။

မျက်နှာချင်းဆိုလျှင် နွယ်ပြောသောကိစ္စနှင့်ပတ်သက်၍ သူတစ်စွန်းတစ်စမျှ မဟဘဲ နေနိုင်သော်ငြား နွယ့်အလှနှင့် နွယ့်အပေါ်စွဲလမ်းချစ်ကြင်ခြင်းကို သူလုံးဝချုပ်တည်းနိုင်စွမ်းရှိမည်မထင်လေနှင့်။ အတတ်နိုင်ဆုံး သူသည် စိတ်ကိုထိန်းချုပ်နေရခြင်းပါ။

"ဟင်း နွယ်ရယ်. . ."

အတွေးဖြင့် မြင်ယောင်ကာ သူ ညည်းတွားတမ်းတဖြစ်၏။

"သူငယ်ချင်းရေ .မင်းရဲ့မာစီးဒီးကားကို သွားပြီး သ့ရစဉ်က ဘယ်နေရာလဲကွာ၊ ကားခေါင်းပိုင်းရဲ့ဘယ်ဘက်ခပ်ကျကျလား၊ ညာဘက်ခပ်ကျကျလား. ."

"သူငယ်ချင်း. .ကိုယ်တိုက်မိတာ ခွေးမှဟုတ်ရဲ့လားမသိဘူး၊ ခက်တ. ..ဂ မာစီးဒီးကားတွေက တခြားကားတွေထက် ခိုင်မာတောင့်တင်းတော့ တော်ရုံတိုက်ခိုက်မှုက သိသာလှမှာမဟုတ်ဘူး. .



www.burmeseclassic.com

www.burmeseclassic.com



"သွေးထွက်တဲ့ သတ္တဝါတစ်ခုခုတိုက်မိရင်လည်း ကားမှာ သွေးကတော့စွန်းတော့မှာမဟုတ်ဘူး၊ ဘာကြောင့်လဲဆိုတော့ မိုးက ရွာနေတော့ ရေဆေးပြီးသားဖြစ်သွားလို့ပေါ့. . ."

"အင်း အေးကွာ၊ ကိုယ် ကားကိစ္စ နည်းနည်းစိတ်ဝင်စား နေလို့ သူငယ်ချင်းဆီလှမ်းမေးတာပါ. . ."

သိပ်မကြာသေးခင်ကမှ ဖုန်းဖြင့်လှမ်းမေးခဲ့သော သူငယ်ချင်း၏ စကားတွေပါ။ မိုးထက်မြင့်သည် ပြန်လည်ကြားယောင်ရင်း ချစ်သူ နှင့် သူငယ်ချင်းကြား၌ အတွေးတို့သည် ကူးလူးပျံ့နှံ့၍နေ၏။

မိမိထံသို့ သူငယ်ချင်းဖုန်းဆက်မေးစဉ်က သူကိုယ်၌လည်း ထိုသို့မထင်ခဲ့လေ၍ ပေါ့ပေါ့ဆဆပင် အရေးမကြီးသလို ပြောခဲ့သည်။ ကားတွင်လည်း ထိခိုက်ဒဏ်ရာက သိပ်မရှိလေတော့ သူ မထင်မှတ် ခြင်းသည် ပေါ့လျော့မှုမျိုးဟုလည်း အပြစ်ဆို၍မရပါ။

ပထမအကြိမ် ဖုန်းဆက်စဉ်က ခွေးတစ်ကောင်တိုက်မိ သည်ဟုပြောထားသည့် စကားကလည်းရှိနေလေတော့ သူ့အနေနှင့် လည်း ခွေးသာ ထင်မှတ်ယုံကြည်ခဲ့သည့်စိတ်စွဲကလည်း ရှိခဲ့၏။ သူငယ်ချင်းအနေနှင့် ထိုသို့ဖြစ်ခဲ့မည်ဟုလည်း မထင်ခဲ့။





ထို့အတွက် သူသည် ပေါ့ပေါ့ဆဆစကားများသာ ဆိုခဲ့ ၏။ သူ့စကားအတွက် သူငယ်ချင်းသည်လည်း စိတ်အေးသယောင် မတင်မကျ တွန့်တဆုတ်ဆုတ်ဖြင့် မဝံ့မရဲရှိနေရှာမည်မှာ မလွဲပါ။ ခုမှ သူတွေးမိသည်။

ဖြစ်နေရှာမည့် သူငယ်ချင်း၏ မတင်မကျသည် ခုတော့ ဖြင့် သက်သေသည်အထင်အရှား ရှိနေချေပြီ။ မိမိ၏မာစီးဒီးကား နံပါတ်အား အခင်းဖြစ်သည့်နေရာ၌ နွယ်သည် မသိစိတ်မှရော သိစိတ်မှပါ မြင်ယောင်စွဲမှတ်နိုင်ခဲ့သည် မဟုတ်ပါတကား။

မိမိရွေးချယ်ပေးလိုက်သည်ကပင် သူငယ်ချင်းအတွက် အကုသိုလ် ဖြစ်စေလေရော့သလား။ ထိုအတွေးဖြင့်လည်း မိုးထက် မြင့်သည့် ချစ်သူငယ်ချင်းအတွက် စိတ်ထိခိုက်မိရပြန်ပါ၏။

မှန်သည်။ တကယ်တော့ အဖြစ်၏စတင်ရာက ထိုသို့ပါ။ အားလပ်သောတစ်ညနေ၌ ချိန်းဆိုထားချက်အရ သူငယ်ချင်းသည် သူ့ထံသို့ အလည်ရောက်လာ၏။ တစ်နေကုန်ပြောဆိုစားသောက် ပြီး ညမိုးချုပ်ခါနီးမှ အိမ်ပြန်မည်အပြု၌ သူငယ်ချင်းကားသည် ဆီပိတ်သလိုလိုဖြစ်နေ၍ မနက်ဖြန်စောစော ခရီးလည်းထွက်ရရာ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေလေသည်မို့ . . .

သူသည် သူငယ်ချင်းအား မိမိထံတွင်ရှိသော ကားသုံးစီးထဲမှ ကားတစ်စီးကို ယူသွားခိုင်း၏။ ခရီးသွားလျှင် စိတ်ချပြီး အဆင်ပြေချောမွေ့စေရန်အတွက် မာစီးဒီးကားအား သူကိုယ်တိုင်ပင် ရွေးချယ်ပေးလိုက်ခြင်းကြောင့်ပါတည်း။

သူကိုယ်၌ကလည်း ခရီးသွားလျှင် မာစီးဒီးကားကိုသာ မောင်းလေ့ရှိသည်။ ရန်ကုန်တွင်တော့ ထိုကားအား စီးခဲလှ၏။ တစ်ချိဖြင့် ထိုကားအား လွယ်လင့်တကူ စိတ်ကူးမရှိထုတ်စီးမိခါမှ လွန်လေပြီးသောအခါက ပြစ်မှုတစ်ခုအား ထုတ်ဖော်လိုက်သကဲ့သို့ ရှိနေချေပြီတကား။

ဟင်း ငါလည်း ဘယ်တတ်နိုင်တော့မလဲလေ၊ အကျိုးအကြောင်းဆက်က ရှိလာခဲ့ပြီကိုး၊ အင်းလေ နွယ့်ရဲ့လှုပ်ရှားမှုကိုပဲ ငါစောင့်ကြည့်ရမယ်၊ ငါ့သူငယ်ချင်းဆီလည်း ငါ ဖုန်းဆက်မပြောရက်ပါဘူး၊ ငါ ဘယ်လိုလုပ်ရမလဲတောင်မသိဘူး၊ တစ်ဦးကလည်း အချစ်ဆုံးသူငယ်ချင်း၊ တစ်ဦးကလည်း အမြတ်နိုးဆုံးချစ်သူ။

"ဟင်း . ."





သက်မဲ့အောင်းမျှားလည်း ချရသည့်အကြိမ်ကို မနည်းတော့၊ စိတ်၏ရှုပ်ထွေးညစ်ညူးမှုအတွက် အဖြေကိုလည်း သူမရှာပါ။ ဆုံးဖြတ်ချက်လည်း သူ့တွင်မရှိပါ။

သူ့စိတ်တွင် သေချာပေါက် ယုံကြည်သည်က ချစ်သူကိုလည်း နားလည်သည်။ ချစ်သူငယ်ချင်းကိုလည်း သူ အကြွင်းမဲ့ယုံကြည်မှုရှိ၏။

"ဟား . ."

စိတ်ကိုလျှော့လိုက်ဟန်ဖြင့် ပါးစပ်ကိုဟကာ အသက်ဝဝကြီး တစ်ချက် သူ ရှူထုတ်လိုက်သည်။ ထို့နောက် သူသည် နေရာမှထကာ တိုက်ကြီးတစ်ဆောင်လုံး မှိန်ပြာလွင်လွင်ရှိသော အလင်းရောင်လေးအောက်၌ အပေါ်ထပ်သို့တက်ရန် တရွေ့ရွေ့လှုပ်ရှားလှမ်းတက်သွားလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

(တစ်ဆယ့်ကိုး)

"ကရင်း ရင်း ရင်း. . ."

အိပ်ရာထ၍ ရေမိုးချိုးပြီးစပင်ရှိသေးသည်။ ရေချိုးခန်းထဲမှ အထွက် မိမိအိပ်[illegible]ဘေးမှ ဖုန်းမြည်သံလေးကြား၍ အောင်မျိုးဟိန်းသည် ဖုန်းလေးဆီသွားရောက်ကိုင်ရင်း နားထောင်ဖြစ်၏။

"ဟုတ်ကဲ့ အမိန့်ရှိပါခင်ဗျာ၊ ကျွန်တော် အောင်မျိုးဟိန်းပါ"

"ကိုအောင်. .နွယ်ပါ. . ."

"ဟား. .နွယ် စောစောစီးစီးပါလားဗျာ၊ ကဲ ပြောပါဦး၊ နွယ်ရယ်၊ နွယ့်ဆီကဖုန်းကို ကိုယ်လည်း အမြဲမျှော်လင့်နေတာပါ၊ ဒါပေမယ့် နွယ် အားတော့မနာနဲ့နော်၊ နွယ့်ဆုံးဖြတ်ချက်အတိုင်း[illegible]





ပြောပါ၊ ကိုယ့်အနေနဲ့ပြောရင်တော့ မျှော်လင့်ချက်လည်းထားမိတယ်၊ မျှော်လင့်ချက်လည်း မထားရဲပါဘူးလေ. . ."

တစ်ဖက်မှ စောစောစီးစီး ထူးထူးဆန်းဆန်း နွယ့်ထံမှ ဖုန်းလာလေ၍ အောင်မျိုးဟိန်းသည် ရင်ခုန်ခြင်းများစွာဖြင့် ရင်ထဲရှိ သောစကားများအား တောက်လျှောက်ဆိုလိုက်မိ၏။

နွယ်သည် တစ်ဖက်မှ အောင်မျိုးဟိန်း၏ စကားများကို အေးဆေးစွာ နားထောင်နေပြီးကာမှ. . .

"ကိုအောင်. . ."

"ပြောပါ နွယ်. . ."

"အခု နွယ်ပြောမယ့်စကားဟာ တစ်ချက်ခုတ်နှစ်ချက်ပြတ်လည်း ဖြစ်နေမှာပါ. . ."

"ကိုယ် နားမရှင်းဘူး နွယ်. . ."

"ဟုတ်ကဲ့ ကိုအောင် ရှင်းသွားအောင် နွယ်ပြောပါ့မယ်၊ ဒီနေ့စနေနေ့ဆိုတော့ ကိုအောင်အားတယ်မဟုတ်လားဟင်. ."

"ရုံးအလုပ်တော့ အားတယ် နွယ်၊ ဒါပေမယ့် အမှုသည်တစ်ဦးနဲ့တော့ ကိုးနာရီမှာချိန်းထားတယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း လုံချင်းမတွေ့တော့ဘဲ ဖုန်းထဲငဲ နွယ်ပြောပါတော့မယ်. . ."

"ကိုယ်ကအလုပ်များတော့ နွယ့်ကိုအားနာလိုက်တာ၊ နွယ်နဲ့လည်း ကိုယ်သိပ်တွေ့ချင်ပါတယ်ဗျာ. . ."

"ရပါတယ် ကိုအောင်ရယ်၊ လူတစ်ယောက်အတွက် အလုပ်လုပ်နေခြင်းကိုက ဂုဏ်တစ်ခုပါလို့ နွယ်လက်ခံတယ်. . ."

"ကျေးဇူးတင်ပါတယ်ဗျာ၊ ကိုအောင့်အတွက် ကြံဖန်ပြီးသက်သက်ညှာညှာစကားဆိုပေးလို့ပါ၊ ကဲ ဒါနဲ့ နွယ်ပြောချင်တာပြောပါဦးဗျာ. . ."

အောင်မျိုးဟိန်းဆိုတော့ နွယ့်ဘက်မှစကားသံသည် ခဏ တိတ်ဆိတ်သွားသည်။ ပြီးမှ နွယ်သည် ပြင်းပြသော စိတ်ဓာတ်ဖြင့် သွားလေးတစ်ချက်ခေ့လိုက်ရင်း. . .

"ကိုအောင်. . ."

"ပြော နွယ်. . ."

"နွယ် အမှုတစ်ခုကို ပြန်ပြီးဖွင့်ချင်တယ်. . ."

"အမှုတစ်ခု. . ."





"ဟုတ်တယ် ကိုအောင်၊ အဲဒီအမှုကို ပြန်အသက်သွင်းရမယ်၊ အဲဒီအမှုကို မှန်မှန်ကန်ကန် နွယ်ပြန်ဖြစ်စေချင်တယ်. ."

"နွယ် ဆိုလိုတာက. . ."

"နားထောင်ပါ ကိုအောင်၊ နွယ်ပြောပါ့မယ်၊ မော်ဘီနဲ့တိုက်ကြီးကြား ကလေးတစ်ယောက်ကို နွယ့်ကားနဲ့တိုက်ခဲ့တယ်ဆိုတဲ့အမှုအတွက် ရုံးမှာ နွယ် တရားရင်ဆိုင်ခဲ့ရတယ်နော်. . ."

တစ်ဖက်မှပြောနေသော နွယ့်စကားများအား အောင်မျိုးဟိန်းသည် စဉ်းစားရင်း ငြိမ်သက်စွာဖြင့် အလေးအနက်နားထောင်နေ၏။

"အဲဒီအမှုအတွက် ကိုအောင်ကပဲ အချက်အလက်တွေခိုင်လုံစွာနဲ့ ရုံးတော်မှာ ဖြေရှင်းပေးခဲ့တယ်နော်၊ ဒီတော့ အဲဒီအမှုဟာပြီးသွားတယ်၊ ဒါပေမယ့် အဲဒီအမှုဟာ မပြီးပါဘူး ကိုအောင်၊ အဲဒီအမှုရဲ့ တကယ့်တရားခံအစစ်ကို နွယ်တွေ့ထားပြီ. . .

သက်သေသာကေ အသင်္ကာဒုံ့ကို နွယ် တွေ့ထားတာ၊ နွယ်လေ အံ့လည်းအံ့ဩတယ်၊ နာလည်း နာကြည်းတယ်၊ ဒီလိုလူမျိုးကို နွယ် ရွတ်ချတယ်၊ ဘယ်လိုခုလဲ နွယ် အထင်မကြီးနိုင်ဘူး"

နွယ့်စကားများနားထောင်ရင်း အောင်မျိုးဟိန်းသည် ရင်ထဲ၌



www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ရာအတွက် ပေါ့ပါးသွားဟန်နှယ် မျက်ဝန်းအစုံသည်လည်း တစ်ချက်မျှတောက်သွားရလေ၏။

"ဆက်ပြောပါဦး နွယ်၊ နွယ် တရားခံကို သေချာတွေ့ပြီ ဟုတ်လား. . ."

"ဟုတ်တယ် ကိုအောင်. . ."

"ပြောပါဦး၊ အဲဒီတရားခံက ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘယ်မှာနေလဲ၊ နွယ်နဲ့ ဘယ်လိုလုပ်သိသွားလဲ. . ."

ခွန်အားတစ်ခုရှိသွားသလို သူ့မေးခွန်းတွေ ဆက်တိုက်မေးဖြစ်ရသည်။

"နွယ် ပြောပါ့မယ် ကိုအောင်၊ ဒီတရားခံဟာ တခြားလူမဟုတ်ပါဘူး၊ နွယ့်ကိုနှစ်သက်ပြီး နွယ့်ဆီက လက်ထပ်ခွင့်ကိုပါ ကြိမ်းသေပေါက်တောင်းဆိုထားတဲ့သူပါ၊ ပြီးတော့ နွယ့်ရဲ့အထက် အရာရှိလည်းဖြစ်တယ်၊ သူ့နာမည်က ဦးမိုးထက်မြင့်တဲ့. . ."

"ဦးမိုးထက်မြင့်. .ဟုတ်လား. . ."

ကြားလိုက်ရသောအမည်အတွက် လန့်ဖျပ်တုန်ယင်စွာပင် အောင်မျိုးဟိန်း ပြန်မေးဖြစ်သည်။





"ဟုတ်တယ် ကိုအောင်၊ နွယ်တို့ရဲ့ရုံးက အရာရှိကြီး ဦးမိုးထက်မြင့်ဆိုတာပါပဲ၊ အသေချာဆုံးကတော့ နွယ့်ရဲ့သိစိတ်နဲ့ရော၊ မသိစိတ်နဲ့ပါ စွဲလမ်းမြင်ယောင် မှတ်မိနေခဲ့တဲ့ သူ့ရဲ့မာစီးဒီးကား နံပါတ် (× × ×)ပါပဲ. . .

အဲဒီကားနံပါတ်ကို နွယ် ကောင်းကောင်းမှတ်မိခဲ့တယ်၊ အဲဒီကားနံပါတ်ကိုလည်း နွယ်မြင်လိုက်ရော နွယ် အရမ်းကိုတုန်လှုပ်အံ့ဩသွားတယ်. . ."

နွယ့်စကားများအတွက် အောင်မျိုးဟိန်းသည် တစ်ဖက်မှ မျက်ဝန်းအစုံကိုမှိတ်ကာ မောပန်းကြီးစွာဖြင့် နားထောင်နေဖြစ်၏။ နွယ်သည်ကား ရင်ထဲခံစားရသော မကျေနပ်မှု၊ မုန်းတီးမှု၊ ရွံချမှု အလုံးစုံဖြင့် စကားတွေကိုသာ ဆက်၍ဆိုနေလေသည်။

"ရာထူးကြီးကြီးကို ကာဗာလုပ်ပြီး ဥပဒေကို လက်တစ်လုံးကြားဖုံးကွယ်ထားတာ နွယ်ကသိလျက်နဲ့ လက်ပိုက်ပြီးကြည့်မနေနိုင်ဘူး ကိုအောင်၊ ရာထူးကြီးကြီးရှိတဲ့လူတွေအတွက် ဥပဒေဆိုတာ မရှိဘူးတဲ့လား. . .

ဒီတော့ ကိုအောင့်ကို နွယ်တိုင်ပင်တာပါ၊ တရားခံနဲ့



www.burmeseclassic.com

www.burmeseclassic.com



သက်သေကိုလည်း နွယ် သိတယ်၊ ဒီအမှုကို နွယ် ပြန်ပြီးအသက် သွင်းချင်တယ်. . .

ဒီလိုလူမျိုးကို နွယ် အထင်မကြီးဘူး၊ သူ့ရဲ့လက်တွဲဖော် အဖြစ်ကတော့ လုံးဝကိုမစဉ်းစားတော့ပါဘူး၊ ဒီလိုလူမျိုးနဲ့ လက်တွဲ ရမှာလည်း နွယ်ရှက်တယ်၊ ဘယ်တော့မှလဲ လိပ်ပြာသန့်မှာမဟုတ် ဘူး၊ ကိုအောင်. .နွယ့်ကိုကူညီပါ၊ ဥပဒေဆိုတဲ့ မှန်ကန်တဲ့တရား နည်းလမ်းအတိုင်း နွယ် ဖြစ်ချင်တယ်. . .

ဒီလူကို နွယ် တရားစွဲမယ်၊ အရေးယူခိုင်းမယ်၊ ကိုအောင် နွယ့်ကိုကူညီပါနော်. . ."

စောစောက လှုပ်ရှားမှုများ လွန်ကဲနေရသော်လည်း ယခုမူ ဝည်ငြိမ်သွားပြီဖြစ်သော အောင်မျိုးဟိန်းသည် တစ်ဖက်မှပြောသော နွယ့်စကားများအတွက် သူသည် ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်ဆုံးဖြတ် ပြီးလေမှ. . .

"နွယ်. . ."

"ရှင် ကိုအောင်. . ."

"စိတ်ချပါ၊ နွယ့်ကို ကိုအောင်ကူညီမယ်၊ နွယ်ဖြစ်စေချင်တဲ့





မှန်ကန်တဲ့ တရားဥပဒေအတိုင်းပဲဖြစ်စေရပါ့မယ်. . .

ကဲ နွယ် စိတ်တွေသိပ်မလှုပ်ရှားပါနဲ့နော်၊ နွယ် အနား ယူလိုက်ပါ၊ ကိုယ့်ကိုခွင့်ပြုဦးနော်၊ ကိုယ် ဖုန်းချလိုက်တော့မယ်"

"ဟုတ်ကဲ့ ကိုအောင်. . ."

တစ်ဖက်မှဖုန်းချသွားသည်တွင် နွယ်လည်း ဖုန်းလေးအား ညင်သာစွာပြန်ချလိုက်၏။

ဝမ်းနည်းပါတယ် ဦးမိုးထက်မြင့်၊ သက်ထားနွယ်ဆိုတဲ့ မိန်းမဟာ နေရာတိုင်းမှာ နှလုံးသားကိုရှေ့တန်းတင်ထားတတ်တဲ့သူ မဟုတ်ဘူးဆိုတာ ရှင်သိလိုက်ပါ. . .။

နှုတ်ခမ်းလေးဖော့ကာ အေးဆေးတည်ငြိမ် ပြတ်သားသော မျက်နှာလှလှလေးဖြင့် နွယ်သည် ရင်ထဲမှစကားအား တိကျစွာဆိုဖြစ် လိုက်ခြင်းပါတည်း။

× × × × ×



www.burmeseclassic.com

www.burmeseclassic.com



ဧည့်ခန်းထဲသို့ လှမ်းဝင်လိုက်သည်နှင့်ပင် ကြည်လင်လှပသော ဖန်လုံးဝိုင်းကြီးထဲ ရွှေငါးလေးများကူးခတ်နေသော ငါးကန်ရှေ့တွင် လွင့်ပါးသောအတွေးတို့ဖြင့် ငေးဝေစွာထိုင်နေသည့် သူငယ်ချင်းအား တွေ့လိုက်ရလေသည်။

အောင်မျိုးဟိန်းသည် စိတ်ထိခိုက်ခြင်းဖြင့် တံတွေးတစ်ချက်ကို မျိုချလိုက်ပြီး ထိုသို့သောအနေအထားမျိုးနှင့် ရှိနေသည့် ချစ်သူငယ်ချင်း မိုးထက်မြင့်၏အသွင်အား တွေ့မြင်ရခြင်းဖြင့် သူ နားလည်လိုက်ပါ၏။

ဘုမသိ ဘမသိနှင့် မြတ်နိုးသူ၏စွပ်စွဲပြောဆိုချက်များအတွက် မည်မျှထိခိုက်နေမည်ဖြစ်ကြောင်း သူ၏ဝန်းကျင်ကို မေ့လျော့ကာ ငြိမ်သက်နေသည့်အနေအထားအား ကြည့်ခြင်းဖြင့် သိသာနေရသည်ပါ။

အကြောင်းမှန်အားသိစေဦးတော့၊ မိမိ၏ချစ်သူငယ်ချင်းသည် မိမိအား ဘယ်သောအခါမှ နိုင်လိုမင်းထက် လာရောက်ပြောဆိုဖြေရှင်းမည့်သူလည်း မဟုတ်ကြောင်း မိမိကအသိဆုံးရယ်လေ။

ယခင်ကတည်းက သူငယ်ချင်း၏စိတ်ဓာတ်လေးကို သိခဲ့





သည်။ ထိုသူငယ်ချင်းသည် လောကတွင် ရှားမှရှားသော သူငယ်ချင်းတစ်ယောက်။ သူသည် လွန်စွာမှ ကိုယ်ရေစိတ်ပါ သန့်ရှင်းဖြူစင်ပြီး တည်ငြိမ်ရိုးသား ဖြောင့်မတ်၍ ခိုင်မာပြတ်သွား တိကျမှန်ကန်သူပါ။

အောင်မျိုးဟိန်းသည် အတွေးတို့ဖြင့် အချစ်ဆုံးသူငယ်ချင်း မိုးထက်မြင့်အား အတန်ကြာသည်အထိ ငေးကြည့်နေမိပြီးကာမှ. .

"ကိုထက်. .သူငယ်ချင်း. . ."

"ဟင် ဟာ ကိုအောင်. . ."

အောင်မျိုးဟိန်း၏ခေါ်သံကြားသည်တွင် မိုးထက်မြင့်သည် ရုတ်တရက် အံ့သြသွားဟန်ရှိပြီးမှ သိမ်မွေ့သော တည်ငြိမ်မှုဖြင့် ဆို၏။

မိုးထက်မြင့်၏ မျက်နှာထက်၌ သိမ်မွေ့စွာ အရိပ်များပြောင်းလဲသွားရသော်ငြား ရှေ့နေတစ်ယောက်၏ အကဲခတ်ပညာ ကျွမ်းကျင်နေရပြီဖြစ်သည့် အောင်မျိုးဟိန်းကား ကောင်းစွာနားလည်လိုက်သည်ပါ။

"သူငယ်ချင်း. .လာလေ ထိုင်၊ ဆိုင်းမဆင့်ဗုံမဆင့်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းလည်းမဆက်၊ အကြောင်းလည်းမကြားဘဲ ရောက်လာတယ်၊ ဘာပဲဖြစ်ဖြစ် ကိုယ်ကတော့ ဝမ်းသာပါတယ်၊ ဒီနေ့အားတာပဲ၊ ကိုယ်တို့ ပျော်ပျော်ပါးပါး စားသောက်ကြတာပေါ့. . .

ကဲ ပြော သူငယ်ချင်း၊ ကိုယ်တို့နှစ်ယောက် စိတ်ရောကိုယ်ပါ အနားပေးတဲ့အနေနဲ့ သူငယ်ချင်းဘယ်သွားချင်လဲ၊ ဘယ်မှာစားချင်လဲ ပြော. . ."

"သူငယ်ချင်း ကိုထက်၊ ဘာလို့ ကိုယ့်အပေါ် မင်းဒီလောက်အထိ သက်ညှာနေတာလဲ၊ ကိုယ်အားလုံးသိပြီးပြီ၊ ဟန်ဆောင်မနေပါနဲ့တော့လား သူငယ်ချင်းရယ်. . ."

မိမိမသိဘူးအထင်ဖြင့် ဖော်ရွေလှိုက်လှဲစွာ ပြောဆိုနေသော မိုးထက်မြင့်ရှေ့၌ သွားရောက်ကာ မျက်နှာချင်းတည့်တည့်ဆိုင်၍ အောင်မျိုးဟိန်းဆိုသည်တွင်. . .

မိုးထက်မြင့်သည် အောင်မျိုးဟိန်းအား တည်ငြိမ်ခြင်းဖြင့် စိတ်ထိခိုက်စွာ အတန်ကြာကြည့်နေမိပြီးကာမှ. . .

"သူငယ်ချင်းရယ်. . ."

"ဩော် သူငယ်ချင်းရယ်. . ."





စိတ်မကောင်းခြင်းများစွာထက် တစ်ဦးပေါ်တစ်ဦး သန့်ရှင်းသော ချစ်ခင်ရင်းနှီးမှု၏ သံယောဇဉ်အတိုင်းအတာလွန်မှုဖြင့် သူငယ်ချင်းနှစ်ယောက်သည် ဖက်ထားလိုက်ကြချေ၏။

"ကိုထက်. .မင်းရဲ့မြင့်မြတ်တဲ့ စိတ်နှလုံးကို ကိုယ် ဘယ်အရာနဲ့မှမလဲနိုင်ဘူး. ."

"ကိုယ်လည်းပဲ မင်းနဲ့ထပ်တူပါ သူငယ်ချင်းရယ်. ."

"ကိုယ့်ကြောင့် မင်းစိတ်ဆင်းရဲရတာ ကိုယ်တကယ်ပဲ စိတ်မကောင်းဘူး သူငယ်ချင်းရယ်. . ."

အောင်မျိုးဟိန်းစကားတွင် မိုးထက်မြင့်သည် သူငယ်ချင်း၏ မျက်နှာချောချောအား စေ့စေ့ကြည့်ကာ ကိစ္စမရှိကြောင်းပေါ့ပါးစွာပင် ခေါင်းယမ်းပြလိုက်သည်။

"ကိုထက်. .ကိုယ်အခုပဲ အဲဒီကိစ္စတွေသိခဲ့ရတယ်"

"ဘယ်ကသိလဲ သူငယ်ချင်း. . ."

"ဒေါ်သက်ထားနွယ်ဆီကပဲ သူငယ်ချင်း၊ သူ အဲဒီကေ့စ်ဖြစ်တုန်းက ကိုယ်ပဲလိုက်ပေးခဲ့ရတယ်လေ. . ."

"ဩော်. .အခု သူကဘာပြောလဲ. . ."



www.burmeseclassic.com

www.burmeseclassic.com



"သူက တရားဥပဒေအတိုင်း ဖြစ်စေချင်တယ်၊ အဒေးယူခိုင်းတယ်၊ ဒါကြောင့် ကိုယ်လည်းပြောခဲ့ပါတယ်၊ စိတ်ချပါလို့ ဖြစ်စေချင်တဲ့အတိုင်း ဖြစ်ရပါစေ့မယ်လို့. . ."

"တိုက်ဆိုင်ပုံကို ကိုယ့်စိတ်မကောင်းဘူး သူငယ်ချင်းရယ်၊ အဲဒီလိုဖြစ်မယ်မှန်းသိရင် အဲဒီနေ့က ဒီကားကို ကိုယ်ထုတ်ခစီးပါဘူး. . ."

"ဘယ်ဟုတ်မလဲ ကိုထက်ရယ်၊ ကိုယ့်ကိုချစ်ခင်လွန်းလို့ မင်းလည်း စကားတွေလျှောက်ပြောကုန်ပြီ။ ကြားဖူးတယ်မဟုတ်လား၊ မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာမရှိဘူးဆိုတာလေ. . ."

"ခုကိစ္စက မတော်တဆဖြစ်ခဲ့တာပဲ၊ ရာဇဝတ်မှုကြီးမှ မဟုတ်တာ. . ."

"ဘာပဲပြောပြော တစ်ဘက်က အသက်တစ်ချောင်းတောင် ဆုံးရှုံးခဲ့သွားရပြီ၊ ဥပဒေနဲ့ပတ်သက်တဲ့ အမှုတိုင်းဟာ ရာဇဝတ်မှုပဲ၊ ကိုယ့်အနေနဲ့ အဲဒီကိစ္စကိုမရှင်းခဲ့လို့ သူငယ်ချင်းဆီကို ဖုန်းဆက်ပြီး သုံးလေးခါထက်မနည်း မေးခဲ့ပါတယ်. . ."

"ဟုတ်ပါတယ်၊ မာစီးဒီးကားအမျိုးအစားတွေက ခွေးကလေး





လောက်တိုက်မိရုံကတော့ ဘာမှကြီးကြီးကျယ်ကျယ်မဖြစ်နိုင်တော့ ကိုယ်လည်း အဲဒီလိုမထင်ခဲ့ဘူးပေါ့ သူငယ်ချင်းရယ်. . ."

"ဟုတ်ပါတယ်၊ ကိုယ်လည်း ကလေးကိုတိုက်ခဲ့တယ်ဆိုတာ လုံးဝမသိတာအမှန်ပါ. . ."

"ကိုယ်ယုံပါတယ်၊ သူငယ်ချင်းက မျက်လုံးလည်း အားနည်းနေတယ်လေ. . ."

"ဥပဒေမှာ ဒါတွေက ကိုးကားလို့မရပါဘူး သူငယ်ချင်းရယ်၊ အဲဒီအချိန်က ကိုယ်မြင်တွေ့ခဲ့တာ ခွေးတစ်ကောင်ပဲ၊ ဘယ်နေရာမှာ ဖြစ်ခဲ့လို့ဖြစ်ခဲ့မှန်းလည်း ကိုယ် အသေအချာမသိခဲ့ဘူး၊ ဒေါ်သက်ထားနွယ်အမှုကို ကိုယ်လိုက်ပေးခဲ့စဉ်ကတောင် ကိုယ့်ကိုယ်ကို မသင်္ကာလို့ အရမ်းစဉ်းစားခဲ့သေးတယ်၊ ဒါကြောင့် သူငယ်ချင်းဆီကိုလည်း ဖုန်းနဲ့ဆက်မေးခဲ့တာပေါ့. . ."

"ဟုတ်ပါတယ်၊ ကိုအောင့်ရဲ့စိတ်ခတ်ကို ကိုယ် သိတယ်"

"ကိုယ့်အတွက် မရေမရာနဲ့ အချိန်ကြာမြင့်စွာ စဉ်းစားလာခဲ့တဲ့ ကိစ္စတစ်ခုတော့ သက်သေအထောက်အထား ခိုင်လုံစွာနဲ့ အမှန်တရားဟာပေါ်လာခဲ့ပြီ ကိုထက်. . .



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ကိုယ် တရားဥပဒေကိုရင်ဆိုင်မယ်၊ ဒီပြစ်မှုအတွက် တရားဥပဒေက ဆုံးဖြတ်ပေးတဲ့ပြစ်ဒဏ်ကိုခံယူပြီးမှပဲ ကိုယ်လိပ်ပြာသန့်ရှင်းတော့မယ် သူငယ်ချင်းရယ်. . ."

"ဒီလိုဖြစ်လာလိမ့်မယ်ဆိုတာ သူငယ်ချင်းရဲ့စိတ်ခံစားချက်ကို သိတဲ့ ကိုယ် ယုံကြည်ပြီးသားပါ၊ ကိုအောင်. .မင်းကို ကိုယ်သိပ်လေးစားတယ်၊ ညီကိုရင်းတစ်မျှလည်းချစ်တယ်၊ ယုံကြည်တယ်၊ အားလည်းကိုးတယ်. . .

သူငယ်ချင်းအတွက် ကိုယ်အတတ်နိုင်ဆုံး ကူညီမယ် အကောင်းဆုံးရှေ့နေကို ငှားမယ်၊ အသက်ညာဆုံး ရုံးတော်ကို စဉ်းစားခိုင်းမယ်. . ."

"သူငယ်ချင်းရယ်. .ခင်ဗျားလည်း ကိုယ့်အပေါ် ဘာကြောင့် ဒီလောက်ကောင်းနေရတာလဲ၊ မင်းနဲ့ကိုယ်ဟာ သွေးသားလည်း မတော်ပါဘူး. . ."

"သွေးသားတော်စပ်ခြင်း၊ မတော်စပ်ခြင်းက အဓိကမဟုတ်ပါဘူး သူငယ်ချင်းရယ်၊ စိတ်နှလုံးပြည့်ဝမြင့်မြတ် ကောင်းခွန်ဖို့သာ လူတွေအတွက် အဓိကပါ. . ."





စကားများဆိုရင်း သူငယ်ချင်းနှစ်ယောက်မှာ တစ်ယောက်ကို တစ်ယောက် ပြန်ဖက်ထားလိုက်ကြပြန်သည်။

အောင်မျိုးဟိန်းသည် မိုးထက်မြင့်အား ယုံကြည်ခြင်း၊ ချစ်ခင်ခြင်း သံယောဇဉ်တို့ဖြင့် ဖက်ထားရင်းမှ. . .

"ကိုယ် ဒီနေ့ပဲအမှုဖွင့်လိုက်မယ်၊ အဖမ်းခံလိုက်မယ်"

ထိုစကားအတွက် မိုးထက်မြင့်သည် စိတ်ထိခိုက်စွာဖြင့် မျက်ဝန်းအစုံ တစ်ချက်မှိတ်ကာ သူငယ်ချင်းအား ဖက်ထားဆဲမှ..

"ကိုယ်လည်း သူငယ်ချင်းအတွက် ဒီနေ့ပဲ အာမခံရအောင် ကြိုးစားပေးပါ့မယ်. . ."

"ကျေးဇူးတင်ပါတယ်၊ ကိုယ့်အတွက် သိပ်ပြီး စိတ်ပင်ပန်း မခံပါနဲ့ သူငယ်ချင်းရယ်. . ."

"ဘယ်လိုပြောလိုက်တာလဲ ကိုအောင်၊ မင်းပြောလိုက်တဲ့ စကားတွေက ကိုယ့်ရဲ့ထားရှိတဲ့ သံယောဇဉ်အပေါ်မှာ မလေးနက်သလိုပဲ. . ."

"ဆောရီးပါဗျာ၊ ကိုယ် တောင်းပန်ပါတယ်. . ."

"အားမငယ်နဲ့နော် ကိုအောင်. . ."



www.burmeseclassic.com

www.burmeseclassic.com



"အဟွန်း. .ဝန်မလေးပါဘူး သူငယ်ချင်း၊ ကိုယ်လည်း ဥပဒေရဲ့ပြစ်ဒဏ်ခံပြီးမှ လိပ်ပြာသန့်မယ်သူပါ . . ."

"ယုံတယ်. . ."

"အဟွန်း. . ."

"အဟွန်း. . ."

သူငယ်ချင်းနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ပြန်ကြည့်ကာ ရယ်လိုက်သည်။ သူတို့၏ချောမောသော မျက်နှာကိုယ်စီမှ အပြုံးများသည် အားရှိနေပါ၏။

မှန်သည်။ သူတို့နှစ်ဦး၏အပြုံးသည် ဟန်ဆောင်ခြင်းအပြုံးများမဟုတ်၊ ပကတိ သန့်ရှင်းလတ်ဆတ်၍ တည်ငြိမ်ပြတ်သားအင်အားများရှိသော အပြုံးများရယ်ပါတည်း။ ။

♡ ♡ ♡



(နှစ်ဆယ်)

နံနက်ကော်ဖီသောက်ပြီးသည်နှင့် ဦးကြည်စိုးသည် ထုံးစံအတိုင်း ဧည့်ခန်းတွင်ထိုင်ကာ စောစောရောက်လာတတ်သည့် သတင်းစာကိုဖတ်သည်။

သည်နေ့အဖို့ မိသားစုအားလုံးအတွက် အားလပ်ရက်မို့ အားလုံးမှာလုပ်ချင်ရာကို လုပ်ကာ အေးအေးဆေးဆေးရှိကြ၏။

နွယ်သည်က ပြည်မှသူငယ်ချင်းဆီ ဖုန်းဆက်စကားပြောနေ၏။ မိခင်ဖြစ်သူဒေါ်အေးနွယ်သည်က လူမှုရေးဖိတ်စာများအား တစ်ခုချင်းကြည့်ပြီး သွားရမည့်ရက်တွေကို သတ်မှတ်နေ၏။

"ဟင်. . ."



www.burmeseclassic.com

www.burmeseclassic.com



သတင်းစာအား စိတ်ဝင်တစားဖတ်နေရာမှ ဦးကြည်စိုးသည် အာမေဋ္ဌိတ်သံတစ်ချက် လွှတ်ခနဲထွက်ပေါ်ရကာ ကိုယ်ကိုတစ်ချက်ပြင်ထိုင်ရင်း သတင်းစာထဲ ပုံ၍အားစိုက်ဖတ်နေသည့် အသွင်အား. . .

ဖုန်းပြောနေသော သမီးဖြစ်သူနွယ်နှင့် ဇနီးသည်တို့နှစ်ဦးမှာလည်း ဘာပါလိမ့်ဟူသော အတွေးဖြင့် ဦးကြည်စိုးထံ အာရုံရောက်ကာ ပြိုင်တူလှမ်းကြည့်ဖြစ်လိုက်ကြသည်။

"ဟာ. . ."

ကြည့်ဆဲပင် ဖခင်ဦးကြည်စိုးထံမှ အံ့သြလွန်းသည့် အာမေဋ္ဌိတ်သံကြီးတစ်ချက်သည် ပေါ်လာပြန်၍. . .

"အဖေကြီး. .ဘာလဲ၊ သတင်းစာထဲဘာပါလို့လဲ. . ."

နွယ်သည် ဖုန်းပြောဆဲ ဖခင်ထံလည်း စိတ်ဝင်စားစွာလှမ်းကြည့်ဆဲကပင် မိခင်ဖြစ်သူက ဝင်ဆိုလေ၍. . .

ဖခင်ဖြစ်သူ ဦးကြည်စိုးသည် ဇနီးသည်ဒေါ်အေးနွယ်ထံသို့ အံ့သြဟန်၊ စိတ်မကောင်းဟန်တို့ဖြင့် ကြည့်လာရင်းက. . .

"အမေကြီးရေ. .ဒီမှာဖတ်ကြည့်စမ်းပါဦး၊ မောင်အောင်မျိုး





ဟိန်းရဲ့ ကားတိုက်မှုသတင်း. . ."

"ရှင် မောင်အောင်မျိုးဟိန်း. .ဟုတ်လား. . ."

"အေးလေကွာ၊ သမီးအမှုကို လိုက်ပေးတဲ့သူရယ်ပေါ့၊ ဖတ်ကြည့် ဖတ်ကြည့်စမ်းပါဦး. . ."

ပြည်မှသူငယ်ချင်းနှင့် ဖုန်းပြောနေသော နွယ်မှာ မိဘများ၏ စကားများကြောင့် ဖုန်းပြောနေသည်မှာပင် တိုးလို့တန်းလန်းရှိသွားရ၏။

"ကဲ သူငယ်ချင်းရေ. .ကိုယ် အရေးပေါ်ကိစ္စရှိနေလို့ကွာ၊ နောက်မှပဲဖုန်းဆက်တော့မယ်နော်. . ."

သတင်းစာဖတ်နေရင်း တအံ့တသြရှိနေသည့် မိခင်ထံလှမ်းကြည့်ရင်း နွယ်သည် မနေနိုင်တော့၍ အရေးပေါ်ကိစ္စပေါ်လာကြောင်း သူငယ်ချင်းကိုဆိုကာ ဖုန်းကိုချလိုက်၏။

"အို. .မြတ်စွာဘုရား. . ."

"မေမေ. .ဘာဖြစ်လို့လဲ၊ ကိုအောင် ဘာဖြစ်လဲ၊ ကိုအောင် ကားတိုက်တယ် ဟုတ်လား မေမေ. . ."

မိဘများထံ ခပ်သွက်သွက်လှမ်းခဲ့ရင်း စိတ်မကောင်းခြင်း



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်ခြင်းတို့ဖြင့် နွယ် မေးဖြစ်သည်။ သတင်းစာဖတ်ပြီးသွားတော့၊ ဒေါ်အေးနွယ်သည် သမီးချောထံကြည့်ကာ ဘာပြောရမှန်းမသိဖြစ်နေ၏။ သတင်းစာသာ သမီးချောထံလှမ်းပေးရင်း. . .

“ရော့ သမီးပဲဖတ်ကြည့်တော့၊ သမီးကိုယ်တိုင်ဖတ်ကြည့်မှ သမီးလိမ့်ပတ်လည်မယ်. . .”

မိခင်စကားနှင့်အတူ နွယ်သည် သတင်းစာကိုယူကာ ကျယ်ပြန့်စွာပင် ဖတ်ကြည့်လိုက်သည်။ သတင်းစာထဲတွင် ကိုအောင်၏ ကိစ္စသည် ပြည့်ပြည့်စုံစုံရေးထားသည်မို့ စာပိုဒ်ခပ်ကြီးကြီး နေရာယူထားသည်ကို နွယ် တွေ့ရ၏။

နွယ်သည် စာပိုဒ်အား အစမှအဆုံးတိုင် သေချာစွာ ဖတ်ကြည့်ဖြစ်ရလေသည်။

“အို ဘုရားရေ. .အဖြစ်က ဒီလိုလား၊ ဟာ ဖေဖေနဲ့ မေမေရယ် နွယ်တော့မှားပြီ. . .”

“ဟင် သမီး. .ဘာမှားသလဲ၊ အခုကားတိုက်မှုရက်စွဲကို ကြည့်ရင် သမီးရဲ့ပြီးခဲ့တဲ့ကိစ္စနဲ့ နွယ်နေတဲ့အမှုပဲမဟုတ်လား. .”

“ဟုတ်တော့ ဟုတ်ပါတယ်၊ နွယ်မှားတာက နောက်ထပ်





သီးသန့်အမှားတစ်ခုပါ ဖေဖေ. . .”

“ဟင်. . .”

သမီးချောစကားကြောင့် မိခင်ရော ဖခင်ပါ ကြောင်သွားရသည်။ နွယ်သည် သတင်းစာအား ဖတ်ပြီးသွားသော်လည်း သတင်းစာပါ အကြောင်းရင်းများဆီ၌သာ အကြည့်များရှိဆဲ. . .

“နွယ်. .မင်းပြောခဲ့တဲ့ စကားတွေအတွက် တစ်နေ့ မင်း ကိုယ့်ကိုလာတောင်းပန်ရလိမ့်မယ်. . .”

မိမိ၏အထက်အရာရှိဖြစ်သော မိုးထက်မြင့် ပြောခဲ့သော စကား။

“စိတ်ချပါ နွယ်၊ နွယ် စိတ်တွေသိပ်ပြီးလှုပ်ရှားနေတာ နွယ် အနားယူလိုက်ပါ၊ နွယ် ဖြစ်စေချင်တဲ့အတိုင်း ဖြစ်စေရပါ့မယ်”

ကိုအောင် ပြောခဲ့သည့်စကား။

နွယ်သည် ထိုစကားသံများအား ပြန်လည်ကြားယောင်ရင်း နွယ့်ရင်များလည်း တစ်ဖျတ်ဖျတ် တုန်ခါ၍နေရလေတော့၏။

“အို. .အဖြစ်က ဆန်းကြယ်လိုက်တာပါလား. .၊ လက်စသတ်တော့ သူတို့နှစ်ယောက်က သိပ်ချစ်ကြတဲ့သူငယ်ချင်းတွေပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ငါ ငါ ဆရာ့ကိုဒေါသတွေနဲ့ လွန်လွန်ကျူးကျူး စွပ်စွဲပြောဆိုခဲ့စဉ်က ဆရာဟာ ပထမ ငါ့ကိုအံ့သြကြောင်မ်ငေးမှင်တက်ပြီး ကြည့်နေတယ်. . .

ငါပြောတဲ့စကားတွေကို သူ လိမ့်ပတ်လည် သိသွားတော့လည်း သူဘာမှ ငါ့ကိုမရှင်းပြခဲ့ဘူး၊ ငါ့ရဲ့ပြင်းထန်တဲ့ စွပ်စွဲချက်တွေအတွက် သူ တည်တည်ငြိမ်ငြိမ်နဲ့ပဲ နားထောင်နေတယ်. . .

အို ဆရာရယ်. .နွယ် နွယ် ဟုတ်ပါတယ်၊ နွယ် မှားပါပြီ၊ ဆရာ့ကို နွယ် တောင်းပန်ရတော့မှာပါရှင်. . .

ပြီးတော့ ကိုအောင်. .ကိုအောင်ရယ်၊ ကိုအောင်ဟာ တကယ်ပဲ မြင့်မြတ်တဲ့ယောကျ်ားကောင်းတစ်ယောက်ဆိုတာ နွယ် ပိုပြီးသိရပါပြီ. .

ကိုအောင့်ကိုလည်း ငါသွားတွေ့ရမယ်၊ ကိုအောင့်ကိုပါအားပေးရမယ်၊ တကယ်တော့ ကိုအောင့်လိုလူမျိုးက မိန်းမတစ်ယောက်အတွက် ခင်ပွန်းကောင်းတစ်ယောက်လည်း ဖြစ်နိုင်တယ်၊ ချစ်သူကောင်းတစ်ယောက်လည်း ဖြစ်နိုင်တယ်၊ ပြီးတော့ မိတ်ဆွေတွေအတွက်လည်း သူငယ်ချင်းကောင်းတစ်ယောက် ဖြစ်တယ်. .





သတင်းစာထဲရေးထားတဲ့အတိုင်းဆိုရင် ငါဖုန်းလို့သိထားတဲ့အတိုင်းနဲ့ ချက်ချင်းပဲ ကိုအောင်ဟာ ဆရာ့ဆီသွားတွေ့ပြီး အမှုကိုနေ့ချင်းဖွင့်လိုက်တာ. . .

ဆရာကလည်း ကိုအောင့်ကို အားပေးမှာပါ၊ အခု ကိုအောင့်ကို အာမခံပေးထားတယ်တဲ့၊ အို. .ငါခုပဲ ကိုအောင့်ကို သွားတွေ့လိုက်မယ်. . ."

အတွေးဖြင့် နွယ်သည် နေရာမှ ရုတ်ချည်းထရပ်လိုက်လေသည်။

"သမီး. . ."

မိခင်ကခေါ်သည်။ ဖခင်က နွယ့်အား ငြိမ်သက်စွာကြည့်နေ၏။

"ဖေဖေ မေမေ. .နွယ် အခု ကိုအောင်နဲ့သွားတွေ့မလို့ပါ"

"အင်း သွားတွေ့ပါ သမီး၊ မောင်အောင်မိုးဟိန်းကို အားပေးပါ၊ အာမခံရထားတယ်ဆိုတော့ သူ အိမ်မှာပဲရှိမှာပါ၊ သူ့အနေနဲ့ ဒီအမှုကို သူ ကျူးလွန်ခဲ့တယ်ဆိုတာ အစက မသိရိုးအမှန်ဆိုတာ ဖေဖေယုံတယ်. . .



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘက်ကကြည့်ရင် သူ့အခြေအနေအရ ဖြစ်နိုင်တယ်၊ သူ့မျက်လုံးမကောင်းဘူး၊ မိုးတွေက မှောင်လည်းမှောင်၊ ရွာလည်း ရွာဆိုတော့ ဖြစ်နိုင်ပါတယ်၊ သမီး ရင်ဆိုင်ခဲ့ရတဲ့ အဲဒီနေ့က အခြေအနေကို ပြန်မြင်ယောင်ပြီး သုံးသပ်ကြည့်ပေါ့. . ."

"ဟုတ်ပါတယ် ဖေဖေ၊ အဲဒီအချိန်က ခွေးတစ်ကောင်နဲ့ ကလေးတစ်ယောက်နဲ့ လမ်းပေါ်မှာရှိတာအမှန်ပါ. . ."

"အေး သမီးက ရှေ့ကမို့ ဒီကလေးနဲ့ခွေးကို ကောင်းကောင်းမြင်ထားပေမယ့် မောင်အောင်မျိုးဟိန်းရဲ့ကားက နောက်က ကျော်တက်ရတဲ့ကားမို့ ရုတ်တရက် ကလေးကို သူဘယ်မြင်နိုင်မလဲ၊ ဟိုင်းဝေးကား မောင်းတယ်ဆိုတာကတော့ ဒီလောက်အရှိန်တော့ မောင်းရမှာချည်းပဲ သမီး. . .

လမ်းဘေးမှာ မဆင်မခြင်ရေချိုးတဲ့ ကလေးလည်း အပြစ်မကင်းဘူး၊ မသိနားမလည်တဲ့ ကလေးကထားတော့၊ မိဘအုပ်ထိန်းသူတွေမှာလည်း တာဝန်ရှိတယ်. . .

ဖြစ်လာတဲ့အခါ တရားဥပဒေက မနေဘူးလေ၊ တစ်ချို့မိဘတွေရှိတယ်၊ တန်ဖိုးမရှိသလို ကလေးတွေကိုပစ်ထားပြီး ကားတိုက်မှု





ဖြစ်လာမှ ဒီကလေးတွေရဲ့တန်ဖိုးကို မိဘတွေထည့်ပြောလာတတ်ကြတယ်. . .

ဖြစ်လာတဲ့အခါ စည်းကမ်းမရှိတဲ့လူတွေအပေါ် ဥပဒေက မရှိဘဲ ယာဉ်စည်းကမ်းနဲ့ပတ်သက်တဲ့ ကားမောင်းတဲ့သူတွေအပေါ်မှာသာ အပြစ်ကလေးနက်နေတယ်. . ."

"ဟုတ်ပါတယ် ဖေဖေ၊ ဒါပေမယ့် ဘာပဲပြောပြော ကိုအောင်ကတော့ သူ့အပြစ်ကို သူဝန်ခံရင်ဆိုင်တယ် . ."

"ဒါဥပဒေကိုလေးစားပြီး မှန်မြတ်တဲ့ စိတ်ထားရှိသူမို့ပါ"

"ဟုတ်ပါတယ် ဖေဖေ၊ ကိုအောင့်ကို နွယ် တကယ်ပဲလေးစားတယ်၊ ကိုအောင်ဟာ နွယ့်အမှုကိုလိုက်ရင်းနဲ့ သူ့ကိုယ်သူလည်း ဆန်းစစ်နေတဲ့အကြောင်း သတင်းစာမှာရေးထားတာပဲ၊ သူရဲ့သူငယ်ချင်းကလည်း အားလုံးမှန်ကန်ကြောင်း ဖွင့်ဆိုတောင်းခံထားတာလေ"

"အေးလေ၊ မောင်အောင်မျိုးဟိန်းအတွက်တော့ ဥပဒေက သက်သက်ညှာညှာတော့ စဉ်းစားပေးမှာပါတဲ့၊ ကဲ သမီးသွားတွေ့မယ်ဆိုတာ သွားတွေ့လိုက်ပါ၊ မောင်အောင်မျိုးဟိန်းကို ပြောလိုက်ပါ၊ ဖေဖေတို့လည်းစိတ်မကောင်းကြောင်းနဲ့ လာတွေ့ဦးမယ်ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



"နွယ်. . ."

"ရှင် ကိုအောင်. . ."

မျက်ဝန်းအကြည့်မှစ၍ တည်ငြိမ်အေးဆေးစွာဖြင့် အောင်မျိုးဟိန်းသည် နွယ့်ထံ အလေးအနက်ကြည့်ကာခေါ်သည်တွင် နွယ်သည်လည်း လေးစားရသော မျက်ဝန်းအကြည့်တို့ဖြင့် အောင်မျိုးဟိန်းထံပြန်လည်ကြည့်ရင်း ထူးဖြစ်၏။

"နွယ် မလာခင် စောစောကပဲ ကိုထက်ပြန်သွားတယ်"

နွယ် မျက်လွှာလေးသိမ်းသွားသည်။

"ကိုယ့်ရဲ့သူငယ်ချင်းဟာ ကိုယ်အရမ်းချစ်ရတဲ့ သူငယ်ချင်း၊ ကိုယ်အရမ်းခင်မင် လေးစားအားထားရတဲ့သူငယ်ချင်းပါ၊ ကိုထက်နဲ့ ကိုယ်ဟာ အလယ်တန်းကျောင်းသားဘဝက ဘည်းက လက်တွဲလာခဲ့တာ ခုချိန်ထိပါပဲ နွယ်. . .

ကိုထက်ဟာ မျိုးရိုးမြင့်မြတ်ပြီး သူကိုယ်၌လည်း အင်မတန်မှ စိတ်ဓာတ်မြင့်မြတ်တဲ့သူတစ်ယောက်ပါ၊ နွယ့်အနေနဲ့ သူ့ကို အထင်လွဲစွပ်စွဲပြောဆိုခဲ့စဉ်က အကြောင်းတွေကို သူ လုံးဝ ကိုယ့်ကို ဖွင့်မပြောခဲ့ပါဘူး. . .





နွယ့်ဆီက ကိုယ်ဘိုက်ရိုက်သိမှ သူနဲ့ကိုယ်သွားတွေ့ရတာပါ၊ အဲဒီကာတည်းက သူ့စိတ်ဓာတ် မှန်မြတ်တယ် နွယ်၊ သူ့လက်အောက် အရာရှိဖြစ်တဲ့ နွယ်လည်း သူ့စိတ်ဓာတ်ကို အနည်းနဲ့ အများတော့သိမှာပါ. . ."

နွယ်သည် ရှက်ခြင်းဖြင့် မျက်နှာလေးရဲကာ နုတ်ဆိတ်ငြိမ်သက်စွာ နားထောင်နေဖြစ်၏။

"ကိုအောင့်ကို အထင်မလွဲပါနဲ့ နွယ်၊ သူ့ကို နွယ် တောင်းပန်သင့်တယ်၊ တောင်းပန်လိုက်ပါ နွယ်ရယ်၊ နွယ်ကမတောင်းပန်လည်းပဲ သူကတော့ ဘာမှမပြောပါဘူး၊ ဒါပေမယ့် ကိုယ်က သူ့ကို နွယ်တောင်းပန်စေချင်တယ်. . ."

အောင်မျိုးဟိန်းစကားများအတွက် နွယ်သည် ရှက်လန့်သော မျက်နှာပန်းရောင်လေးဖြင့် တစ်ချက်မော့ကြည့်သည်။

အောင်မျိုးဟိန်းသည် နွယ့်ထံတည်ငြိမ်အေးချမ်းသော အပြုံးတွေဖြင့် ကြည့်လာရင်းက. . .

"နွယ်. . ."

"ရှင်. . ."



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခါတည်းပဲ နွယ့်ကို ကိုယ်ပြောချင်တယ်၊ တခြားတော့ မဟုတ်ဘူး၊ နွယ့်အပေါ်မှာ ကိုယ့် ကိုယ်ရေးကိုယ်တာတွေနဲ့ ပတ်သက်ပြီး စကားတွေလွန်ထားတာကို ပြန်ရုပ်သိမ်းပါတယ်. . ."

နွယ်သည် တည်ငြိမ်လွန်းသော ကိုအောင်၏ မျက်နှာဆီသို့သာ ငေးကြည့်နေမိတော့သည်။ နွယ်မြင်နေရသည့် ကိုအောင်၏ မျက်နှာတွင် ဟန်ဆောင်မှုတွေမရှိ၊ ပကတိကြည်လင်စွာ ရှိ၏။

"ကိုယ့်ကို အကဲခတ်နေသလား နွယ်. . ."

ရှေ့နေပညာရည်ပြည့်ဝနေသော ကိုအောင်နှင့် စိတ် မယှဉ်ဝံ့သည်က အမှန်ပါ။

နွယ်သည် နှုတ်ဆိတ်ကာ ခေါင်းလေးပြန်ငုံ့သွားသည်။ ကြည်လင်ပြတ်သားသော အသံဖြင့် အောင်မျိုးဟိန်း စကားဆက်သည်။

"တကယ်ပါ နွယ်၊ ကိုယ်ဘာမှဟန်မဆောင်ဘူး၊ နွယ်ဟာ ကိုထက်နဲ့သာအထိုက်တန်ဆုံးပါ၊ ကိုယ်ဝမ်းသာတယ်၊ ကျေနပ်တယ်၊ နွယ့်ကို ကိုယ် သန့်ရှင်းဖြူစင်တဲ့စိတ်နှလုံးနဲ့ ခင်မင်လေးစားမယ်၊ ရှေ့လျှောက် ကိုထက်နဲ့ပတ်သက်ပြီး မိတ်ဆွေတစ်ယောက်အဖြစ် ညီမတစ်ယောက်လို သံယောဇဉ်ထားသွားမယ်. . .





ကိုထက်နဲ့ပတ်သက်ရင် အဲဒီသံယောဇဉ်မျိုးကို ကိုယ် ထားနိုင်တယ်၊ ဒါကိုယ့်ရဲ့ မှန်သောသစ္စာစကားပါ၊ နွယ် ယုံကြည်ပါ.."

"ကိုအောင်ရယ်၊ ကိုအောင့်ကို နွယ် အစကတည်းက အထင်ကြီးပြီး ယုံကြည်လေးစားထားပြီးသားပါရှင်. . ."

သူနှင့် မျက်ဝန်း မျက်နှာချင်းဆိုင်ပြီး နွယ် ဆိုသည်။

"ကိုယ်ယုံပါတယ် နွယ်၊ နွယ်ဟာ မိန်းမကောင်း မိန်းမမြတ်လေးမို့ နွယ့်အတွက် အချိန်အခါနဲ့ အခြေအနေတွေက နွယ် လက်တွဲရမယ့် ဘဝကြင်ဖော်ကိုပါ ရွေးချယ်ပေးလိုက်တယ်လို့ပဲ ကိုယ် ယုံကြည်တယ်. . .

က် နွယ်. ဒီနေ့ကစပြီး နွယ်နဲ့ ကိုအောင်တို့က အချစ်ခင်ဆုံး အရင်းနှီးဆုံး မိတ်ဆွေမောင်နှမတွေပဲနော်. . ."

အောင်မျိုးဟိန်းဆိုရင်း နွယ့်ထံသို့ လက်တစ်ဖက်ကမ်းပေးသည်၊ နွယ်သည် ချိုသောအပြုံးနုနုလေးဖြင့်ပြုံးရင်း သူ့လက်ကို လှမ်းဆွဲကိုင်ဖြစ်ရင်းမှ. . .

"ဟုတ်ကဲ့ပါ ကိုအောင်. . ."

"ကျေးဇူးတင်ပါတယ် နွယ်၊ ကိုယ်တကယ်ပဲ လိုက်ပြောသန့်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီ၊ ကဲ နွယ် ပြန်တော့၊ ဦးလေးနဲ့ဒေါ်ဒေါ်တို့ကိုလည်း သတိရကြောင်း ပြောပြလိုက်ပါ. . ."

"ဟုတ်ကဲ့ ကိုအောင်. . ."

"ဩော် ဒါနဲ့ နွယ်. . ."

"ရှင်. .ဘာလဲ ကိုအောင်. . ."

ဘာမှန်းမသိ၍ အရေးတယူဟန်ဖြင့် နွယ်ဆိုတော့ အောင်မျိုးဟိန်းသည် ကြည်လင်ချောမွေ့စွာ ပြုံးလိုက်ရင်းက. . .

"သူ့ကိုသွားတောင်းပန်လိုက်နော်. . ."

ကိုအောင့်စကားအတွက် နွယ်သည် ပန်းသွေးထသော ရုက်မျက်နှာအန်းအန်းလေးဖြင့် နှုတ်ခမ်းလေးစေ့ကာ ပြုံးဖြစ်သွားရပါလေသတည်း။ ။

♡ ♡ ♡



(နှစ်ဆယ့်တစ်)

"ဟဲလို၊ ဟုတ်ကဲ့ ကျွန်တော် မိုးထက်မြင့်ပါ. . ."

"ဆရာ. . ."

"ဩော် နွယ်လား. . ."

"ဟုတ်. .ဟုတ်ကဲ့ ဆရာ. . ."

"ပြော ဘာကိစ္စ. . ."

"ဟို နွယ် ဆရာ့ကိုတောင်းပန်. . ."

"အဟော် တောင်းပန်တာ ဒီလိုဖုန်းနဲ့လှမ်းဆက်ပြီး တောင်းပန်လို့ ဘယ်ရမလဲဗျာ. . ."

"ဟို နွယ် သိပါတယ် ဆရာ၊ ဆရာက နွယ့်အထက်ဆရာရှိ



www.burmeseclassic.com

www.burmeseclassic.com



လည်း ဖြစ်တယ်ဆိုတော့ နွယ် ရုံးရောက်တဲ့အခါ ဆရာ့ရုံးခန်းဆီ လာပြီးတောင်းပန်ချင်လို့ အခုက ကြိုတင်ပြီး ဆရာ့အိမ်ကို ဖုန်းဆက်ထားတာပါရှင်. . ."

"အပ္ပန်း ဒေါ်သက်ထားနွယ်၊ ရုံးကိစ္စမဟုတ်တဲ့အတွက် ရုံးခန်းမှာလာပြီး တောင်းပန်စရာမလိုပါဘူး။ ပြီးတော့ ကိုယ်ဒီနေ့ ရုံးမတက်ဘူး. . ."

"ဒါဖြင့် နွယ် ဘယ်မှာ . . ."

"မင်းကို ဦးဆောင်မယ့်သူရဲ့ အိမ်ကိုလာခဲ့၊ ရှင်းရဲ့လား၊ ကိုယ့်အိမ်ကို မင်းလာပြီးတောင်းပန်ပါ၊ ရှင်းတယ်နော်. . ."

"ဟုတ်. .ဟုတ်ကဲ့ ဆရာ၊ ဒါဆိုရင် ဆရာကျေနပ်မယ်နော်"

"သိပ်ကျေနပ်ပါတယ်. . ."

"ဒါဖြင့် နွယ် ရုံးဆင်းချိန်မှပဲ လာခဲ့တော့မယ် ဆရာ. ."

"ညနေအထိ မစောင့်နိုင်ဘူး၊ ကိုယ့်သူငယ်ချင်းဆီ သွားစရာရှိတယ်၊ နေ့လယ်ထမင်းစားချိန်မှာ မင်း ကိုယ့်ဆီလာပြီး တောင်းပန်ချင် တောင်းပန်ပါ. . ."

"ဟုတ်ကဲ့ပါရှင်. . ."





မနက်ကရုံးသို့မသွားခင်အချိန်အတွင်း၌ နွယ်သည် မိုးထက်မြင့်ဆီ ဖုန်းဆက်လိုက်စဉ်က စကားများအား ပြန်လည်ကြားယောင်ဖြစ်ရခြင်းပါ။

"ဟင်း. . ."

ကားလေးကိုမှန်မှန်မောင်းရင်း နွယ်သည် သက်မမောလေးအား ညင်သာစွာချဖြစ်၏။ နွယ်မျက်နှာအသွင် နုနုလေးသည်က အနေခက်ရှက်ထွေးထွေးဖြင့် ရင်ဆိုင်ရမည့်အရေး စိတ်တွေလှုပ်ရှားနေရချေ၏။

"အင်း ငါတော့ ဆရာပြောသမျှ ခံနေရတော့မှာပါပဲ၊ ဆရာလည်း ငါ့ကိုစိတ်နာမှာပဲ၊ အေးလေ နာမယ်ဆိုလည်း နာစရာပါပဲ၊ ငါက ဆရာရဲ့ဂုဏ်သိက္ခာနဲ့ ကိုယ်ကျင့်တရားတွေကို ထိခိုက်စော်ကားထားတာကိုး. .ဟင်း. . ."

အတွေးများအဆုံး၌ နွယ်သည် သက်မမောလေး ချဖြစ်ရပြန်ပါ၏။

နေ့လယ်ပိုင်း ထမင်းစားချိန်၌ ရုံးမှမောင်းထွက်လာသော နွယ့်ကားလေးသည် မကြာမီပင် မိုးထက်မြင့်နေထိုင်သော ခြံဝင်းဂေဟာ



www.burmeseclassic.com

www.burmeseclassic.com



ကြီးသိုက ရောက်တော့မည်ပါ။

မှန်သည်။ ထိုအချိန်၌ပင်လည်း မိုးထက်မြင့်၏တိုက်ကြီးထဲတွင်ကား မိုးထက်မြင့်သည် နွယ်ရောက်လာမည့်အချိန်ကိုစောင့်ရင်း သူ့မျက်နှာချောချောသည် ပြုံးစစရှိနေ၏။ နွယ်နှင့် မနက်က ဖုန်းပြောထားသည့် စကားများအား ပြန်လည်စဉ်းစားရင်း သူကျေနပ်သည့်အပြုံးပါ။

နွယ်ရောက်လာရင် နွယ့်အား မည်သို့ဆီးကြိုမည့်အရေးကိုလည်း သူ အမျိုးမျိုးတွက်ဆထား၏။ ဧည့်ခန်းကြီးထဲ ခေါက်တုံ့ခေါက်ပြန်လျှောက်လိုက်၊ မှန်ပြူတင်းမှ ခြံဂိတ်ဆီလှမ်းကြည့်လိုက်ဖြင့် စဉ်းစားနေသည်တို့က အရာမထင်။

အဓိက,က မြတ်နိုးသော လှပသော နတ်သမီးလေးရောက်လာဖို့သာ စိတ်၌အလောကြီးစွာရှိနေရတော့၏။

"အဟွန်း. . ."

စောင့်စားဆဲပင် သူ ကျေနပ်စွာတစ်ချက်ပြုံးလိုက်သည်။ မှန်သည်။ နွယ်မောင်းလာသော ကားလေးသည် တိတ်တိတ်ဆိတ်ဆိတ် ညင်ညင်သာသာလေးဖြင့် သူ့ခြံထဲသို့ မောင်းဝင်လာ၏။





မိုးထက်မြင့်၏ ကြည်နူးခြင်း၊ ရင်ခုန်ခြင်းကား အထွတ်အထိပ်၌ ရှိနေရပါချေပြီ။ မကြာခင်၌ နွယ့်ကားလေးသည် သူ၏ဆင်ဝင်အောက်သို့ ရောက်ရှိလာလေရော့မည်။

သည့်အတွက် သူသည် နွယ့်အား ကြိုရန် ဆင်ဝင်အောက်သို့ထွက်ခဲ့လေ၏။

ဆင်ဝင်အောက်၌ သူ့အရိပ်မားမားကြီးအား တွေ့လိုက်ရသည်နှင့် နွယ့်ရင်သည် အတိုင်းမသိ လှုပ်ခတ်လိုက်ခုန်သွားရချေ၏။ ရင်ခုန်ရခြင်းနှင့် အနေခက်သော ရှက်မျက်နှာရဲရဲလေးအား ထိန်းကာ နွယ်သည် သူ့ရှေ့၌ ကားလေးကို ရပ်လိုက်ရပြီဖြစ်၏။

ကားလေးရပ်သည်နှင့် နွယ်သည် ကားပေါ်မှမဆင်းသဲ သူ့မျက်နှာဆီ တစ်ချက်မော့ကြည့်သည်။ မြင့်မြတ်သော အရှိန်အဝါတို့ဖြင့် ရွှေမင်းသားလေးသည် အပြုံးစွက်ကာ တည်ငြိမ်လျက်ရှိ၏။

မိုးထက်မြင့်သည် နွယ်၏လှုပ်ရှားနေသော မျက်ဝန်းပြာလေးတွေဆီ တစ်ချက်မျှကြည့်ပြီး ကားတံခါးအား ဖွင့်ပေးလာရင်းက

"ဆင်းပါဦး နွယ်၊ နွယ့်ရဲ့အင်မတန် လှပတည်ငြိမ်တဲ့ မျက်ဝန်းပြာလေးအစုံက အခုလှုပ်ရှားနေတာ မောင်မြင်တယ်၊ အဲ



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်လဲ. . .”

“အို. . .”

“အဟွန်း. . .”

ဆင်းမည်ပြုဆဲ သူ့စကားကြောင့် နွယ်သည် ရှက်သွေးတို့ ရဲခနဲတက်ကာ တွန့်ဆုတ်သွားရရှာသည့် အဖြစ်အတွက် သူသည် မြတ်နိုးစွာ ပြုံးဖြစ်သွားရလေ၏။

နောက်ဆုံး မိုးထက်မြင့်သည် သူ့ရှေ့၌ အရှက်တရားတို့ဖြင့် ကတုန်ကယင်ဖြစ်ရာကနေ သတိပင်လစ်သွားရမယောင် ရှိနေသည့် နွယ့်အသွင်လေးအတွက် သူသည် နွယ့်လက်ဖဝါးလေးကိုဆွဲကာ ကားထဲမှ တယုတယလေးဖေးမကာ ဆင်းစေလိုက်ပါ၏။

မိုးထက်မြင့်သည် သူ၏ခမ်းနားသော ဧည့်ခန်းကြီးထဲသို့ နွယ့်လက်ကလေးကို ဆွဲခေါ်မည်ပြင်တော့. . .

“ဆရာ. . .”

“ဒီအခေါ်အဝေါ်တော့ ပြောင်းပစ်ဖို့ အချိန်တန်ပြ......

“ဟို ဆရာရယ်၊ နွယ် ဆရာ့ကိုလာတောင်းပန်တာ၊ နွယ် တောင်းပန်ပြီး ပြန်. . .”





“နွယ်ပြောတဲ့စကားကိုမှ နွယ်ကြားရဲ့လား၊ ပြီးတော့ နွယ် ပြောထားတဲ့စကားတွေကိုကော နွယ် အမှတ်ရရဲ့လား. .”

“နွယ် တောင်းပန်ဖို့ ဆရာ့အိမ်ကို ရောက်လာပြီပဲ၊ နွယ် ပြန်. .အို. . .”

နွယ့်စကားလေးမဆုံးခင်ပင် မိုးထက်မြင့်သည် နွယ့်ကိုယ်လေးအား ဇွေ့ခနဲပွေ့ချီလိုက်လေ၍ နွယ်ကား ထိတ်လန့်ခြင်းဖြင့် မျက်ဝန်းလေးအစုံ ဝိုင်းစက်သွားရပါတော့သတည်း။

မိုးထက်မြင့်သည် နွယ် ဘာဖြစ်ဖြစ်၊ နွယ့်အားပွေ့ချီကာ ဧည့်ခန်းထဲသို့ ခေါ်ခဲ့လိုက်သည်။ ဧည့်ခန်းထဲအရောက်၌ ကြီးမား အိစက်သော ဆိုဖာထက်၌ နှစ်ဦးသားထိုင်ဖြစ်ရင်းက. . .

“အချစ်ကို မောင်ပြောတယ်လေ၊ မောင့်ဆီ တောင်းပန်ဖို့ အချစ်ရောက်လာတဲ့နေ့ဟာ အလုပ်ထွက်ပြီးသားလည်း ဖြစ်ရမယ် လို့. . .”

“အို. .လွှတ်ပါ ဆရာ. . .”

“ဘာတွေပြောနေတာလဲ အချစ်ရယ်၊ မင်း ရှက်ရမ်းရမ်း မနေနဲ့ကွာ၊ ဒီနေ့ဟာ အချစ်ရဲ့အချစ်ကို ရတဲ့နေ့နဲ့ အချစ်ကိုပိုင်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ရတဲ့နေ့ တစ်နေ့တည်းပဲ. . .

မောင့်ကိုရဲရဲကြည့်စမ်း၊ ရဲရဲကြည့်စမ်းပါ၊ မင်း မောင့်ကို ရဲရဲကြည့်ပြီး စကားပြောစမ်းပါ. . ."

သူဆိုတော့ ရဲတွတ်သော မျက်နှာလေးဖြင့် နွယ် သူ့ကို ကြည့်လာသည်။

"သိပ်ချစ်တယ် နွယ်. . ."

သူ လေးနက်စွာဆိုတော့ နွယ်သည် မျက်ရည်လေးများပင် ဝဲရှာရှာရင်း. . .

"နွယ် မှားခဲ့ပါတယ်၊ အဲဒီအတွက် နွယ် တောင်းပန်. . ."

နွယ့်စကားပင် အဆုံးမခံ၊ နွယ့်နှုတ်ခမ်းလေးထက် သူ့ပါးပြင် ချောချောအား ဖိကပ်လိုက်၏။

"မလိုအပ်တဲ့စကားတွေ မပြောပါနဲ့တော့လား အချစ်ရယ်၊ အချိန်တွေကုန်ပါတယ်၊ မောင် လက်ထပ်ချင်ပြီ. . ."

"နွယ့်ကိုစိတ်မဆိုးဘူးလား၊ စိတ်နာဘူးလား. . ."

"ဟင့်အင်း၊ အချစ်မှာ လေးစားမှုတွေတောင် ထပ်တိုးလာပါသေးတယ်ဗျာ. . ."





"နွယ့်ကို ကလဲ့စားပြန်မချေပါဘူးနော်. . ."

"ဘာကိုလဲ. . ."

"လက်ထပ်ခွင့်တောင်းတာလေ. . ."

"ကြည့်စမ်း၊ ဒါမောင့်ရဲ့အချစ်နဲ့စိတ်ဓာတ်ကို ဘယ်လို ဖြစ်သွားစေလဲဆိုတာ မင်းစဉ်းစားပါဦး. . ."

"နွယ် ကြောက်လို့ပါရှင်. . ."

"ဘာကိုကြောက်တာလဲ. . ."

"နွယ့်ကို ကလဲ့စားချေမှာကိုပေါ့. . ."

"ဒါဆို နွယ့်ကိုကလဲ့စားချေတော့မယ်. . ."

"အို မလုပ် မလုပ်ပါနဲ့. . ."

နွယ့်အား ခပ်ကြမ်းကြမ်းလေး ဖက်ပစ်လိုက်ပြန် သူ ခြိမ်းခြောက်တော့ နွယ်သည် မိုးထက်မြင့်အား အကြောက်အကန်လေး ဖြင့် ပြန်လည်သိုင်းဖက်ရင်း ရင်ခွင်ထဲသို့ တိုးဝင်မိပါသတည်း။

"အဟွန်း အဟွန်း. . ."

မိုးထက်မြင့် သဘောကျသွား၏။

"မောင်လို့ခေါ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"မောင်. . ."

"သိပ်ချစ်တယ် မောင်လို့ပြော. . ."

"သိပ်ချစ်ပါတယ် မောင်. . ."

"လက်ထပ်ဖို့လည်း မောင့်သဘောပဲလို့ ပြော . . ."

"ဟုတ်ကဲ့ မောင့်သဘောပါပဲ. . ."

"ကောင်းပြီ၊ ကဲ ခုချိန်ကစပြီး မောင့်သဘောစတော့မယ်"

"ဟွန်း မောင်နော်. . ."

"ယောဗျာ၊ ဘာတွေအတွေးချော်ပြန်ပြီလဲ၊ မောင်က တစ်အောင့်ကြာရင် နွယ့်မိဘတွေဆီသွားပြီး ကိုအောင့်ဆီကိုပါ သွားမယ်လို့ ပြောမလို့ဟာကို. . ."

"ဟင်း လူလည်၊ ကဲ ဒါဆိုသွားမယ်. . ."

"တစ်အောင့်ကြာရင်လို့ပြောတာ၊ ခုမှမဟုတ်တာ. . ."

"ကြည့်. .လူလည်ကျတာက. . ."

"စိတ်ချ၊ အချစ်ရဲ့အချစ်ကိုရဖို့ပဲ လူလည်ကျမယ်၊ လူလည်ကျမှလည်း အချစ်နဲ့ပေါင်းရမှာမဟုတ်လား၊ နောင်ဆိုရင်တော့ အချစ်ကို မောင် အမြဲအရှုံးပေးမှာပါ. . .



BURMESE CLASSIC .com



မောင့်ဘဝမှာ အချစ်ကသာ အမြဲတမ်းပထမနေရာမှာချည်းပဲရှိမယ်၊ နောင်တို့ရင်သွေးလေးတွေ များများရလာလေ မောင့်အချစ်ကို မောင်က ပိုပိုပြီးအရှုံးပေးလေပေါ့ကွယ်. . ."

"ပြောသေးတာပဲ. . ."

"မယုံဘူးပေါ့. . ."

"ယုံပေါင်. . ."

"ကဲ မယုံရင်လည်း အချိန်ကုန်ခံပြီး မပြောတော့ဘူး၊ အရေးကြီးတာက လွှမ်းခဲ့ရတဲ့ကြားရက်တွေအတွက် လျော်ကြေးအဖြစ်..."

မိုးထက်မြင့်၏စကားသံသည် ထိုနေရာ၌ပင် တိတ်တိတ်ပျောက်သွားရပါတော့၏။ နွယ့်ထံမှလည်း မည်သည့်အသံလေးမျိုးမှ ထွက်ပေါ်လာခြင်းမရှိ။

မှန်သည်။ အချစ်များ၏ သရုပ်ခွဲမှုများသည် ခုချိန်၌ စကားများပြောခြင်းထက် အရာရောက်ဦးမည်တဲ့လား။ ။

ပြီးပါပြီ။


သိင်္ဂါရ ရသအပေါင်းနှင့် ပြည့်စုံကြပါစေ။

စောပြည့်ရတနာ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com